# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၄၆]


**အရိယ သစ္စာန ဒဿနံ**
**တေံမင်္ဂလ မုတ္တမံ**
**သစ္စာလေးပါးကိုသိခြင်းသည်**
**မြတ်သော မင်္ဂလာမည်၏။**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
## ပါပူးဝါးနယူးဂီနီနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သည့် ပါပူးဝါးနယူးဂီနီနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါပူးဝါးနယူးဂီနီနိုင်ငံ ဘုရင်ခံချုပ် ဆာမိုက်ကယ် အိုဂီရိုနှင့် ဝန်ကြီးချုပ် ပီတာ အိုနေးလ် တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
## မက္ကဆီကိုနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင်ကျရောက်သော မက္ကဆီကိုပြည်ထောင်စုနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မက္ကဆီကို ပြည်ထောင်စုနိုင်ငံသမ္မတ မစ္စတာ အန်ရစ်ခ် ပီညာနီတို ထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# ရေနံနှင့်သဘာဝဓာတ်ငွေ့တွင် အာရှကျားတစ်ကောင်ဖြစ်လာဖွယ်ရှိသည့် မြန်မာနိုင်ငံ



**ကျော်သဲအိမ်**

PTT Exploration and Production ကုမ္ပဏီ၏ဒုတိယဥက္ကဋ္ဌ ဝါရာနွန်လာပရာဘန်က စွမ်းအင်စျေးနှုန်းကျဆင်းသွားသော်လည်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက ရေနံစူးစမ်းရှာဖွေမှုကို စတင်လုပ်ဆောင်လိုက်ပြီဖြစ်ရာ မြန်မာနိုင်ငံရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်များမှာ အာရှဒေသ၌ သက်ဝင်လှုပ်ရှားမှု အများဆုံးနေရာဖြစ်လာတော့မည်ဖြစ်ကြောင်း၊ ရေနံစျေးနှုန်းမှာ တဖြည်းဖြည်းမြင့်တက်လာလျက်ရှိရာ ကုမ္ပဏီများအနေဖြင့် ယခု မိမိတို့ရရှိထားသည့် အောင်မြင်မှုကို ထိန်းသိမ်းရန်မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်ရမည်ကို သိရှိရန်လိုကြောင်းဖြင့် မကြာသေးမီကကျင်းပခဲ့သော တတိယအကြိမ်မြောက် အရှေ့တောင်အာရှကမ်းလွန်ထိပ်သီးအစည်းအဝေး ၂၀၁၅ တွင် ပြောကြားသည်။

ထို့အတူ Woodside Energy (Myanmar) ကုမ္ပဏီ၏ ဥာနေမန်နေဂျာ ဒေနီယာလ်က လယ်ရီက ရေနံရှာဖွေရေးစရိတ်စကမှာ စွမ်း အင် စျေးနှုန်းနှင့်အညီ ကျဆင်းသွားတဲ့အတွက် စွမ်းအင်စျေးနှုန်း ကျဆင်းသွားခြင်းသည် *စာမျက်နှာ ၁၀ ကော်လံ ၁* ✳

## စွန့်ပစ်ပလတ်စတစ်ပစ္စည်းများမှ စက်သုံးဆီထုတ်လုပ်နိုင်မှု ပထမဦးဆုံး စွန့်ဦးတီထွင်သူ

**သတင်း ➤ မြတ်မွန်ထွေး(မြန်မာ့အလင်း)**

**မုံရွာ စက်တင်ဘာ ၁၅**

“ပလတ်စတစ်ဖြစ်အောင် တီထွင်နိုင်ရင်ဖျက်ဆီးဖို့လည်း တီထွင်နိုင်ရမယ်လေ။ အဲ့ဒီဖျက်ဆီးတာကနေ လူသားအကျိုးပြုအကျိုးအမြတ်ထွက်အောင် ဘယ်လိုလုပ်ဆောင်မလဲ။ ဒါကိုအခြေခံပြီး စဉ်းစားခဲ့တာပါ။ အင်ဂျင်နီယာ တစ်ယောက်ဖြစ်လို့ အင်ဂျင်နီယာအတွေးတွေးကြည့်ခဲ့တာပါ” ဟု စွန့်ဦးတီထွင်အင်ဂျင်နီယာ တစ်ဦးဖြစ်သူ ဦးသန့်ဇင်ထွန်းက မြန်မာ့အလင်းကို ပြောပြသည်။

ဦးသန့်ဇင်ထွန်းသည် မြန်မာနိုင်ငံအထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၏မြောက်ဘက်မိုင် ၂၀ ခန့်အကွာရှိ ဘုတလင်မြို့သားတစ်ဦးဖြစ်ကာ စက်မှုတက္ကသိုလ်(မန္တလေး)ကျောင်းမှ ၁၉၈၇ခုနှစ်က ဘီအီး(ဓာတုဗေဒ)ဘွဲ့ဖြင့် ကျောင်းပြီးခဲ့သည့် အင်ဂျင်နီယာတစ်ဦးဖြစ်သည်။ ကျောင်းပြီးကတည်းကပင်မိသားစု *စာမျက်နှာ ၈ ကော်လံ ၁* ○

### ယနေ့ ပတ်စရာ

**ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ခေါင်းဆောင်ဆု ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ချီးမြှင့်ခံရ**

စာမျက်နှာ ၄

**သင် မဲစာရင်း ကြည့်ပြီးပြီလား**

စာမျက်နှာ ၆

**ရောဝတီမြစ်ရေ စိုးရိမ်ရေမှတ် ကျော်လွန်နေသော်လည်း စိုးရိမ်စရာမရှိ**

စာမျက်နှာ ၇




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကမ္ဘာမြေနှင့် အိုဇုန်းလွှာ

ကျွန်ုပ်တို့နေထိုင်ရာ ဤမြေကမ္ဘာ၏အထက်၌ ထရိုပို စပီးယား၊ စထရက်တိုစပီးယား၊ အိုဇိုနို စပီးယားနှင့် အိုင်ယွန် နိစပီးယားဟူ၍ လေထုအလွှာကြီးလေးခုရှိရာ ယင်းတို့အနက် အိုဇုန်းဓာတ်ငွေ့များ ပါရှိရာ အိုဇိုနိုစပီးယားအလွှာသည် ကျွန်ုပ်တို့ ကမ္ဘာမြေရှိ သက်ရှိသက်မဲ့အရာအားလုံးအား ခရမ်းလွန်ရောင် ခြည်ကဲ့သို့သော နေမှဖြာဆင်းလာသည့် အန္တရာယ်ဖြစ်စေနိုင်သော အရာများကို ထီးသဖွယ် အကာအကွယ်ပေးထားလေသည်။

ဤအိုဇိုနိုစပီးယားအလွှာအတွင်း အိုဇုန်းဓာတ်ငွေ့အများ အပြားရှိနေရာမှကျရောက်လာနိုင်သည့် ခရမ်းလွန်ရောင်ခြည်များ ကို ပိုမိုစုပ်ယူထားနိုင်လေဖြစ်သည်။ ဤအလွှာအတွင်း အိုဇုန်း ဓာတ်ငွေ့နည်းလာလေ စုပ်ယူနိုင်မှုပမာဏ နည်းလာလေဖြစ်သည်။ အိုဇုန်းလွှာအတွင်း အိုဇုန်းလွှာနည်းပါးလာခြင်းကို အိုဇုန်းလွှာပါး သည်၊ အိုဇုန်းလွှာပေါက်သည်ဟု သိပ္ပံပညာရှင်များက ဆိုကြလေ သည်။

ထိုသို့အိုဇုန်းလွှာပါးခြင်း၊ အိုဇုန်းလွှာပေါက်ခြင်းသည် သဘာဝအလျောက်ဖြစ်သည်မဟုတ်ပေ။ ဤကမ္ဘာမြေပေါ်၌ မှီတင်းနေထိုင်ကြကုန်သော လူသားတို့၏ ပယောဂကြောင့်ဖြစ်ရ သည်ဟု သုတေသီများက ဆိုကြသည်။ တောမီးရှို့ခြင်း၊ ထင်း ခုတ်ခြင်းမှအစ စက်မှုထွန်းကားသောနိုင်ငံများ၌ စက်ရုံ၊ အလုပ်ရုံ တို့မှ တန်ချိန်သန်းပေါင်းများစွာသော ကမ္ဘာကြီးကိုပူနွေးစေသည့် ဖန်လုံအိမ်အာနိသင်ရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ထုတ်လွှတ်နေခြင်းကြောင့်ပင် အိုဇုန်းလွှာကြီးသည် တဖြည်းဖြည်း ပါးရာမှ ပေါက်သည့်အနေအထားသို့ ရောက်ရလေတော့သည်။ ထို့အပြင် စက်မှုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူသုံးကုန်ပစ္စည်း များထုတ်လုပ်ရာတွင် သုံးစွဲသည့် ကလိုရို ဖလူရိုကာဗွန်(စီအက်ဖ်စီ)၊ ဟေလွန်၊ ကာဗွန်တက်တရာကလိုရိုဒ်၊ မီသိုင်းကလိုရိုဖောင်း၊ မီသိုင်းဘရူမိုက်ဒ်၊ ဟိုက်ဒရိုကလိုရို ဖလူရိုကာဗွန်(အိတ်ချ်စီအက်ဖ်) စသောဓာတုပစ္စည်းများသည် အိုဇုန်းလွှာကိုထိခိုက်ပျက်စီးစေနိုင် ပါသည်။ ဤဓာတ်ငွေ့များသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထက် အဆနှစ်ထောင်ပို၍ စွမ်းအားရှိပြီး ဖန်လုံအိမ်အာနိသင် ဖြစ်စေသည့် ဓာတ်ငွေ့များဖြစ်ပါသည်။ ဤသို့ အိုဇုန်းလွှာထိခိုက် ပျက်စီးလာခြင်း အကျိုးဆက်အဖြစ် ကမ္ဘာမြေပေါ်သို့ ခရမ်းလွန် ရောင်ခြည်များကျရောက်မှု တိုးပွားလာလျက်ရှိပါသည်။ မြန်မာ နိုင်ငံတွင် ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အမြင့်ဆုံးအချိန်သည် နွေရာသီကာလတွင် ဖြစ်ပါသည်။ လွန်ခဲ့သည့် မတ်လအတွင်း မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ကျရောက်သော ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းသည် ပျမ်းမျှအားဖြင့် ၁၂ နှင့် ၁၃ ကြားတွင်ရှိပါသည်။ တစ်ခါ တစ်ရံအမြင့်ဆုံးဖြစ်သည့် ဒေသများတွင် ခရမ်းလွန်ရောင် ခြည် အညွှန်းကိန်းသည် ၁၄ အထိ မြင့်တက်တတ်ပါသည်။ ကမ္ဘာ မြေပေါ်သို့ ခရမ်းလွန်ရောင်ခြည်များ ကျဆင်းထိတွေ့မှုအများဆုံး ခံစားရပါက အရေပြားကင်ဆာ၊ မျက်စိတိမ်စွဲရောဂါ၊ ခုခံအား ကျဆင်းခြင်းစသော ရောဂါသည်များပြားလာနိုင်သည့်အပြင် သီးနှံ များ အထွက်နှုန်းကျဆင်းခြင်း၊ အဏ္ဏဝါဂေဟစနစ်များ ပျက်စီး ခြင်းတို့လည်း ဖြစ်ပွားနိုင်ပါသည်။

ဤသို့အိုဇုန်းလွှာပါးလွှာမှုကို လူသားများသတိပြုမိစေရန် ကုလသမဂ္ဂ UNEP အဖွဲ့ကြီးက နှစ်စဉ်စက်တင်ဘာလ ၁၆ ရက် နေ့ကို အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်၍ ဆောင်ပုဒ် တစ်ခုထုတ်ပြန်လျက် အသိပေးလေ့ရှိရာ ယခုနှစ်ဆောင်ပုဒ်သည်ကား "ခရမ်းလွန်ရောင်ခြည်ကာကွယ်ရေး၊ အိုဇုန်းလွှာကို ထိန်းသိမ်းပေး" ဟူ၍ပင် ဖြစ်ပါသည်။ သို့ပါ၍ အိုဇုန်းလွှာထိန်းသိမ်းရေးသည် လူတိုင်းတွင်တာဝန်ရှိပါသည်။ ဖန်လုံအိမ်ဓာတ်ငွေ့များကို ဖြစ်စေသည့် လူသုံးကုန်ပစ္စည်းများ လျှော့ချသင့်သည်။ သစ်တောများ ပြုန်းတီးမှုကို ကာကွယ်ပေးသင့် သည်။ သစ်ပင်သစ်တောများ ရှင်သန်တိုးပွားလာအောင် အားသွန် ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းသင့်ပါကြောင်း။ ။


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၅**

အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ "၀" ဒီမိုကရက်တစ်ပါတီနှင့် ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက် များကို စက်တင်ဘာ ၁၆ ရက်ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်း သတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

(သတင်းစဉ်)

## ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၁၆)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပွဲ (ပထမ)အကြိမ် လုပ်ငန်းညှိနှိုင်း

**ပြည် စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီးတွင် ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၁၆) ကြိမ်မြောက် ဗုဒ္ဓ မြတ်စွယ်တော်မြို့တွင်းသို့ လှည့်လည်အပူဇော်ခံပွဲ အောင်မြင် စွာ ကျင်းပနိုင် ရေးအတွက် ဦးစီးကော်မတီ၏ (ပထမ)အကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာလ ဒုတိယပတ်က ရွှေဆံတော်ရင်ပြင်တော်ရှိ မြတ်စွယ်တော်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးမြဝင်းက ပွဲတော်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရည်ရွယ်ချက်များကိုလည်းကောင်း လုပ်ငန်း ဆပ်ကော်မတီများက မိမိတို့၏ ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

**ထင်သာမြင်သာ**

## သုံးဘီးဂါလီများနှင့် ရေတိုင်ကီများကြောင့် သွားလာရေးအခက်ကြုံ

ရန်ကုန်မြို့ လှိုင်မြို့နယ် (၄) ရပ်ကွက် အေးရိပ်မွန် (၁) လမ်း အေးရိပ်မွန်အိမ်ရာ တိုက်(၁၆)ရှေ့ အများသွားလာသော လမ်းမကြီးဘေး ဝဲ/ယာတွင်သီရိမင်္ဂလာဈေးမှ သုံးဘီး ဂါလီများအား အခကြေးငွေယူ၍ နေ့ည လက်ခံထားရှိခြင်း၊ တိုက်ခန်း လှေကား အဝင်/အထွက် အပေါက်ဝ တွင် ရေတိုင်ကီများချထားပြီး သုံးဘီး ဂါလီသမားများက ရေသုံးခြင်းတို့ ကြောင့် ရေညှိများတက်နေသဖြင့် သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင် မိခင်လောင်းများအတွက် အန္တရာယ် ရှိပြီး ကျောင်းသားကလေးသူငယ်များ မကြာခဏ ချော်လဲမှုများ ဖြစ်ပေါ် လျက်ရှိပါသည်။

ယင်းသုံးဘီး ဂါလီများကြောင့် ကျောင်းကြို/ကျောင်းပို့ကားများမှာ လည်း သွားလာရပ်တန့်ရန် နေရာ



မရှိခြင်း၊ ကိုယ်ပိုင်ကားများမှာလည်း မိမိတို့တိုက်ခန်းရှေ့ ညအိပ်ရပ်နားရန် နေရာမရှိခြင်းနှင့် တိုက်ခန်းသွားလာသူများမှာလည်း အခက်အခဲဖြစ်ပေါ်လျက်ရှိ ပါသဖြင့် သက်ဆိုင်ရာမှ လမ်းသွားလမ်းလာများအဆင်ပြေစေရန်အတွက် အမြန်ဆုံးရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **(အမြင်မတော်သူ)**

## လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

**မိုးမောက် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံလူကုန်ကူးမှု တိုက် ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအား ဖြင့် မိုးမောက်မြို့ မိုးမောက်-လွယ်ဂျယ်ကားလမ်းဘေး ဇောတိ ရှမ်းကျောင်းရှေ့၌ စက်တင်ဘာ ဒုတိယပတ်က လူကုန်ကူးမှုတားဆီး ကာကွယ်ရေး အသိပညာပေးဆိုင်း ဘုတ်စိုက်ထူပွဲကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး တပ်စိတ် (၂) လွယ်ဂျယ်မှတပ်ဖွဲ့ စိတ်မှူး ဒုရဲမှူး အောင်လွင်နှင့် ဖွံ့/ ထောက်ဥက္ကဋ္ဌ ဦးလဇိန်ဘရန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေမွန်းသော မွေးကင်းစကလေးအား အသက်ရှူကူညီပြုစုခြင်း နည်းပြသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၅**

နိုင်ငံတစ်ဝန်း မွေးကင်းစ ကလေး သေနှုန်း၊ အသက် ငါးနှစ် အောက် ကလေးသေဆုံးမှု များပြား နေဆဲဖြစ်ကြောင်း၊ မွေးကင်းစကလေး သေဆုံးရသည့် အဓိကအကြောင်းရင်း များထဲတွင် မွေးချိန်ကြာမြင့်၍ ရေမွန်း အသက်ရှူခက်ပြီး သေဆုံးမှုက အများ ဆုံးဖြစ်ကြောင်း၊ ဤသင်တန်းမှ ရရှိ သော ပညာများကိုလက်တွေ့အသုံးချ ၍ မွေးကင်းစကလေးများ ရှင်သန်ရေး အတွက် ကြိုးပမ်းရမည်ဖြစ်ကြောင်း စက်တင်ဘာလဒုတိယပတ်က ပျဉ်းမနား ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီး၌ ဖွင့် လှစ်သည့် ရေမွန်းသော မွေးကင်းစ ကလေးအား အသက်ရှူကူညီပြုစုခြင်း နည်းပြသင်တန်းတွင် နေပြည်တော် ကောင်စီနယ်မြေ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်လှလှကြည်က ပြော ကြားသည်။

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

အဆိုပါ ဖွင့်ပွဲတွင် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးမှ ကလေးအထူး ကု ဆရာဝန်ကြီး ဒေါက်တာခင်ဆွေဦး က သင်တန်းနှင့်ပတ်သက်သည်များ ကို ရှင်းလင်းပြောကြားပြီး ပျဉ်းမနား ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးဆေးရုံ အုပ်ကြီး ဒေါက်တာ ကျော်မြင့်က သင် တန်းတွင် ပို့ချချက်များကို မိမိတို့ နယ်မြေဒေသတွင် သင်တန်းပြန်လည် ဖွင့်လှစ်၍ပို့ချသွားရန်မှာကြားခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၂၇၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၄ |
| ဥရောပ | တစ်ယူရို | ၁၄၅၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂.၂၂ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၇ |
| တရုတ် | တစ်ယွမ် | ၂၀၁.၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆ |

ခင်ရတနာ-စုစည်းသည်။

၇-၉-၂၀၁၅ မှ ၁၀-၉-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၂၁ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၈၇ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# ပါတီစုံဒီမိုကရေစီစနစ် အမှန်တကယ်ဖြစ်ထွန်းအောင်မြင်အောင် နိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်ကြရမည်

**နေပြည်တော် စက်တင်ဘာ ၁၅**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိမ်း၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီ၊ ကော်မရှင်ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် လွှတ်တော်ရုံးမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာ၌ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အနက်မှ ဒီမိုကရေစီစနစ်ကို ခံယူကျင့်သုံးလျက်ရှိကြသည့် နိုင်ငံအသီးသီးတွင် ၂၀၀၈ ခုနှစ်ကစပြီး နှစ်စဉ် စက်တင်ဘာ ၁၅ ရက်နေ့တိုင်း အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားများ ကျင်းပပြုလုပ်လျက် ရှိကြပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကူးပြောင်းကျင့်သုံးခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ဦးဆောင်မှုဖြင့် နှစ်စဉ်ကျင်းပပြုလုပ်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၅)ကြိမ်မြောက်ရှိပြီဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂ(IPU)က သတ်မှတ်ရွေးချယ်ထားသည့် ဆောင်ပုဒ်မှာ "Public Participation for Democracy" ဖြစ်ပြီး "ဒီမိုကရေစီအရေးအတွက် ပြည်သူများ ပါဝင်ဆောင်ရွက်"ဟု ဖွင့်ဆိုနိုင်ပါကြောင်း။

မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ၂၀၁၁ ခုနှစ်ကစပြီး အေးချမ်းညင်သာစွာ အသွင်ကူးပြောင်းကျင့်သုံးနိုင်ခဲ့ပါကြောင်း၊ မိမိတို့ကိုယ်တိုင်ယုံကြည်ပြီး လက်ခံကျင့်သုံးနေပြီဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ် အမှန်တကယ်ဖြစ်ထွန်းအောင်မြင်အောင်၊ ဆက်လက်ရှင်သန်ခိုင်မာအောင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ပိုမိုတိုးတက်အကောင်အထည်ဖော်နိုင်အောင် "ဒီမိုကရေစီအရေးအတွက် ပြည်သူများပါဝင်ဆောင်ရွက်"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားအားလုံးက ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခုအခမ်းအနားမှတစ်ဆင့် ပြည်သူလူထုအတွင်း သိရှိပျံ့နှံ့စေရန်နှင့် လက်တွေ့ပါဝင် ဆောင်ရွက်နိုင်




စေရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံမှ ပေးပို့သည့်သဝဏ်လွှာကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းကလည်းကောင်း၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာနှင့် အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂ Inter-Parliamentary Union(IPU)၏ ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် သတင်းထုတ်ပြန်ချက်တို့ကို တာဝန်ရှိသူများ ကလည်းကောင်း ဖတ်ကြားကြသည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားနှင့် စပ်လျဉ်း၍ "ကျောင်းသားလူငယ်များ၊ မြန်မာပြည်သူ့ဖိုရမ်၏ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ခနိုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၊ ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသား ဒီမိုကရေစီပါတီသစ်၊ တအာင်း(ပလောင်) အမျိုးသားပါတီ၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်)၊ ကရင်ပြည်သူ့ပါတီ၊ 'ဝ' ဒီမိုကရက်တစ်ပါတီ၊ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၊ ချင်းတိုးတက်ရေးပါတီ၊ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၊ ရခိုင်အမျိုးသားပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ရှမ်းတိုင်းရင်းသား ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ" တို့၏ စာတမ်းများကို စာတမ်းရှင် ၂၂ ဦးက ဖတ်ကြားကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် သံတမန်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂ Inter- Parliamentary Union(IPU) က ဒီမိုကရေစီကြေညာစာတမ်းထုတ်ပြန်ခဲ့သည့် ၁၉၉၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်ကို ဂုဏ်ပြုသည့်အနေဖြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြသည်။

ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးလျက်ရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံများကို ဂုဏ်ပြုရန်၊ အုပ်ချုပ်ရေးအစိုးရ အဖွဲ့များအနေဖြင့် ဒီမိုကရေစီကျင့်စဉ်များကို အားပေးမြှင့်တင်နိုင်ရန်၊ ပြည်သူများအကြား ဒီမိုကရေစီစိတ်ဓာတ်အစဉ် ရှင်သန်နိုးကြားနေစေရန်၊ ဒီမိုကရေစီကျင့်စဉ် ပြုပြင်ပြောင်းလဲမှုများကို နောင်အနာဂတ်ကာလတွင်ပါ အစဉ်အမြဲ လုပ်ဆောင်ကြနိုင်စေရန် ရည်ရွယ်၍ နှစ်စဉ် စက်တင်ဘာ ၁၅ ရက်ကို အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အဖြစ်သတ်မှတ်၍ နိုင်ငံအလိုက် အထိမ်းအမှတ် အခမ်းအနားများ ပြုလုပ်ကြရန် ၂၀၀၇ ခုနှစ် (၆၂)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## စွမ်းရည်မြှင့်တင်ရေး သင်တန်းများပေးနိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာ အရေးကြီးသတင်းများ ပေးပို့ဖလှယ်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းအား အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ (INTERPOL) ဆက်သွယ်ရေးနှင့် နည်းပညာဌာနမှ Mrs. Rosalind OBERS ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့မှ စက်တင်ဘာ ၁၅ ရက် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲချုပ်၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံမှုသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲဦးစီးအရာရှိချုပ်၊ ရဲရေးချုပ်၊ ရဲထောက်ချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှူးတို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ အင်တာပိုလ် ဆက်သွယ်ရေးဌာန National Central Bureau – NCB ၏ လုပ်ငန်းတာဝန်များအား ပိုမိုတိုးတက်စေရေး၊ စွမ်းရည်မြှင့်တင်ရေး သင်တန်းများပေးနိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာ အရေးကြီးသတင်းများ ပေးပို့ဖလှယ်ရေးကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ (၁)တွင် သက်ဆိုင်ရာ ဌာန/တပ်ဖွဲ့အသီးသီးမှ တာဝန်ရှိသူ ရဲအရာရှိကြီးများနှင့် အစည်းအဝေး ကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မက္ကဆီကိုနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင်ကျရောက်သော မက္ကဆီကိုပြည်ထောင်စုနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မက္ကဆီကို ပြည်ထောင်စုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ကလောဒီရာ ရုစ်ဇ်မက်စီယူဆာလီနာစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပါပူးဝါးနယူးဂီနီနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ပါပူးဝါးနယူးဂီနီနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပါပူးဝါးနယူးဂီနီနိုင်ငံ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ရင်ဘင့်ပေတို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

◆ *ကျော့ဖုံးမှ*

လက်ကျန်သုံးပွဲမှာ ဂျော်ဒန်အသင်းထက် ပိုမိုကောင်းမွန်သည့် အသင်းများနှင့် ကစားရမည်ဖြစ်ရာ ပွဲစဉ်တိုင်းက အရေးပါလျက်ရှိသည်။ မြန်မာအသင်းနှင့်ကစားရမည့် ထိုင်းအသင်းမှာပထမနေ့တွင် ကစားရခြင်းမရှိဘဲ ယခုမှပွဲဦးထွက်ပွဲကစားရခြင်းဖြစ်သည်။

မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့မှာ လက်ရှိအာဆီယံ အမျိုးသမီးဘောလုံးလောက၏ ထိပ်သီးအသင်းများဖြစ်ပြီး ထိုင်းအသင်းမှာ ယခုနောက်ပိုင်းနှစ်များတွင် အောင်မြင်မှုများ ပိုမိုရရှိလာခဲ့သည်။ ၂၀၁၅ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲကို အာဆီယံနိုင်ငံများထဲမှ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သလို ၂၀၁၅ အာဆီယံအမျိုးသမီး ပြိုင်ပွဲဗိုလ်လုပွဲတွင် မြန်မာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုရရှိထားသည်။ မြန်မာအမျိုးသမီးအသင်းနှင့်ထိုင်း အမျိုးသမီးအသင်းတို့သည် ယခုခြေစစ်ပွဲကျင်းပနေသည့် မန္တလာသီရိကွင်း၌ ဒုတိယအကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး ပထမအကြိမ်တွေ့ဆုံခဲ့သည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲဆီမီးပွဲစဉ်တွင် မြန်မာအသင်းမှာ ပယ်နယ်တီအဆုံးအဖြတ်၌ ရှုံးနိမ့်ခဲ့သည်။ ယင်းအတွက်ကြောင့် မြန်မာအသင်းမှာယနေ့ပွဲ၌ ထိုင်းအသင်းကို ရှုံးကြွေးပြန်ဆပ်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီး အသင်းအတွက် တတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ရန် အရေးပါသည့် ထိုင်းအသင်းနှင့်ပွဲတွင် ရလဒ်ကောင်းရရှိရန်လိုအပ်နေပြီး မြန်မာဘောလုံးပရိသတ်၏ အားပေးမှုများ အရေးပါလျက်ရှိသည်။ မြန်မာအသင်း ထိုင်းကိုရှုံးကြွေးပြန်ဆပ်နိုင်ရန် မန္တလေးမြို့မှ မြန်မာဘောလုံးပရိသတ်များ၏ ကွင်းလုံးပြည့်အားပေးရန် လိုအပ်နေပေသည်။

✻ *ကျော့ဖုံးမှ*

လေးလမ်းသွားမှာ ၁၃ မီတာရှိပြီး တံတားအကျယ် နှစ်လမ်းသွားမှာ ခုနစ်မီတာရှိသည့် မော်တော်ယာဉ်တစ်စီးချင်း တံတားခံနိုင်ဝန် အလေးချိန်မှာ ၇၅ တန် ခံနိုင်ရည်ရှိပြီး တံတားကင်းလွတ်အမြင့်မှာ ၁၆ ပေ ရှိကြောင်း သိရသည်။

တာမွေလမ်းဆုံ ခုံးကျော်တံတား သစ်စီမံကိန်းအား တစ်နှစ်ခွဲအတွင်း အပြီးသတ် တည်ဆောက်သွားမည်ဖြစ်ပြီး ခုံးကျော်တံတားသစ်စီမံကိန်းအား ပြီးခဲ့သည့် စက်တင်ဘာ ဒုတိယအပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

# မဲလ်ကွန်းတန်းဘူးလ် ဩစတြေးလျဝန်ကြီးချုပ်သစ်အဖြစ်ကျမ်းသစ္စာကျိန်ဆို

**ကန်ဘာရာ စက်တင်ဘာ ၁၅**

လစ်ဘရယ်ပါတီ ခေါင်းဆောင်သစ် မဲလ်ကွန်းတန်းဘူးလ်သည် ဩစတြေးလျနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် စက်တင်ဘာ ၁၅ ရက်က ကျမ်းသစ္စာ ကျိန်ဆိုလိုက်ပြီဖြစ်သည်။

စက်တင်ဘာ ၁၄ ရက်ညက ပါတီတွင်း လျှို့ဝှက်မဲပေးခြင်းဖြင့် ဩစတြေးလျနိုင်ငံ၏ ယခင်ဆက်သွယ်ရေးဝန်ကြီးဟောင်းသည် လစ်ဘရယ်ပါတီခေါင်းဆောင် လက်ရှိဝန်ကြီးချုပ် တိုနီအက်ဘော့ဂ်ကို အနိုင်ရရှိခဲ့ပြီးနောက် ဝန်ကြီးချုပ်ရာထူးကို လက်ခံရရှိခဲ့သည်။

တန်းဘူးလ်က ၎င်းသည် အမှန်တကယ် အနှစ်သာရရှိသည့် လစ်ဘရယ်အစိုးရ ပေါ်ပေါက်ရေးအတွက် ဥပဒေပြုအမတ်များနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရလိမ့်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

စက်တင်ဘာ ၁၄ ရက်ညရွေးကောက်ပွဲကို အာဏာသိမ်းမှုတစ်ခုအပြင် သတင်းမီဒီယာများက ဖော်ပြခဲ့သောကြောင့် တန်းဘူးလ်က ၎င်း၏ပါတီတွင် ပဋိပက္ခများမဖြစ်ပေါ်ရန် တိုက်တွန်းပြောဆိုခဲ့သည်။

တန်းဘူးလ်သည် ၎င်း၏အစိုးရသစ်ကို ယခုအပတ်ထက် စောနိုင်သမျှ အစောဆုံးဖွဲ့စည်းနိုင်ရန် မျှော်လင့်ထားသည်။ **(အင်န်အိတ်ချ်ကေ)**





# ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ခေါင်းဆောင်ဆု ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ချီးမြှင့်ခံရ

**ဂျီနီဗာ စက်တင်ဘာ ၁၅**

ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ်(ယူအင်န်အီးပီ)က ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာကို ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ခေါင်းဆောင်မှုဆုချီးမြှင့်ကြောင်း ကြေညာခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လူဦးရေ ၁၅၉ သန်းနေထိုင်သော ကမ္ဘာ့လူဦးရေထူထပ်သောနိုင်ငံတစ်ခုဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကို အများဆုံးခံရသောနိုင်ငံဖြစ်သည်။ ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်သော ရှိတ်ဟာဆီနာသည် ရာသီဥတုပြောင်းလဲမှုအပေါ် စိတ်အားကိုယ်အားနှစ်မြုပ်ထားခဲ့ကာ လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်စွမ်းဆောင်နိုင်ခဲ့သူဖြစ်ကြောင်း ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် (ယူအင်န်အီးပီ)က ၎င်း၏ကြေညာချက်တွင် ဖော်ပြခဲ့သည်။

အနာဂတ်ရည်မျှော်စွန့်ဦးကြံဆောင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများပြားစွာ နိုင်ငံအတွင်း လုပ်ဆောင်နေသော်လည်း ဖွံ့ဖြိုးမှု၏အဓိက အတားဆီးကြီးမှာ ရာသီဥတုပြောင်းလဲခြင်းပင်ဖြစ်ကြောင်း ယူအင်န်အီးပီ အမှုဆောင်ညွှန်ကြားရေးမှူး အချင်းမ်စတိန်နာက ပြောခဲ့သည်။

ဟာဆီနာသည် ခေါင်းဆောင်မှုအပိုင်းနှင့်၎င်း၏တိုးတက်ရေးအမြင်များကို ရာသီဥတုပြောင်းလဲခြင်းတွင်သာမက နိုင်ငံ၏တိုးတက်ရေးတွင်ပါဖော်ဆောင်နိုင်သောကြောင့် ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ **(ပီတီအိုင်)**

# ဂျပန်ရေလွှမ်းမိုးမှုကြောင့် ပျောက်ဆုံးသူ ၁၅ ဦးပြန်လည်တွေ့ရှိ

**တိုကျို စက်တင်ဘာ ၁၅**

အစ်ဘာရာကီစီရင်စု ဂျိုစိုမြို့တွင် လွန်ခဲ့သောအပတ်က ရေကြီးမှုဖြစ်ပွားပြီးနောက်လူ ၁၅ ဦးအဆက်အသွယ်ပြတ်တောက်သွားခဲ့ကာ ၎င်းတို့ကို စက်တင်ဘာ ၁၅ ရက်က ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း အစ်ဘာရာကီစီရင်စုမှ အရာရှိများက ပြောခဲ့သည်။

မိုးသည်းထန်စွာရွာသောကြောင့် ကီနူဂါဝါမြစ်ရေမြင့်တက်ပြီး ကမ်းပါးကျိုးပေါက်ခဲ့ကာ မြို့၏နေရာဒေသအတော်များများတွင် ရေလွှမ်းမိုးမှုများ စက်တင်ဘာ ၁၀ ရက်က ဖြစ်ပွားခဲ့သည်။

ပျောက်ဆုံးသူ ၁၅ ဦး၏ မိသားစုဝင်များက ၎င်းတို့ကို ပြန်လည်ရှာဖွေရန် မြို့တော်အရာရှိများကို အကူအညီတောင်းခံခဲ့ကြောင်း ၎င်းအရာရှိများက ပြောသည်။ အစ်ဘာရာကီစီရင်စု ဘေးအန္တရာယ်တုံ့ပြန်မှုအသင်းက ရဲများသည် တစ်အိမ်တက်ဆင်း လိုက်လံစာရင်းကောက်စစ်ဆေးမှုများပြုလုပ်ခြင်းသာမက ဖုန်း ခေါ်ဆိုမှုတို့ကို ပြုလုပ်ခဲ့ရာ ရေလွှမ်းမိုးမှုကြောင့် ပျောက်ဆုံးနေသူ ၁၅ ဦးကို ပြန်လည်ရှာတွေ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# အီတလီနှင့် ဂရိနိုင်ငံတို့မှ ရွှေ့ပြောင်းဒုက္ခသည်များအား အီးယူနိုင်ငံများ ခွဲဝေလက်ခံရန် သဘောတူညီ



**ဘရပ်ဆဲလ် စက်တင်ဘာ ၁၅**

ဥရောပသမဂ္ဂ (အီးယူ)ဝန်ကြီးများသည် တနင်္လာနေ့က ဘရပ်ဆဲလ်၌ကျင်းပသော အရေးပေါ်အစည်းအဝေးတစ်ရပ်တွင် အီတလီနှင့် ဂရိနိုင်ငံတို့မှ ရွှေ့ပြောင်းဒုက္ခသည် ၄၀၀၀၀ အား ခွဲဝေယူကြရန် သဘောတူလိုက်သည်။

အီးယူဝန်ကြီးများသည် အီတလီနှင့် ဂရိနိုင်ငံတို့တွင် အစီအမံများ ချမှတ်၍ ရွှေ့ပြောင်းနေထိုင်သူ ဒုက္ခသည်များအား ခွဲဝေလက်ခံပေးရန် သဘောတူညီလိုက်ကြောင်း ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ တရားရေးနှင့် ပြည်ထဲရေးကောင်စီ၏ ကြေညာချက်တွင် ဖော်ပြသည်။ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၅ ရက်မှ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်အထိ နိုင်ငံတကာ အကာအကွယ်လိုအပ်နေသော လူပေါင်း ၄၀၀၀၀ တို့သည် ဥရောပသို့ နေထိုင်ခွင့်လျှောက်ထားခြင်းကို ခွင့်ပြုမည်ဟုဆိုသည်။ "ကျွန်တော့်အနေနဲ့ ဒီကောင်စီရဲ့ ဆုံးဖြတ်ချက်ကို ဝမ်းမြောက်စွာ ကြိုဆိုပါတယ်"ဟု ရွှေ့ပြောင်းနေထိုင်သူများနှင့် ခိုလှုံသူများဆိုင်ရာ ဝန်ကြီးလည်းဖြစ်၊ ကောင်စီဥက္ကဋ္ဌလည်း ဖြစ်သည့် ဂျင်းအက်ဆဲဗွန်းလူဇင်ဘော့က ပြောသည်။

ရွှေ့ပြောင်းဒုက္ခသည် ခွဲဝေရေးတွင် ပါဝင်သော အီးယူနိုင်ငံများ အနေဖြင့် ပြန်လည်နေရာချထားပေးရမည့် တစ်ဦးစီအတွက် ထောက်ပံ့ငွေ ယူရို ၆၀၀၀ (အမေရိကန်ဒေါ်လာ ၆၇၈၄ ဒေါ်လာ) ရရှိကြမည်ဖြစ်သည်။ သို့ရာတွင် ဒိန်းမတ်နှင့် ယူကေတို့က အဆိုပါ ဆုံးဖြတ်ချက်တွင် မပါဝင်ဟုဆိုသည်။ လွန်ခဲ့သော သီတင်းပတ်များက ရွှေ့ပြောင်းနေထိုင်သူအများအပြားသည် ဥရောပသို့ ခိုလှုံဝင်ရောက်လာကြသည်။ **(ဆင်ဟွာ)**

# အီရန်အထွတ်အထိပ်ခေါင်းဆောင် ထိန်းချုပ်ထားသော စီးပွားရေးကော်ပိုရေးရှင်းနိုင်ငံခြားတွင် ဘဏ်အကောင့်ဖွင့်နိုင်မည်




**ဝါရှင်တန် စက်တင်ဘာ ၁၅**

အီရန်နှင့်အင်အားကြီးနိုင်ငံများအကြား သမိုင်းတွင်စေမည့် နျူကလီးယား သဘောတူညီမှုကို အကောင်အထည်မဖော်ရသေးသော်လည်း အောင်မြင်မှု သရဖူဆောင်းသူတစ်ဦး ပေါ်ထွက်လာခဲ့သည်။ ၎င်းမှာ အီရန်နိုင်ငံ၏ အမြင့်ဆုံး ဩဇာတိက္ကမရှိသည့် အထွတ်အထိပ်ခေါင်းဆောင် အရာတိုလာဟ်အလီခါမီနေးဖြစ်သည်။

ခါမီနေးသည် နျူကလီးယား သဘောတူညီမှုကို လူသိရှင်ကြားထောက်ခံမှု မလုပ်သေးပေ။ ၎င်းသဘောတူညီမှုသည် အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ဖယ်ရှားပေးမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် နျူကလီးယားအစီအစဉ်အပေါ် ကန့်သတ်မှုများ ထားရှိမည်ဖြစ်သည်။ သို့သော် ခါမီနေးသည် အကျိုးအမြတ်ရရှိရေးအတွက်သာ ရပ်တည်ခဲ့သည်။

လွန်ခဲ့သောအပတ်က ကွန်ဂရက်အတွင်း အဟန့်အတားကြီးတစ်ရပ် ရှင်းလင်းဖယ်ရှားပြီးနောက် အဆိုပါ သဘောတူညီမှုသည် အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပြီး ဆီတက်ဒ်အပေါ် အမေရိကန်နိုင်ငံ၏ ဒုတိယအရေးယူပိတ်ဆို့မှုများကို ဖယ်ရှားပေးမည်ဖြစ်သည်။ ဗီယင်နာတွင် ဇူလိုင်လက လက်မှတ်ရေးထိုးခဲ့သော နျူကလီးယား သဘောတူညီမှုက ဆီတက်ဒ်ကို သတ်မှတ်ပြဌာန်းသော နိုင်ငံများ၏ ဘဏ္ဍာရေးစာရင်း (အက်စ်ဒီအင်န်)မှ ဖယ်ထုတ်ပေးလိမ့်မည်ဖြစ်ပြီး စီးပွားရေးကော်ပိုရေးရှင်းကြီးများသည် နိုင်ငံခြားတွင် ဘဏ်အကောင့်ဖွင့်နိုင်ခွင့်ရရှိမည်ဖြစ်သည်။

**(ရိုက်တာ)**

# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအား လူမှုအကျိုးပြုလုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆု ပေးအပ်ချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၁၅**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် "Euromoney" အဖွဲ့ကြီးက ကမ္ဘောဇဘဏ်အား 'Best Bank in Myanmar 2015' ဆုနှင့် ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းအား လူမှုအကျိုးပြု လုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆု 'Euromoney Achievement Award for CSR' ပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် ညနေ ၇ နာရီ တွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဦးကျော်လွင်နှင့် ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် ဒေါ်စုစုလှိုင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ၊ ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း နာယက ဦးအောင်ကိုဝင်း၊ ကမ္ဘောဇဘဏ်လီမိတက် အမှုဆောင် ဒါရိုက်တာနှင့် ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းခမ်းနောင်၊ Euromoney အဖွဲ့အစည်းမှ အာရှဒေသဆိုင်ရာ တာဝန်ခံ Mr. Marcus Langston၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်များနှင့် ဘဏ်ကိုယ်စားလှယ်ရုံးများမှ တာဝန်ခံများ၊ နိုင်ငံခြား အာမခံကိုယ်စားလှယ်ရုံးများမှ တာဝန်ခံများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း စတင်ဖွဲ့စည်းခဲ့သည့် ၂၀၀၇ ခုနှစ်မှ စ၍ ယနေ့အထိ လူမှုအကျိုးပြုဆိုင်ရာ ဆောင်ရွက်ချက်များကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းပြသပါသည်။

ထို့နောက် "Euromoney Achievement Award for CSR 2015" ဆုရွေးချယ်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သည့် ရှမ်းပြည်နယ်ရှိ ရေရှားပါးဒေသများတွင် အဝီစိတွင်းများ အမြောက်အမြား အောင်မြင်စွာတူးဖော်နိုင်ခဲ့သည့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ 'Water Project' စီမံကိန်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ကမ္ဘောဇကုမ္ပဏီများအုပ်စု အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးညီမြင့်က ရှင်းလင်းပြောကြားပြီး မှတ်တမ်းတင် ဗီဒီယိုရိုက်ကူးထားမှုများအား ပြသသည်။

ယင်းနောက် Euromoney မှ အာရှဒေသဆိုင်ရာတာဝန်ခံ Mr. Marcus Langston က ကမ္ဘောဇဘဏ်အား ဆုများပေးအပ်ချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆုများကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသောရေကြီးရေလျှံမှုများအတွက် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို Power Point ဆလိုက်များ၊ ဗီဒီယိုမှတ်တမ်းများဖြင့် ရှင်းလင်းတင်ပြသည်။

ကမ္ဘောဇဘဏ်အား 'Best Bank in Myanmar 2015' ဆုကိုချီးမြှင့်ခြင်းမှာ မြန်မာနိုင်ငံတွင်ကမ္ဘောဇဘဏ်သို့ အများပြည်သူမှ ယုံကြည်စွာဖြင့်ထားရှိသောအပ်ငွေ (Deposit) ပမာဏနှင့် ဝန်ဆောင်မှုမှရရှိသော ဝင်ငွေနှင့် အမြတ်ငွေများ အမြင့်မားဆုံးဖြစ်ခြင်း၊ ဘဏ်ခွဲများအများဆုံးတိုးချဲ့ဖွင့်လှစ်နိုင်ခြင်း၊ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးဖြင့် ပြည်သူများအား အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ခြင်း၊ ဘဏ်လုပ်ငန်းကဏ္ဍအတွက် လူစွမ်းအား အရင်းအမြစ်များပြားစွာ ပြုစုပျိုးထောင်ပေးနိုင်ခြင်း၊ ခေတ်မီ Oracle Flexcube Centralized Core Banking System ဖြင့် ဘဏ်ခွဲများတစ်ခုနှင့် တစ်ခုချိတ်ဆက်ပြီး ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများကို အချိန်တိုအတွင်း တိကျလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ခြင်း၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေ အများဆုံး သယ်ပိုးထမ်းဆောင်နိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘောဇဘဏ်နှင့် ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ၂၀၀၇ ခုနှစ်မှ လက်ရှိအချိန်ကာလအထိ စုစုပေါင်းကျပ်ငွေ ၉၆ ဘီလီယံကျော် အကုန်အကျခံကာ နိုင်ငံနှင့် ပြည်သူများအတွက် လူမှုအကျိုးပြု လုပ်ငန်းများစွာတို့ ထိရောက်စွာ ဆောင်ရွက်ခဲ့ခြင်းကြောင့် Euromoney မှ 'Euromoney Achievement Award for CSR' ဆုကို ချီးမြှင့်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြို့ပြ၊ အိမ်ရာ၊ အဆောက်အအုံနှင့် စက်မှုဇုန်နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးလက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၁၅**

ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ မြေနှင့်အိမ်ရာကော်ပိုရေးရှင်းတို့သည် မြို့ပြ၊ အိမ်ရာ၊ အဆောက်အအုံနှင့် စက်မှုဇုန်နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်များတွင် မူဝါဒဖလှယ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့အား ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. LEE BAEK SOON တို့က အမှာစကားပြောကြားသည်။

၄င်းနောက် ကိုရီးယားသမ္မတနိုင်ငံ မြေနှင့်အိမ်ရာကော်ပိုရေးရှင်းမှ CEO,Mr.LEE JAI YEONG က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ မြေနှင့်အိမ်ရာ ကော်ပိုရေးရှင်းမှ CEO, Mr.LEE JAI YEONG တို့က နားလည်မှုစာချွန်လွှာ(MoU)အား နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးပေးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယနေ့ကျင်းပသည့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းဖြင့် နည်းပညာအတွေ့အကြုံနှင့် သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်ရှိ သတင်းအချက်အလက်များ ဖလှယ်နိုင်ခြင်း၊ ကိုရီးယား-မြန်မာနှစ်နိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးကြီးထွားလာမှုကို အရှိန်အဟုန်မြှင့်တင်နိုင်ခြင်း၊ မြို့ပြနှင့်ဒေသ လူနေမှုအဆင့်အတန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# (၆၈)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ကော်မတီစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၁၅**

(၆၈)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ကော်မတီအစည်းအဝေးကို တီမောလက်စ်တေနိုင်ငံ ဒီလီမြို့တွင် စက်တင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**

မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက ဒီလီမြို့ Dili Convention Centre ၌ ကျင်းပသော (၆၈)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါဖွင့်ပွဲ အခမ်းအနားသို့ တီမောလက်စ်တေနိုင်ငံ ဝန်ကြီးချုပ် H.E.Dr.Rui Maria de Araujo တက်ရောက် အမှာစကားပြောကြားခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr.Poonam Khetrapal Singn တီမောလက်စ်တေနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E.Dr.Maria do Ceu Sarmento Pina da Costa တို့က အမှာစကားပြောကြားသည်။

(၆၈)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ကော်မတီအစည်းအဝေးကို နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ မွန်းလွဲပိုင်း၌ ပူးတွဲအစီအစဉ်တစ်ရပ်အဖြစ်ကျင်းပသော ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှု တိုက်ဖျက်ရေး အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာ ဝန်ကြီးအဆင့် ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲမှုတိုက်ဖျက်ရေးလုပ်ငန်းများအား ပါဝင်ရှင်းလင်းဆွေးနွေးသည်။

စက်တင်ဘာ ၈ ရက်နှင့် ၉ ရက်တွင် ကျန်းမာရေးလူ့စွမ်းအားစု အရည်အသွေး မြှင့်တင်ရေးဆိုင်ရာ ဝန်ကြီးအဆင့် ဆွေးနွေးပွဲနှင့် ရေရှည်တည်တံ့စေသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကျန်းမာရေးရည်မှန်းချက်များနှင့် စပ်လျဉ်းသည့် ဝန်ကြီးအဆင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေး တက်ရောက်သည်။

ဒေသဆိုင်ရာ ကော်မတီအစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရန်ပုံငွေ ခွဲဝေသုံးစွဲရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ တိုးတက်အောင်မြင်မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား လူတိုင်းလက်လှမ်းမီစေရေး ပြင်ဆင်ဆောင်ရွက်မှုများ၊ လူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဝက်သက်ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်များ၊ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများနှင့် ကင်ဆာရောဂါများ ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးပြောကြားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပူးတွဲဆွေးနွေးပွဲဖြစ်သော ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲကိုလည်း တက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၁၅**

မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ အထွေထွေအုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ တတိယအကြိမ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မိုးလွင်က နိုင်ငံတော် ဒုတိယသမ္မတပြောကြားသည့် မိန့်ခွန်းအားဖတ်ကြားပြီး မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးလှုပ်ရှားဆောင်ရွက်မှု ဗီဒီယိုကလစ်ပြသခြင်းနှင့် မှတ်တမ်းဓာတ်ပုံ ပိုစတာများကို ပြသခဲ့သည်။

ရင်ငြိမ်းပန်း(လွယ်ဂျယ်)



မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုလဲပြည်သူ့ဆေးရုံကြီးဝင်းအတွင်းအပြင် ချုံနွယ်ပေါင်းမြက်များ ၊ မြက်ရိုင်းများ၊ အမှိုက်သရိုက်များ၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းရွှေ ဦးဆောင်သောအဖွဲ့သည် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က စုပေါင်းသန့်ရှင်းရေးလုပ်အားပေး ဆောင်ရွက်စဉ်။ ဉာဏ်ဟိန်း(အင်းစိန်)

# အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ဥပဒေပညာရှင်နှင့် ဥပဒေရေးရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)မှ ဥပဒေပညာရှင် Ms.Kimberly Brooks ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဥပဒေသစ်ပြင်ဆင်ရေးဆွဲနိုင်ရေးကိစ္စ အကောင်အထည်ဖော်ရေးဆွဲမည့် Tax Administration Procedures Law ပြင်ဆင်ရေးဆွဲရာ၌ ဥပဒေပိုင်းဆိုင်ရာ အကူအညီများပေးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



## အပူပိုင်းမုန်တိုင်း ဗမ်ကို ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့

**နေပြည်တော် စက်တင်ဘာ ၁၅**

ထူးခြားသည့် အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဗီယက်နမ်နိုင်ငံ တောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော အပူပိုင်းမုန်တိုင်း "ဗမ်ကို" (Vamco)သည် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ကာ အနောက်ဘက်သို့ ဆက်လက် ရွေ့လျားလျက်ရှိသည်။

**(မိုး/ဇလ)**

# မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းအတွက် မြေယာလျော်ကြေးနှင့် ပြန်လည်နေရာချထားရေး ညှိနှိုင်းဆောင်ရွက်ရေးကော်မတီစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၁၅**

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားတည်ဆောက်ရေး စီမံကိန်းအတွက် မြေယာလျော်ကြေးနှင့် ပြန်လည်နေရာချထားရေး ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်ရေး စီမံကိန်းအတွက် မြေယာလျော်ကြေးနှင့် ပြန်လည်နေရာချထားရေး ညှိနှိုင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က အမှာစကားပြောကြားရာတွင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတား စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကိုရီးယားသမ္မတနိုင်ငံ အစိုးရအနေဖြင့် ဒေါ်လာ ၆၈၀၀၀၀ (Grant Aid) အထောက်အပံ့အကူအညီပေး၍ Sambo Engineering Co.,Ltd. နှင့် Korea Engineering Consultants Corp. က စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှု(Feasibility Study) များ ပြုလုပ်ခဲ့ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဒလတံတားအတွက် Detailed Design and Supervision လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး Consultant ကုမ္ပဏီ ရွေးချယ်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အဖွဲ့ဝင်တံတား ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော အဖွဲ့ဝင်များက မြေယာလျော်ကြေးနှင့် မြေနေရာပြန်လည်နေရာချထားရေး အစီအစဉ်များနှင့် စပ်လျဉ်း၍ အသီးသီးဆွေးနွေးရှင်းလင်းတင်ပြခြင်းများ၊ အထွေထွေဆွေးနွေးခြင်းများနှင့် ဆပ်ကော်မတီဖွဲ့စည်း တာဝန်ပေးအပ်ခြင်းများ ပြုလုပ်ပြီး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

# တန့်ယန်းမြို့နယ်၌ ရွေးကောက်ပွဲကြီးအတွက် မဲစာရင်းများကြေညာ

**တန့်ယန်း စက်တင်ဘာ ၁၅**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးနိုင်မည့် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းမှစတင်ကြေညာထားရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ၏ မဲစာရင်းများကို မဲဆန္ဒနယ်မြေအလိုက် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများနှင့် ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြေညာထားရှိသည်။

တန့်ယန်းမြို့နယ်အနေဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော် စသည့် လွှတ်တော်သုံးရပ်အတွက် မဲရုံစုစုပေါင်း ၈၅ ရုံတွင် မဲပေးနိုင်မည့် မဲဆန္ဒရှင်ပြည်သူ အမျိုးသား ၅၁၂၃၇ ဦး၊ အမျိုးသမီး ၅၄၅၂၇ ဦးရှိရာ စုစုပေါင်း မဲပေးနိုင်မည့် လူဦးရေ ၁၀၅၇၆၄ ဦးရှိသည်။

အဆိုပါ မဲစာရင်းတွင် ပါဝင်ခြင်းမရှိသေးသည့် မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲပေးနိုင်မည့်အခွင့်အရေး မဆုံးရှုံးစေရန်အတွက် သက်ဆိုင်ရာ မဲစာရင်းတွင် ပါရှိနိုင်ရေးကို သတ်မှတ်ထားသည့် ပုံစံများဖြည့်သွင်း၍ အမြန်ဆုံးဆောင်ရွက်ကြရန် အသိပေးကြေညာထားကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# သင် မဲစာရင်းကြည့်ပြီးပြီလား

စီးကရက်ဘူးခွံ ငွေရောင်ဖြတ်ပိုင်းစဖြင့်ရေးထားသည့်အိမ်ရှိ မဲပေးနိုင်သူများ၏ အမည်စာရင်းကို ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်ရုံး နံရံထက်ရှိစာရင်းနှင့် လိုက်လံတိုက်စစ်နေသူမှာ နေပြည်တော် သပြေကုန်းရပ်ကွက်မှ အသက် ၅၅ နှစ်အရွယ်ရှိ ဦးမြသောင်းဖြစ်ပါသည်။

စက်တင်ဘာ ၁၄ ရက်က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တစ်နိုင်ငံလုံး ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းကို တစ်နိုင်ငံလုံးရှိ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင်ရုံးများ၌ ထုတ်ပြန်လိုက်ပြီဖြစ်ရာ ဦးမြသောင်းကဲ့သို့ လာမည့် အထွေထွေရွေးကောက်ပွဲကို စိတ်ဝင်တစား မဲပေးကြမည့်ပြည်သူများသည် မဲစာရင်းတွင် မိမိတို့၏ အမည်ပါ၊ မပါ ယခုလို လာရောက်ကြည့်ရှုနေကြခြင်း ဖြစ်သည်။

"ပထမအကြိမ် မဲစာရင်းကြေညာတုန်းက အိမ်ကလူလေးယောက် ကျန်ခဲ့တယ်။ ဒါ့ကြောင့် အခုမဲစာရင်းကိုသေချာစစ်နေရတာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် နောက်ဆုံးအကြိမ်အဖြစ် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၁၄ ရက်မှ ၂၇ ရက်အထိ နိုင်ငံတစ်ဝန်းလုံးရှိ ရပ်ကွက်၊ ကျေးရွာကော်မရှင် အဖွဲ့ခွဲရုံးများ၌ မဲစာရင်းများကို ကပ်ထားပြီဖြစ်သည်။ ယခု မဲဆန္ဒရှင်စာရင်းတွင် မပါဝင်က ပုံစံ (၃)ဖြင့် အောက်တိုဘာ ၁၀ ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းလည်း ကော်မရှင်ထံမှ သိရသည်။

မဲစာရင်းကို ဒုတိယအကြိမ်မြောက် စစ်အပြီးတွင် ဦးမြသောင်းက "အိမ်က မဲပေးခွင့်ရှိတဲ့ ကိုးဦးစလုံး တော့ပါလာပြီ။ ဧည့်သည်တော့ မတင်ရသေးဘူး၊ မဲစာရင်းက ဒီနေ့မှ ထွက်တာဆိုတော့ ဧည့်သည်အတွက်လည်းတင်ပေးရမှာပါ၊ ပုံစံ ၃(က)ကို သူတို့ဆီကတောင်းပြီး တင်ပေးမှာပါ "ဟု ဆိုသည်။

အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြား မဲဆန္ဒရှင်များသည် မိမိတို့၏ အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသောမဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မဲပေးနိုင်ရန် ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာနယ်မြေရှိ လုပ်ငန်းတာဝန်ခံ၏ ထောက်ခံချက်ဖြင့်လည်းကောင်း၊ အလုပ်သမားဖြစ်ပါကသက်ဆိုင်ရာ လုပ်ငန်းရှင်သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ထောက်ခံချက်ဖြင့် လည်းကောင်း၊ အခြားပုဂ္ဂိုလ်ဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်ဖြင့် လည်းကောင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့ မတိုင်မီ ရက်ပေါင်း (၃၀)ထက် နောက်မကျစေဘဲ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ(၃-က)ဖြင့် လျှောက်ထားရမည် ဖြစ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည်။

"ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်မှာ ဆန္ဒမဲပေးခွင့်ရှိသူ ၁၈၄၈ ဦးရှိပါတယ်။အခုတစ်ခေါက် မဲစာရင်းမှာတော့ မဲပေးခွင့်ရှိသူအားလုံး ပါလာပါပြီ"ဟု သပြေကုန်းရပ်ကွက် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကျော်ငြိမ်းကပြောသည်။

"ကျွန်တော်တို့အနေနဲ့ ရပ်ကွက်ထဲမှာသန်းခေါင်စာရင်းတော့မရှိဘူး။ ဒါပေမယ့် အနေကြာတဲ့သူတွေကို ပုံစံ၃(က)နဲ့ မဲစာရင်းမှာထပ်တိုးဖို့ ဆောင်ရွက်နေပါတယ်။ အခုမနက်မှာတင် အယောက် ၃၀ လောက် လာတင်ပါတယ်။ ဒါတွေကိုလာမယ့် အောက်တိုဘာမှာ ထုတ်ပြန်မယ့် မဲစာရင်းအမီပါအောင် ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ရှင်းပြသည်။

"အခုကြေညာတဲ့ အခြေခံ မဲစာရင်းဆိုတာက လဝကက ဇမ္ဗူသီရိမြို့နယ် ပုံစံ(၆၆/၆) သန်းခေါင်စာရင်း(သို့မဟုတ်) အိမ်ထောင်စုစာရင်းလက်ဝယ်ကိုင်ထားတဲ့ သူတွေကိုကြေညာတာပါ၊ ကျန်တဲ့ဝန်ထမ်းတွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ဥပဒေအရ ရက်ပေါင်း ၁၈၀ ဆက်တိုက်နေတယ်ဆိုရင် သက်ဆိုင်ရာဌာနရဲ့ ထောက်ခံချက်နဲ့ ကျွန်တော်တို့ဆီမှာ ပုံစံ၃(က)လျှောက်ရင် လက်ခံပါတယ်"ဟု မဲစာရင်းအရေးအတွက်နှင့် အိမ်ထောင်စုဇယားတို့ကို တိုက်ဆိုက်စစ်ဆေးနေသည့် မင်္ဂလာသိဒ္ဓိရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြည်က ပြောသည်။

"ကျွန်တော်တို့မှာက ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးပဲရှိပါတယ်၊ ကျန်တာကတော့ ဝိုင်းကူနေကြတာပါ။ ဝန်ထမ်းရပ်ကွက် ဖြစ်တဲ့အတွက် ကျန်အဖွဲ့ဝင်တွေက မိမိမူရင်းဌာနရဲ့ တာဝန်တွေကရှိနေတဲ့အတွက် အမည်စာရင်းတော့ပေးနိုင်တယ်။ လုပ်အားတော့မပေးနိုင်ဘူး။ ကျွန်တော်ဖြစ်စေချင်တာကတော့ သက်ဆိုင်ရာဝန်ကြီးဌာနက ကော်မရှင်မှာပါတဲ့ အဖွဲ့ဝင်ဝန်ထမ်းတွေကို On Duty အနေနဲ့ သတ်မှတ်ပြီးတော့ လုပ်အားပေးနိုင်မယ်ဆိုရင် ပိုပြီးတော့အဆင်ပြေမှာပါ"ဟု ၎င်းကော်မရှင်ရုံး၏ အခက်အခဲကို ရှင်းပြသည်။

နေပြည်တော်၌ နေထိုင်သည်မှာ ခုနစ်နှစ်ခန့် ရှိပြီဖြစ်သည့် သတင်းစာဆရာတစ်ဦးဖြစ်သူ ကိုဝင်းနိုင်က မဲဆန္ဒရှင်စာရင်းကို မည်သည့်နေရာတွင် သွားရောက်ကြည့်ရှုရမည်မသိသေးကြောင်းကို "အရင်ကမဲစာရင်းကြည့်ရမယ့်နေရာကိုသွားတော့ နေရာပြောင်းသွားပြီပြောတယ်။ ဘယ်နေရာလည်း သေချာမသိသေးဘူးဖြစ်နေတယ်။ ကော်မရှင်ရုံးကို စုံစမ်းပြီးမှ သွားကြည့်ရတော့မယ်ဗျာ"ဟု ဆိုသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ၃၂ သန်းကျော်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြောကြားထားသည်။

ထို့ကြောင့် နိုဝင်ဘာ ၈ ရက် အထွေထွေ ရွေးကောက်ပွဲကြီးတွင် မဲပေးခွင့် မဆုံးရှုံးစေရန် ယခုထုတ်ပြန်သည့် မဲဆန္ဒရှင်စာရင်းကို ပြည်သူများက တိုက်ဆိုင်စစ်ဆေးကြည့်ရှုရန် တိုက်တွန်းလိုက်ရပါသည်။

**သတင်း-သူရဇော်**
**ဓာတ်ပုံ-သန့်ဇင်ဝင်း**



မဲစာရင်းကြည့်နေသူများအား တွေ့ရစဉ်။

# ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်နေသော်လည်း စိုးရိမ်စရာမရှိ



**ညောင်တုန်း စက်တင်ဘာ ၁၅**

ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ရေသည် ယခုအခါ ဒုတိယအကြိမ်မြင့်တက်လာသော်လည်း အဆိုပါနေရာများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက နေ့တာဝန်၊ ညတာဝန်များလှည့်လည်၍ ကြီးကြပ်ကွပ်ကဲပြီး အချိန်နှင့်တစ်ပြေးညီ ကြိုတင်ကာကွယ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဧရာဝတီမြစ်ရေသည် ယခုအခါ ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေကို ကျော်လွန်ကာ မြို့၏အန္တရာယ်ရေမှတ် ၂၄ ဒသမ ၅ ပေအထက်သို့ အနည်းငယ်ကျော်လွန်လာပြီဖြစ်သည်။ စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီတိုင်းထွာချက်အရ ၂၄ ဒသမ ၈ ပေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ဖောင်းပြင်မြို့၌ ရေဝင်ရောက်ခဲ့သည့်နေရာများကို စုပေါင်းသန့်ရှင်းရေး နေ့စဉ်ဆောင်ရွက်

**ဖောင်းပြင် စက်တင်ဘာ ၁၅**

မော်လိုက်ခရိုင် ဖောင်းပြင်မြို့၌ စက်တင်ဘာ ၁၅ ရက်တွင် ချင်းတွင်းမြစ်ရေကျဆင်းလာသဖြင့် ရေဝင်ရောက်ခဲ့သော အမက(အမှတ်-၂) မူလွန်ကျောင်း၊ ဆေးရုံအတက်အဆင်း ရွှံ့မျက်နှာစာနှင့် လမ်းများကို တပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်အားပေးကြသည်။



အဆိုပါ သန့်ရှင်းရေးဆောင်ရွက်ရာနေရာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မောင်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက သွားရောက်တွေ့ဆုံ အားပေးခဲ့ကြောင်း သိရသည်။

မြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများကလည်း ရေဝင်ရောက်မှုကြောင့် ပျက်စီးသွားသောလမ်းများ အပေါက်ဖာခြင်း၊ နုန်းတင်ခဲ့သော တံတားများကို ဆေးကြော၍ ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဟန်ထွန်း**

● ကျော့ဖုံးမှ

နံနက်ပိုင်းမှစတင်ပြီး အမြန်ရေယာဉ်များ ပုံမှန်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားပြည်သူတစ်ဦးကလည်း "ကျွန်တော်တို့အဖွဲ့တွေ ဟုမ္မလင်းကနေ မုံရွာကို ဈေးဝယ်ဆင်းလာတာပါ။ ဈေးဝယ်ပြီးလို့ ပြန်မယ့်ရက်လည်းရောက်ရော အမြန်ရေယာဉ်လိုင်းတွေ ပိတ်သွားလို့ ဟုမ္မလင်းကို မပြန်နိုင်တော့ဘဲ ဒီမှာစောင့်နေတာပါ။ ကိုယ့်မြို့ ကိုယ့်ရွာမဟုတ်တော့ စားစရိတ်၊ တည်းစရိတ်ကုန်ကျမှုတွေရှိတယ်။ မုံရွာမှာတင် ၁၂ ရက်လောက် စောင့်လိုက်ရတယ်။ ဝယ်ထားတဲ့ကုန်တွေက ကုန်ခြောက်တွေမို့ တော်သေးတယ်။ တစ်ရက်ဖွင့်နိုးနိုး တစ်ရက်ဖွင့်နိုးနိုးနဲ့ စောင့်နေရတာပါ။ မနက်ဖြန်မနက်ဆို အမြန်ယာဉ်တွေ ထွက်တော့မယ်။ ရေယာဉ်လက်မှတ်မရမှာစိုးလို့ သုံးရက်လောက်လက်မှတ်ကြိုဖြတ်ထားရတယ်။ မုံရွာကနေ အထက်တက်မယ့်သူတွေ တော်တော်များပါတယ်။ အထက်ပိုင်းမြို့တွေမှာလည်း ရေကတော်တော်ကျနေပြီလို့ကြားတယ်။ ဝမ်းသာပါတယ်။ မနက်ဖြန်ဆို ကိုယ့်မြို့ ကိုယ့်ရွာကို ပြန်ရတော့မယ်။ ရေယာဉ်လိုင်းတွေ ပိတ်နေတာနဲ့ မိသားစုတွေ တစ်ပတ်ကျော်လောက် ခွဲခွာနေရတယ်"ဟု ပြောကြားခဲ့သည်။

စက်တင်ဘာ ၁၆ ရက်တွင် MGRG ဂိတ်မှ အမြန်ရေယာဉ်သုံးစင်းနှင့် အခြားဂိတ်များကလည်း တစ်ပြိုင်တည်း ပြေးဆွဲကြမည်ဖြစ်ကာ စီးနင်းလိုက်ပါမည့် ခရီးသည်များလည်း များပြားကြောင်းသိရပြီး တာဝန်ရှိသူများကလည်း ရေပြန်လည်ကျဆင်းနေပြီဖြစ်၍ အမြန်ရေယာဉ်များ ပြန်လည်ပြေးဆွဲရာတွင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# သုံးခွမြို့နယ်ရှိ TRI စေတနာကွန်ရက်မှ ရေဘေးသင့်ဒေသသို့ အလှူငွေများ သွားရောက်လှူဒါန်း

**သုံးခွ စက်တင်ဘာ ၁၅**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ရှိ TRI စေတနာကွန်ရက်နှင့် သီးခြားအလှူရှင်များ၊ သံသရာခရီးသည်များ၊ ပရဟိတအသင်း(မလေးရှား)တို့ စုပေါင်းလှူဒါန်းငွေများကို သုံးခွမြို့ ဈေးကျောင်းဆရာတော် ဦးဓမ္မဝံသ ဦးဆောင်သောအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေလယ်ကျွန်း(အလယ်ကျွန်း)ကျေးရွာသို့ စက်တင်ဘာ ၁၃ ရက်က သွားရောက်၍ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေး နေအိမ်ဆောက်လုပ်ရန် ငွေကျပ် ၅၃၃၅၀၀၀ ကို ပရဟိတအကျိုးတော်ဆောင် ဦးမော်ကြီးနှင့်အဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသို့ ငွေနှင့်အလှူပစ္စည်းများ လှူ

**နေပြည်တော် စက်တင်ဘာ ၁၅**

ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသို့ နိုင်ငံအဖွဲ့အစည်းများမှ အလှူငွေနှင့် အလှူပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၄ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Kunming Baker Norion Pharmaceutral Co.Ltd (KBN) က တစ်ဘူးလျှင် အမေရိကန်ဒေါ်လာ ၀ ဒသမ ၈၂ တန်ဖိုးရှိသည့် Paracetamol Granules ဆေးဘူးအရေအတွက်ပေါင်း ၃၆၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၉၅၂ ဒေါ်လာတန်ဖိုးရှိ ဆေးဝါးများကို လှူဒါန်းလိုပါကြောင်း၊ ဘရူနိုင်းဘုရင့်နိုင်ငံ အစိုးရက အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ လှူဒါန်းပါကြောင်းနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းက ရေဘေးသင့်ပြည်သူများအား လှူဒါန်းရန်အတွက် တာပေါ်လင်စ ၂၀၀၀ နှင့် ခြင်ထောင်အလုံးပေါင်း ၁၀၀၀၀ လက်ခံရရှိထားပါကြောင်း၊ အဆိုပါ နိုင်ငံအဖွဲ့အစည်းများ၏ လှူဒါန်းငွေနှင့် အလှူပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျိုင်းလပ်မြို့ ကျေးရွာများ ရေဘေးသင့်စာသင်ကျောင်းများအား စာသင်ခုံများလှူဒါန်း

**တာချီလိတ် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ Honorary Ph.D ဘဒ္ဒန္တဓမ္မသိရိ အမှူးထား၍ ကျိုင်းတုံအသင်း(ရန်ကုန်)၊ တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်ရှိ ခနခေမရဋ္ဌ ရတနာရွှေဆိုင်နှင့် စေတနာရှင်အလှူရှင်များက ကျိုင်းလပ်မြို့ မိုင်းပါလျှိုးကျေးရွာအုပ်စုရှိ ရေဘေးသင့် စာသင်ကျောင်းများအတွက် စာသင်ခုံများ၊ ဆန်၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းခြင်းကို စက်တင်ဘာ ၁၃ ရက်က နမ့်ဖြန်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ ရေဘေးသင့်ကျောင်းများအတွက် ကျိုင်းတုံအသင်း(ရန်ကုန်)က ငွေကျပ် ၂၆၄၀၀၀၀ တန်ဖိုးရှိ စာသင်ခုံ ၅၅ စုံနှင့် ခနခေမရဋ္ဌ ရတနာရွှေဆိုင်က ငွေကျပ် ၂၄၀၀၀၀ တန်ဖိုးရှိ စာသင်ခုံ ငါးစုံ၊ နဂါးနှစ်ကောင် ကျောင်းတိုက်ဆရာတော်နှင့် အလှူရှင်များက ဆရာ ဆရာမ ငါးဦးအတွက် ဆန်လေးအိတ်၊ ဆီနှစ်ပုံးနှင့် တစ်ဦးလျှင် ထိုင်းဘတ်ငွေသုံးရာစီ၊ ကျောင်းသား ကျောင်းသူ တစ်ဦးလျှင် ဗလာစာအုပ်တစ်ဒါဇင်စီနှင့် ခဲတံများ၊ ခေါက်ဆွဲခြောက်များ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်

**နေပြည်တော် စက်တင်ဘာ ၁၅**

ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် ဆက်လက်ပေးပို့လျက်ရှိရာ ယနေ့တွင် ကမ္ဘောဇလေကြောင်းမှ လေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေတစ်ခေါက်ဖြင့် ကျောင်းစိမ်းဆိုက်စုံနှင့် အဝတ်အထည်မျိုးစုံတို့ကို ပေးပို့ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၅**

ဇွန်၊ ဇူလိုင်လများအတွင်း ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် China National Aero-Technology Import & Export Corporation, P.R of China က အမေရိကန်ဒေါ်လာ ၂၀၀၀၀ နှင့် Nature Lovers International Co., Ltd. ဥက္ကဋ္ဌ ဦးအောင်ဒင်က ငွေကျပ် ၃၇၄၀၀၀၀ တို့အား လှူဒါန်းပွဲကို စက်တင်ဘာ ၁၅ ရက်က နေပြည်တော်၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်ဦးစိုးအောင်တို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လသာမြို့နယ် လသာလမ်း (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)၌ မြောင်းအတွင်းသို့ ရေများစီးဝင်နိုင်မှုမရှိခြင်းကြောင့် ယာဉ်သွားလမ်းပေါ်၌ မော်တော်ယာဉ်များ၊ ခရီးသည်များ ခက်ခဲစွာသွားလာနေကြရသည်ကို တွေ့ရစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

# မော်လိုက်မြို့ မြို့မဈေးကြီးအတွင်းနှင့် မြို့တွင်းပိုင်းရှိ တင်ကျန်ခဲ့သည့် ရွှံ့နွံ၊ အမှိုက်များရှင်းလင်း

**မော်လိုက် စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်၌ ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် မြို့မဈေးကြီးအတွင်းနှင့် မြို့တွင်းပိုင်းရှိ လမ်းမကြီးပေါ်၌ တင်ကျန်ခဲ့သည့် ရွှံ့နွံများနှင့် အမှိုက်များ စုပေါင်းသန့်ရှင်းရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက အမှတ်(၁၀)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ အမှတ်(၂)နည်းဗျူဟာ စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးညီညီမင်း ဦးစီးသည့် မော်လိုက်မြို့နယ်နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် စုစုပေါင်း ၁၀၀၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာမှ ဦးစီးမှူး ဦးအောင်ကိုလွင်နှင့် ဝန်ထမ်းများနှင့် ပြည်သူများစုပေါင်း၍ အဖွဲ့များခွဲပြီး မြို့မဈေးကြီးအတွင်းရှိ ရွှံ့နွံနှင့်



အမှိုက်များ ကင်းရှင်းရေး၊ ကျောင်းသား ကျောင်းသူနှင့် ပြည်သူများလမ်း အသုံးပြုသွားလာရာတွင် မလိုလားအပ်သည့် အန္တရာယ်များမဖြစ်ပေါ်ရေး၊ စာသင်ကျောင်းများ အမြန်ဖွင့်လှစ်နိုင်ရေး၊ မြို့မဈေးကြီးအတွင်းနှင့် မြို့တွင်းလမ်းမကြီးများပေါ်ရှိ ရွှံ့နွံနှင့် အမှိုက်များ စုပေါင်းသန့်ရှင်းရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မော်လိုက်သားလေး**

○ ရှေ့ဖုံးမှ

စီးပွားရေးလုပ်ငန်းကို ဇောက်ချလုပ်ကိုင်နေသူတစ်ဦးဖြစ်ခဲ့ပြီး ပြီးခဲ့သည့် ငါးနှစ်ကျော်ကတည်းကစကာ အထက်ပါအတွေးကို ပုံဖော်ကြိုးစားခဲ့သူတစ်ဦးဖြစ်သည်။

လက်ရှိအချိန်တွင် ဦးသန့်ဇင်ထွန်းကိုယ်တိုင် ဒီဇိုင်းပြုလုပ်ကာ တီထွင်ထားသော "ချင်းတွင်း ဓာတုအင်ဂျင်နီယာလုပ်ငန်း"ဟု အမည်ပေးထားသည့် "ဓာတ်ကူပစ္စည်းသုံး နည်းပညာ" ဖြင့် လောင်စာဆီထုတ်လုပ်မှုမှာ အကောင်အထည်ပေါ်လာပြီဖြစ်ပြီး လယ်ယာသုံးထွန်စက်များတွင် စတင်အသုံးပြု မောင်းနှင်အသုံးပြုစမ်းသပ်ရာ အောင်မြင်ခဲ့ပြီဖြစ်သည်ဟု သိရသည်။ ၎င်း၏ ဓာတ်ကူပစ္စည်းသုံးနည်းပညာဖြင့် လောင်စာဆီထုတ်လုပ်မှုဆိုသည်မှာ လူမှုပတ်ဝန်းကျင်မှ စွန့်ပစ်ထားသော ပလတ်စတစ်အမှိုက်များ၊ စက်မှုလုပ်ငန်းအမျိုးမျိုးမှ ရော်ဘာစွန့်ပစ်ပစ္စည်းများ၊ စက်ယန္တရားများမှ စွန့်ပစ်စက်သုံးဆီများ၊ အင်ဂျင်ဝိုင်များ၊ စီးပွားရေးလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းများမှ စွန့်ပစ်စားသုံးဆီများ၊ ဟိုက်ဒရိုကာဗွန်အခြေခံ ဓာတ်ပေါင်းပစ္စည်းများ စသည်တို့ကို နည်းပညာအသုံးပြုကာ နိုင်ငံတကာသုံး အရည်အသွေးမီလောင်စာအဖြစ် ထုတ်လုပ်ခြင်းပင်ဖြစ်သည်။ ယခုအချိန်တွင် နည်းပညာပိုင်းဆိုင်ရာ ရာနှုန်းပြည့်အောင်မြင်ပြီဖြစ်သဖြင့် စီးပွားဖြစ်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

"အင်ဂျင်မှာ အသုံးပြုနိုင်တဲ့ စွမ်းအားပြည့် လောင်ကျွမ်းဆီအမျိုးအစားဖြစ်ပါတယ်။ တန်ဖိုးသင့်လယ်ယာသုံးစက်ယန္တရားများမှ စပြီး ဘက်စုံသုံးယန္တရားများအထိ အသုံးချနိုင်တဲ့လောင်စာဆီအဖြစ် ကြိုးစားထုတ်လုပ်ထားတာပါ။ ယန္တရားများ အသုံးပြုမောင်းနှင်ပြီး ထွက်ရှိလာတဲ့ မီးခိုးငွေ့များမှာလည်း အဆိပ်အတောက် အနည်းဆုံးဖြစ်အောင် ထုတ်လုပ်ထားပါတယ်" ဟု ဦးသန့်ဇင်ထွန်းက ၎င်း၏ တီထွင်မှုနှင့်ပတ်သက်၍ ရှင်းပြသည်။

"သဘာဝပတ်ဝန်းကျင် သန့်ရှင်းဖို့၊ သယံဇာတကို စောင့်ရှောက်ဖို့၊ လူမှုပတ်ဝန်းကျင်က စွန့်ပစ်တဲ့ စွန့်ပစ်ပစ္စည်းတွေကနေ ထုတ်ကုန်သစ်တွေထုတ်လုပ်နိုင်ဖို့ ရည်ရွယ်ပါတယ်။ ကျွန်တော့်စက်ရုံကနေ လောင်စာဆီထုတ်လုပ်ရာမှာ လေမဲ့ဓာတ်ပြုစနစ်ကို အသုံးပြုထားတာဖြစ်လို့ ပတ်ဝန်းကျင်ထိခိုက်နိုင်ခြေ အနည်းဆုံးဖြစ်စေမှာပါ။ ဓာတုသန့်စင်စနစ်သုံး မီးခိုးငွေ့ထုတ်လွှတ်စနစ်ကို အသုံးပြုမှာဖြစ်တာကြောင့် ကာဗွန်မိုနောဲဆိုက်၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်၊ နိုက်ထရိတ်နဲ့ နိုက်ထရိတ်တွေကို လေထုထဲမပါဝင်နိုင်အောင် အသုံးပြုထားတာလည်း ဖြစ်လို့ သဘာဝပတ်ဝန်းကျင်ကို အထောက်အကူဖြစ်စေမယ်လို့ ယုံကြည်ပါတယ်။ ဈေးကွက်အတွင်းတင်ပို့မယ့် လောင်စာဆီကိုလည်း ဓာတုသန့်စင်စနစ်နဲ့ သန့်စင်ပြီးမှ ထုတ်လုပ်တင်ပို့မှာဖြစ်တာကြောင့် အသုံးပြုသူတွေ အန္တရာယ်မဖြစ်နိုင်ပါဘူး" ဟု ဦးသန့်ဇင်ထွန်းက ၎င်း၏ထုတ်လုပ်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှုနှင့် ထိန်းသိမ်းနိုင်မှုအခြေအနေကို ယှဉ်တွဲရှင်းပြသည်။

လက်ရှိစမ်းသပ်စက်ရုံမှ ဓာတ်ဆီ၊ ဒီဇယ်နှစ်မျိုးလုံးထွက်ရှိနိုင်ပြီး ပလတ်စတစ် ကုန်ကြမ်းတစ်တန် (ပိဿာ ၆၀၀) ထည့်ပါက ဒီဇယ်၊ ဓာတ်ဆီနှစ်မျိုးပေါင်း ဂါလန် ၁၅၀ ကျော် ၂၀၀ အထိ ထွက်ရှိကြောင်း၊ စီးပွားဖြစ်လုပ်ကိုင်မည့် လုပ်ငန်းရှင်များအနေဖြင့် မိမိကြိုက်နှစ်သက်ရာဆီကို ပိုမိုထွက်ရှိအောင် ပြုလုပ်နိုင်စွမ်းရှိသည်ဟု သိရသည်။ တစ်ရက်လျှင် ပီပါ ၅၀ ကျနိုင်မည့် စက်ရုံအကြီးစား တည်ဆောက်ပါက သိန်း ၅၀၀၀ မှ ၇၀၀၀ ကြားရှိမည်ဖြစ်သဖြင့် အကျိုးတူပူးပေါင်းရန် စိတ်ဝင်စားသော လုပ်ငန်းရှင်များကို ဖိတ်ခေါ်လျက်ရှိကြောင်းနှင့် ဘုတလင်မြို့မှာပင် အဆိုပါစက်ရုံတည်ဆောက်ရန် ရည်ရွယ်ထားကြောင်း၊ တစ်ရက်လျှင် ပျမ်းမျှ ပလတ်စတစ်ကုန်ကြမ်း ၁၀ တန်မှ ၁၅ တန်အထိ ရယူအသုံးပြုမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ပလတ်စတစ် စွန့်ပစ်ပစ္စည်းသည် လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏ ပေါများလှသော ကုန်ကြမ်းတစ်ခုအဖြစ်ရှိနေသဖြင့် ၎င်း၏စက်ရုံအတွက် မုံရွာခရိုင်အတွင်း မြို့နယ်စည်ပင်သာယာအဖွဲ့မှ ရရှိစွန့်ပစ်လာမည့် ပလတ်စတစ်အမှိုက်များနှင့် ကျေးရွာများမှ စုဆောင်းရရှိနိုင်သော စွန့်ပစ်ပလတ်စတစ်များကို ကုန်ကြမ်းအဖြစ် အသုံးပြုရန်ရည်ရွယ်သည်ဟု သိရသည်။ မြန်မာတစ်နိုင်ငံလုံးတွင် နေ့စဉ်စွန့်ပစ် ပလတ်စတစ်ကုန်ကြမ်း တန်ချိန် ၅၀၀ ခန့် ရရှိနိုင်မည်ဟု ခန့်မှန်းပြီး အဆိုပါ စွန့်ပစ်ပလတ်စတစ်များကို ပြောင်းလဲနိုင်ပါက နေ့စဉ် လောင်စာဆီ(ဓာတ်ဆီ၊ ဒီဇယ်) ဂါလန် ၇၅၀၀၀ မှ ၁၀၀၀၀၀ ထိ ထွက်ရှိမည်ဖြစ်ကြောင်း ဦးသန့်ဇင်ထွန်းက ဆက်လက်ရှင်းပြသည်။

"လက်လှမ်းမီသလောက် ပြောရရင် စွန့်ပစ်ပလတ်စတစ်ကနေ လောင်စာဆီထုတ်လုပ်တဲ့ နည်းပညာကို တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဥရောပနိုင်ငံတွေမှာ ထုတ်လုပ်ကြတာသိရပါတယ်။ သူတို့ဆီမှာတော့ မီးထိုးဆီလိုမျိုးအဖြစ် ရည်ရွယ်ပြီး အသုံးပြုကြတယ်။ ကျွန်တော်ကတော့ (ဓာတ်ဆီ၊ ဒီဇယ်သုံး) အင်ဂျင်တွေမှာ၊ လယ်ယာသုံးထွန်စက်တွေမှာ၊ ဘက်စုံသုံး သယ်ယူရေးယာဉ်တွေမှာအထိ အသုံးပြုနိုင်ဖို့ ရည်ရွယ်ထားပါတယ်" ဟု ဆိုသည်။

စွန့်ပစ်ပလတ်စတစ်မှ ထုတ်လုပ်ရရှိမည့် လောင်စာဆီသည် သဘာဝတွင်းထွက် ရေနံစိမ်းမှရရှိလာသော ဓာတ်ဆီ၊ ဒီဇယ်ဆီများ၏ အရည်အသွေးနှင့် အလားတူညီမှုရှိခြင်း၊ အင်ဂျင်များတွင် လောင်စာစွမ်းအင် အပြည့်အဝထွက်ရှိနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပါးစေခြင်း၊ လောင်စာသုံးစွဲရမှုပမာဏနည်းပါးပြီး စီးပွားရေးတွက်ခြေကိုက်မှုရှိခြင်း စသည်တို့နှင့်ပြည့်စုံပါက ဦးသန့်ဇင်ထွန်း၏ စွန့်ဦးတီထွင်ထုတ်လုပ်မှုသည် လူမှုအကျိုးပြုကုန်ထုတ်လုပ်ငန်းတစ်ခုဖြစ်မည်ဟု သုံးသပ်ရပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

## အပူပိုင်းမုန်တိုင်းဗမ်ကို ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့ပြီး အနောက်ဘက်သို့ ဆက်လက်ရွေ့လျား

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံးမြို့၌ ၂ ဒသမ ၆၄ လက်မ၊ သပိတ်ကျင်းမြို့နှင့် ဟဲဟိုးမြို့တို့၌ ၂ ဒသမ ၂၈ လက်မစီ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ မြိတ်မြို့၌ ၂ ဒသမ ၀၅ လက်မနှင့် မင်းတပ်မြို့တွင် ၁ ဒသမ ၉၄ လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ** ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

(မိုး/ဇလ)

## မိုးကြီးမည့်သတိပေးချက်

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ တိုင်းထွာချက်များအရ ဗီယက်နမ်နိုင်ငံတောင်ပိုင်း ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော အပူပိုင်းမုန်တိုင်း ဗမ်ကို(Vamco)သည် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိသည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့မွန်းလွဲမှ နောက် ငါးရက်အတွင်း အောက်ဖော်ပြပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၄ နာရီအတွင်း မိုးရေချိန် သုံးလက်မ(၇၇ မီလီမီတာ)နှင့်အထက် ရွာသွန်းနိုင်သည်။

(မိုး/ဇလ)

## မြစ်ရေကြီးမှု အခြေအနေ

**စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်မှုအခြေအနေ**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

**စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်မှုအခြေအနေ**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေခန့်စီနှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတခရိုင်(ဧရာဝတီမြစ်)အတွင်းနှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ဧရာဝတီမြစ်ရေ မြစ်ကြောင်းတစ်လျှောက် မြို့ကြီးများ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော်  စက်တင်ဘာ  ၁၅**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁ နာရီ တိုင်းထွာချက်များအရ ညောင်ဦးမြို့၌ တစ်ပေခွဲခန့် စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ကျဆင်းသွားနိုင်ကြောင်း၊ အလားတူ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ နှစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြအပ်ပါသည်။

(သတင်းစဉ်)










**မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း (၉-၉-၂၀၁၅)ရက်နေ့က ရေဝင်ရောက်မှုအခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ**




အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသော ဧရိယာ
အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိသော ရေမျက်နှာပြင် ဧရိယာ

# ချင်းတွင်းမြစ်ရေ မြစ်ကြောင်းတစ်လျှောက် မြို့များ၏ စိုးရိမ်ရေမှတ်အောက် ဆက်လက်ကျဆင်း

**နေပြည်တော်  စက်တင်ဘာ  ၁၅**

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝနှင့် မင်းကင်းမြို့တို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ကျဆင်းသွားခဲ့ပြီး မုံရွာမြို့၌ စိုးရိမ်ရေမှတ်အထက် တည်ရှိနေကာ ဆက်လက်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)




**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာနှင့် ချောင်းဦးမြို့နယ်အတွင်း (၉-၉-၂၀၁၅)ရက်နေ့က ရေဝင်ရောက်မှုအခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ**




အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး(Flooding) ဝင်ရောက်နေသော ဧရိယာ
အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိသော ရေမျက်နှာပြင် ဧရိယာ













# ငဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ

**နေပြည်တော်  စက်တင်ဘာ  ၁၅**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ငဝန်မြစ်ရေမြင့်တက်လျက်ရှိရာ ယနေ့ မွန်းလွဲ ၁ နာရီ တိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် နှစ်ပေခန့်ကျော်လွန်လျက်ရှိပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့် ဖော်ပြထားရှိသည်။

(သတင်းစဉ်)




## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော်  စက်တင်ဘာ  ၁၅**

ဧရာဝတီမြစ်ရေသည် မကွေးမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိရန် နှစ်လက်မခန့်အလိုနှင့် အောင်လံမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိရန် ပေဝက်ခန့်အလိုအထိ မြင့်တက်ခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ မကွေးမြို့၌ ပေဝက်ခန့်နှင့် အောင်လံမြို့၌ တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းသွားပြီဖြစ်သည်။

(မိုး/ဇလ)

# ဖားကန့်မြို့နယ်သွား ကျောက်ထုလေး (ခ) ရခိုင်တဲတန်းလမ်း ဆိုးရွားစွာပျက်စီးနေ



**ဖားကန့် စက်တင်ဘာ ၁၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်သွား နန်းတိန်အုပ်စု ကျောက်ထုလေး(ခ) ရခိုင်တဲတန်းလမ်း ခရီးသွားကားကြီး ကားငယ်နှင့် ဆိုင်ကယ်များ နေ့စဉ်ကျောက်စိမ်းထွက်ရှိရာ နယ်မြေသို့ စီးပွားရေးကို အခြေပြု၍ သွားလာလျက်ရှိရာ မိုးရွာသွန်းမှုကြောင့် လမ်းများ၊ ချိုင့်ခွက်ကြီးများ၊ ရွှံ့နွံဗွက်အိုင်ကြီးများ ထူထပ်များပြားလာသဖြင့် ခရီးသွားလုပ်ငန်းကို ထိခိုက်လျက်ရှိကြောင်း သိရသည်။

အဆိုပါနေရာသည် လမ်းနှစ်ခွရှိ၍ သွားလာနိုင်သော လမ်းဖြစ်သော်လည်း မိုးရွာသွန်းမှုကြောင့် ရေနုတ်မြောင်း အားနည်းနေသဖြင့် မိုးရေများစီးဆင်းနိုင်မှု မရှိဘဲ ပိတ်ဆို့နေကာ ကမ်းပါးအနီး သစ်ပင်အချို့ မြေထိန်းနိုင်မှုမရှိခြင်းကြောင့် ကမ်းပါးပြိုကျခြင်းနှင့်အတူ သစ်ပင်အချို့ လဲကျခြင်းတို့ကြောင့် လမ်းပိတ်ဆို့ကာ ခရီးသွားများနှင့် ကုန်တင်ကားသမားများက လဲကျသစ်ပင်များကို ရှင်းလင်းခြင်း၊ လဲကျသစ်ပင်များခင်းခြင်းကို စက်တင်ဘာ ၁၄ ရက်က ဆောင်ရွက်ကြရသဖြင့် ခရီးသွားလုပ်ငန်းကို နှောင့်နှေးခဲ့ကြောင်း ယာဉ်မောင်းသမားများက ပြောသည်။

ဖားကန့်သို့ သွားသော လမ်းကို သက်ဆိုင်ရာက ကွင်းဆင်းစစ်ဆေးပြီး ကျောက်သဲလမ်းမှ ကတ္တရာလမ်းဖြစ်လာစေရန် ဆောင်ရွက်ပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိသည်။

**ငွေအိုး(ကသာ)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစီရင်ခံစာအမှတ်(၅)ထုတ်ပြန်

***စက်တင်ဘာ ၁၄ ရက်မှအဆက်***

ကျန်းမာရေးကဏ္ဍတွင် ရေဘေးသင့်ဒေသများရှိ ပြည်သူ ၁ ဒသမ ၆ သန်းကျော်သည် ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်လျက်ရှိပြီး ကျန်းမာရေးဝန်ဆောင်မှုများနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုများ ပြန်လည်ဝန်ဆောင်မှုပေးနိုင်ရန် လိုအပ်လျက်ရှိကြောင်း၊ ဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၊ အမျိုးသမီးကျန်းမာရေး ဆရာမများ ရှားပါးခြင်းကြောင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အတိုင်းအတာတစ်ရပ်အထိ အခက်အခဲရှိနေဆဲဖြစ်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ သန့်ရှင်းရေးသုံးပစ္စည်းထုပ်များ ဖြန့်ဝေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ စေလွှတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိပြီး အသက်ကယ်ဆေးဝါးများကို ဘေးသင့်ပြည်သူပေါင်း ၁၇၀၀၀၀ အတွက် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဗဟိုကူးစက်ရောဂါဌာနမှ တုံ့ပြန်ရေးအဖွဲ့တို့သည် ကူးစက်ရောဂါများပြန့်ပွားခြင်းမှ ကာကွယ်ရန် ကယ်ဆယ်ရေးစခန်း စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

စက်တင်ဘာ ၇ ရက်နေ့ သတင်းအချက်အလက်များအရ ရွေ့လျားဆေးပေးခန်း ၄၀၄ ခု၊ ယာယီဆေးပေးခန်း ၁၁၂ ခုကို ထူထောင်ပေးထားပြီး လူနာပေါင်း ၁၃၆၂၅၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ဩဂုတ် ၂၈ ရက် မှ စက်တင်ဘာ ၃ ရက်အထိ ထိုင်းနိုင်ငံ စစ်ဘက်ဆိုင်ရာဆေးအဖွဲ့က ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းကာ မြို့နယ်ခြောက်မြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ကြောင်း ဖော်ပြထားသည်။

အာဟာရဖြည့်စွက်ခြင်းအပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနမှ NRG -5 အရေးပေါ်အစာရိက္ခာ ၂၄၄ သေတ္တာ၊ အထူးဖြည့်စွက်အာဟာရမုန့် ၁၁၁၁၂၀ သေတ္တာကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း၊ လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်မြို့နယ် ၂၁ မြို့နယ်တွင် အာဟာရ ဖြည့်စွက်တိုက်ကျွေးခြင်းကို နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ဖော်ပြထားသည်။

သောက်သုံးရေနှင့် သန့်ရှင်းရေးကဏ္ဍတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ရေဘေးသင့်ဒေသများအတွင်း ရေအရင်းအမြစ် ၄၄၅၈ ကို ထပ်မံ၍ ကလိုရင်းဆေးခတ်သည့်အတွက် ယခုအခါ စုစုပေါင်း ရေအရင်းအမြစ် ၁၂၈၄၉၇ ကို ကလိုရင်းဆေးခတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင် အရေးပေါ်ရေအိမ်များ ထောက်ပံ့ပေးခဲ့ပြီး ရေတွင်းရေကန်များ ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများတွင်လည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကာ အရေးပေါ်မိသားစုသုံးရေသန့်စင်ဆေးပြားများကိုလည်း သိုလှောင်ထားရှိပြီးဖြစ်ကြောင်း၊ အရေးပေါ်သောက်သုံးရေနှင့် ရေသန့်စင်ဆေးပြားများ ထောက်ပံ့ပေးခြင်းတို့မှတစ်ဆင့် ရေကြောင့်ဖြစ်တတ်သော ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါ လုပ်ငန်းစဉ်များအတွက် အစိုးရရန်ပုံငွေအပြင် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅ သန်း ထပ်မံလိုအပ်မည်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ဖော်ပြထားသည်။

ရှေးဦးပြန်လည်ထူထောင်ရေးတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ အမိုးအကာ၊ အစားအစာနှင့် အသက်မွေးဝမ်းကျောင်းအပါအဝင် အိမ်ထောင်စုအခြေပြု ဦးစားပေးဆောင်ရွက်မှုကို ဦးတည်ထားသော ရှေးဦးပြန်လည်ထူထောင်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို မွမ်းမံပြင်ဆင်လျက်ရှိကြောင်း၊ အသက်မွေးဝမ်းကျောင်းနှင့် အိမ်ခြေများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပါအဝင် ဘေးသင့်ပြည်သူများ လတ်တလောရင်ဆိုင် ကြုံတွေ့နေရသည့် အမျိုးမျိုးသောအခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်စေရန်အတွက် အိမ်ထောင်စုတစ်စုခြင်း၏ အထူးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ပညာရေးကဏ္ဍတွင် ရေဘေးကြောင့် ကျောင်းပေါင်း ၄၁၁၅ ကျောင်း ပျက်စီးခဲ့ပြီး ၎င်းအနက်မှ ၆၀၈ ကျောင်းသည် လုံးဝထိခိုက်ပျက်စီးခဲ့ကြောင်း၊ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် ပျက်စီးမှုအမြင့်မားဆုံးဖြစ်ပြီး သင်ကြားရေးဆိုင်ရာလုပ်ငန်းများ ၅၄၉ ခု ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ရေဘေးသင့်ကျောင်းများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအုပ်စုခွဲ School Construction Sub-Working Groupသည် အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်းကာ သဘာဝဘေးဒဏ်ခံနိုင်သည့် ကလေးများ ပျော်ရွှင်စွာပညာသင်ယူနိုင်မည့်ပုံစံများ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ရေဘေးသင့် ကျောင်းသား ကျောင်းသူ ၂၄၀၀၀ အား သင်ထောက်ကူပစ္စည်းများ ကျောင်းဝတ်စုံများ၊ ပစ္စည်းစုံထုပ်များ၊ မိုးကာတဲများ အပါအဝင် ဖြည့်စွက်ပံ့ပိုးမှုများကိုလည်း ထပ်မံထောက်ပံ့ပေးလျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ချင်းပြည်နယ်အတွင်း ကယ်ဆယ်ရေးစခန်းများရှိ ကလေးများ ပညာဆက်လက်သင်ကြားနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် နိုင်ငံတော်အစိုးရသည် ရေဘေးတုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်မှုများ ရေဘေးသင့်ဒေသအားလုံးသို့ ရောက်ရှိဆောင်ရွက်နိုင်ရေး၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် သွားရောက်ဆောင်ရွက်ရန် ခွင့်ပြုထားကြောင်း၊ ဘေးကင်းလုံခြုံရေးနှင့် ဒေသတွင်းဒေသန္တရ လုံခြုံရေးတို့အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပြီး အရေးပေါ်ကွပ်ကဲမှုဗဟိုဌာနမှ ခရီးသွားလာခွင့်များကို ထုတ်ပေးလျက်ရှိကြောင်း စသည်ဖြင့် ထုတ်ပြန်ထားရှိသည်။ **(သတင်းစဉ်)**

***✳ ရှေ့ဖုံးမှ***

မြန်မာနိုင်ငံအတွက် အခွင့်အလမ်းများစွာရစေကြောင်း ယခုအချိန်သည် မြန်မာနိုင်ငံ၌ ရေနံရှာဖွေရေးလုပ်ရန် အကောင်းဆုံးအချိန်ဖြစ်ကြောင်း ဆိုသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့မှ ကမ်းလွန်ဒါရိုက်တာ ဦးသန်းထွန်းက မြန်မာနိုင်ငံရှိ ရေနံရှာဖွေထုတ်လုပ်မှုမှာ လာမည့်သုံးနှစ်အတွင်း သက်ဝင်လှုပ်ရှားမှုအမြင့်ဆုံးဖြစ်လာဖွယ်ရှိကြောင်း၊ မိမိတို့ဌာနအနေဖြင့် ရေနံတူးဖော်ခြင်း၊ ပိုက်လိုင်းတပ်ဆင်ခြင်း၊ မြေကြောတိုင်းတာရေးလုပ်ငန်းများ စသော အွန်ရှိုးလုပ်ငန်းများနှင့် အော့ဖ်ရှိုးလုပ်ငန်းများကို မကြာမီစတင်တော့မည်ဖြစ်ကြောင်း၊ လုပ်ကွက် ၃၉ ကွက်ရှိ အွန်ရှိုးစူးစမ်းရှာဖွေရေးလုပ်ငန်းများ စတင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။

မြေကြောတိုင်းတာစစ်ဆေးရေးနှင့် လုပ်ကွက်သစ်များတူးဖော်ရေးကို ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း လုပ်ဆောင်သွားမည်ဟုသိရသည်။

Total E & P Myanmar ကုမ္ပဏီ၏အထွေထွေမန်နေဂျာ ဇာဗီယာ ပရီးလ်က မြန်မာနိုင်ငံသည် နိုင်ငံတကာကုမ္ပဏီများအတွက် အလားအလာကောင်းသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့သည် မြန်မာနိုင်ငံ၌ ရေနက်ပိုင်း ရေနံရှာဖွေရေးဆိုင်ရာ ခေတ်သစ်တစ်ခုကို စတင်ဖော်ဆောင်နေပါကြောင်း၊ မိမိတို့ကုမ္ပဏီသည် ၁၉၉၅ ခုနှစ်ကတည်းက အင်ဂျင်နီယာနှင့် နည်းပညာရှင် ၁၅၀ ကျော်အတွက် သင်တန်းပေးရာတွင် အမေရိကန်ဒေါ်လာ ၁၁၅ သန်းရင်းနှီးမြှုပ်နှံခဲ့ပြီး ကုမ္ပဏီနှင့် နည်းပညာကျွမ်းကျင်သူများအတွက် သင်တန်းကျောင်းတစ်ကျောင်း တည်ဆောက်ခဲ့ကြောင်း ဆိုသည်။

အမေရိကန်ဥပဒေအကျိုးဆောင်ကုမ္ပဏီတစ်ခုဖြစ်သော Duane Morris ကုမ္ပဏီ၏ အထွေထွေဒါရိုက်တာ အော်လီဗာမတ်စမင်က မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဘဏ်၏ Extractive Industries Transparency Initiative အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် ဆုံးဖြတ်ချက်ချလိုက်ခြင်းသည် ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် အလွန်ကောင်းမွန်သည့် အခြေအနေတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

PTT Exploration and Productionကုမ္ပဏီ၏ဒုတိယဥက္ကဋ္ဌ ဝါရာန္ဒန် လာပရာဘန်က ဒေသခံများ၏ ပညာရေးနှင့်စောင့်ရှောက်ရေး မြှင့်တင်ရေးမှာ ကြီးမားသည့်အခက်အခဲများ ဖြစ်ဖွယ်ရှိကြောင်း၊ သို့သော်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက်ဆိုပါက ထိုအခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း ဆိုသည်။

**(အေးရှား နယူးစ် နက်ဝပ်)**

# ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျေးရွာအုပ်စုများသို့ ခွဲဝေပေးအပ်

**ဆားလင်းကြီး စက်တင်ဘာ ၁၅ -** ပြည်ထောင်စုလွှတ်တော်က ဒေသဖွံ့ဖြိုးရေးအတွက် ချထားပေးသော ငွေကျပ်သိန်း ၁၀၀ ကို စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၄ ရွာနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၁၄ ခုအတွက် ဆားလင်းကြီးမြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝိတ်က ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအထောက်အကူပြုအဖွဲ့များသို့ စက်တင်ဘာ ၁၁ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝိတ်က အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျေးရွာအုပ်စုများသို့ ခွဲဝေပေးအပ်ခြင်းအခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးက တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာ အထောက်အကူပြု အဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ သားငါးလက်ကားဈေး ဖော်ဆောင်ရန် ဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေး အစိမ်းရောင်မြို့တော် အများနှင့် သက်ဆိုင်သောကုမ္ပဏီ လီမိတက်မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ သားငါးလက်ကား ဈေးကြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မန္တလေး တိုင်းဒေသကြီး ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်း၊ သားငါး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက်မွန်းလွဲ ၂နာရီက မန္တလေးအဆင့်မြင့် ဈေးချိုတော် မန်းမြန်မာ ပလာဇာ ခြောက်လွှာရှိ WESTERN PARK Restaurant ခန်းမ၌ကျင်းပရာ ရှေးဦးစွာ သဘာပတိ မန္တလေးအစိမ်းရောင် မြို့တော်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားသည်။

ထို့နောက် Strength United Myanmar Co.,Ltd. မှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်နိုင်စိုးစုက နိုင်ငံတကာ လက်ကားဈေးကြီးများ၏ ဆောင်ရွက်မှုအခြေအနေနှင့် မန္တလေး လက်ကားဈေးကြီး တည်ဆောက်မည့် ဒီဇိုင်း၊ ပုံစံများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် တိုင်းဒေသကြီးဥက္ကဋ္ဌ ဒေါက်တာ ကျော်ထင်၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ သရက်၊ ဖရဲ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုး ထုတ်လုပ်သူများ အစုအဖွဲ့များမှ တာဝန်ရှိသူများ၊ ရေထွက်ပစ္စည်း သားငါး လုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ ဘဏ်တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းရှင်များ စသည်တို့မှ တာဝန်ရှိသူတို့က လက်ကားဈေးကြီး အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ဆွေးနွေးအကြံပြု တင်ပြကြရာ သဘာပတိအဖွဲ့ဝင် မန္တလေး အစိမ်းရောင် မြို့တော်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အကြံပေးပုဂ္ဂိုလ် ဦးသန်းအောင်က ဆွေးနွေးပွဲရလဒ်များအပေါ် မှတ်တမ်းတင်ဆောင်ရွက်ထားရှိမှုကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ မန္တလေးအစိမ်းရောင်မြို့တော် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးသန်းဝင်း (မန်းမြန်မာ)နှင့် Strength United Myanmar Co.,Ltd. မန်နေဂျင်းဒါရိုက်တာက မန္တလေး လက်ကားဈေးကြီး၏ Archi Design လုပ်ငန်းအပ်နှံခြင်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြကြောင်း သိရသည်။

**တင်မောင်-မန္တလေး**

အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်

ခရမ်းလွန်ရောင်ခြည်အန္တရာယ် ကာကွယ်ရေး၊ အိုဇုန်းလွှာကို ထိန်းသိမ်းပေး



OZONE: All there is between you and UV

INTERNATIONAL DAY FOR THE PRESERVATION OF THE OZONE LAYER

16 SEPTEMBER 2015

# ဖောင်တော်ဦးဘုရားလှေပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့်လှေအသင်းများပြိုင်ပွဲဝင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်

**မိတ္ထီလာ စက်တင်ဘာ ၁၅**

မိတ္ထီလာမြို့ ဖောင်တော်ဦးဘုရားပွဲ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လှေအသင်းများသည် ပြိုင်ပွဲကျင်းပချိန်၌ အဆင်သင့်ဖြစ်စေရန် ဖောင်တော်ဦးဘုရားအနီး ကန်ရေပြင်တွင် ပြိုင်ပွဲဝင်လှေနှစ်စင်းဖြင့် စက်တင်ဘာ ၁၅ ရက်ကစတင်ပြီး ကြိုတင်ပြင်ဆင်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က လူးခင်းကြီးကျေးရွာက လှေအသင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ပြိုင်ပွဲမကျင်းပခင်မှာ ပြိုင်ပွဲဝင်ဖို့အဆင်သင့်နေချင်လို့ အခုလို လက်တွေ့လာရောက်လေ့ကျင့်နေတာပါ။ ပြိုင်ပွဲတာလွှတ်တိုင်ကနေ ပန်းတိုင်အထိ ရောက်ရှိအောင် လေ့ကျင့်ပြင်ဆင်နေတာပါ။ ပြီးတော့ ကန်ရေပြင် ရေအနက်နဲ့ ပြိုင်ပွဲမှာ လှော်ခတ်ရမယ့် လှေရဲ့အနေအထားကို ကြိုတင်သိရှိထားဖို့လိုပါတယ်။ လက်ရှိ ကန်ရေအနေအထားက ကန်ရေအနက်နည်းတာမို့ ပြိုင်ပွဲဝင်လှေအသင်းတွေအနေနဲ့ အားစိုက်ယှဉ်ပြိုင်ကြရမှာဖြစ်ပါတယ်" ဟု လူးခင်းကြီးကျေးရွာမှ ဖောင်တော်ဦးဘုရားပွဲလှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လှေအသင်းတစ်သင်းမှ အသင်းသားတစ်ဦးက ပြောသည်။



၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် ပထမဆုံးပြန်လည်ကျင်းပမည့် ယခုနှစ် ဖောင်တော်ဦးဘုရားမြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကြမည့် လှေအသင်းအရေအတွက်မှာ လူးခင်းကြီးကျေးရွာ ငါးသင်း၊ အုတ်နဲ့ဘုတ် လေးသင်း၊ နွားစမ်းတောင် ခြောက်သင်း၊ အင်းပက်လက် နှစ်သင်းနှင့် ဧည့်သည်အသင်းဖြစ်သည့် မြင်းခြံမြို့နယ်မှ တစ်သင်း စုစုပေါင်း ၁၈ သင်းဖြစ်ပြီး ပြိုင်ပွဲအား (က)အုပ်စု ငါးသင်း၊ (ခ)အုပ်စု ၅ သင်း၊ (ဂ)အုပ်စု လေးသင်း၊ (ဃ) အုပ်စု လေးသင်း ခွဲခြားကာ စက်တင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# မဲစာရင်းများအား ပြည့်စွက်ပြင်ဆင်ပြီး ထုတ်ပြန်ကြေညာ

**လှိုင်းဘွဲ့ စက်တင်ဘာ ၁၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် လှိုင်းဘွဲ့၊ ပိုင်ကျုံ၊ ရှမ်းရွာသစ်မြို့၊ မြိုင်ကြီးငူ အထူးဒေသများဖြင့် ဖွဲ့စည်းထားရှိပြီး လှိုင်းဘွဲ့မြို့တွင် ရပ်ကွက်(၄)ရပ်ကွက် ကျေးရွာအုပ်စု ၃၆ စု၊ ပိုင်ကျုံမြို့တွင် ရပ်ကွက်(၅)ရပ်ကွက် ကျေးရွာအုပ်စု ၂၇ စု၊ ရှမ်းရွာသစ်မြို့တွင် ရပ်ကွက်(၄)ရပ်ကွက် ကျေးရွာအုပ်စု ကိုးစု၊ မြိုင်ကြီးငူ အထူးဒေသတွင် ရပ်ကွက်(၂၁) စုစုပေါင်းရပ်ကွက် ၃၄ ရပ်ကွက် စုစုပေါင်းကျေးရွာအုပ်စု ၇၂ အုပ်စုများတွင် မဲစာရင်းများကို ဖြည့်စွက်ပြင်ဆင်ပြီး ပြည်သူများ အလွယ်တကူကြည့်ရှုနိုင်ရန် စက်တင်ဘာ ၁၄ ရက်မှ ၂၇ ရက်အထိ ပွင့်လင်းမြင်သာစွာ ကျေးရွာများတွင် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်၌ ကျွဲ၊ နွား၊ ခွာနာ၊ လျှာနာရောဂါ ဖြစ်ပွားမှုအပေါ် သက်ဆိုင်ရာက ဆောင်ရွက်လျက်ရှိ

**လယ်ဝေး စက်တင်ဘာ ၁၅**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် သုံးခုနှင့် ကျေးရွာအုပ်စု ခြောက်အုပ်စုတို့တွင် ဩဂုတ် ၃၀ ရက်ကစတင်၍ လယ်ယာလုပ်ငန်း ခွင်သုံး ကျွဲ၊ နွားများအပေါ် သံသယဖြစ်ဖွယ် ခွာနာ၊ လျှာနာရောဂါ (FMD)ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဩဂုတ် ၃၀ ရက်က လယ်ဝေးမြို့နယ်အမှတ် (၆)ရပ်ကွက် တမာကုန်းတွင် ကျွဲ ၊ နွား ၁၅ကောင်အား အဆိုပါရောဂါဖြစ်ပွားနေမှုကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတာဝန်ရှိသူများက စတင်တွေ့ရှိခဲ့ပြီး အမှတ်(၃) ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက် ပေါက်မြိုင်ကျေးရွာအုပ်စု၊ စည်ပိုင်းကျေးရွာအုပ်စု၊ ကူသပိတ်ကျေးရွာအုပ်စု၊ ပင်သောင်ကျေးရွာအုပ်စု၊ တည်ထောင်ကျေးရွာအုပ်စု၊ စိုင်ခေါင်းရိုးကျေးရွာအုပ်စုတို့အပါအဝင် စုစုပေါင်း ၁၈၇ ကောင်ကို ကူးစက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယခုအခါ သက်ဆိုင်ရာဌာနမှ လိုအပ်သော ထိရောက်သည့် ဆေးကုသမှု ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေး အခမဲ့ ထိုးနှံပေးမှု အဝိုင်းပတ်ကာကွယ်ဆေးတို့ကို ဆောလျင်စွာ ဆောင်ရွက်ပေးမှုကြောင့် စက်တင်ဘာ ၁၄ ရက်ထိ ပျောက်ကင်းကောင်ရေ ၁၄၃ ကောင်၊ နာဆဲကောင် ရေ ၄၄ ကောင် ကျန်ရှိနေဆဲဖြစ်ကာ ယနေ့အထိ သေဆုံးကောင်ရေ လုံးဝမရှိသေးကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ အခုလက်ရှိမှာက သံသယဖြစ်ဖွယ် ခွာနာ၊ လျှာနာရောဂါ (FMD) လို့ပဲ ခေါ်လို့ရပါတယ်။ ရောဂါကို အတည်ပြုဖို့က ရန်ကုန်ဓာတ်ခွဲခန်းကို ပို့ထားပါတယ်။ ဒီနှစ်မှာ မိုးကလည်းများတော့ မြက်နုလေးတွေ အစားများကာ မြက်နုလေးတွေမှာက ပိုတက်စီယမ်ဓာတ်ချို့တဲ့တယ်၊ ဒီတော့မြက်တောက်ပြီး ဗိုက်ဖောင်းကာ ရောဂါရတတ်တယ်၊ သေတဲ့အထိ ဖြစ်တတ်တယ်။ ခြောက်လသားအရွယ် ကျွဲ၊ နွားငယ်လေးတွေမှာ အများဆုံးဖြစ်တတ်ပါတယ်။ အခုဆိုရင် ကျွဲ၊ နွား ၃၃၅၁ ကောင်ကို ကာကွယ်ဆေးထိုးနှံထားပြီးလည်းဖြစ်ပါတယ်" ဟု လယ်ဝေးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာ အောင်စိုးမိုးက ရှင်းပြသည်။

ယင်းကဲ့သို့ သံသယဖြစ်ဖွယ် ခွာနာ၊ လျှာနာဖြစ်ပွားမှုကို လယ်ဝေးမြို့နယ်၌ အမြန်ဆုံးထိန်းချုပ်နိုင်ရန် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေပါညွှန်ကြားချက်များနှင့်အညီ လိုအပ်သော အသိပညာပေးနံရံကပ်စာစောင်များကပ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပညာပေးဟောပြောခြင်းတို့အပြင် တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်းအတွက် လယ်ဝေးနွားပွဲဈေးနှင့် သာဝတ္ထိနွားပွဲဈေးတို့ကို ပြီးခဲ့သည့် စက်တင်ဘာ ၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ အုပ်ချုပ်ရေးမှူး (စည်ပင်သာယာရေးဦးစီးဌာန) တို့၏ ညွှန်ကြားချက်ဖြင့် သီတင်းပတ်လေးပတ် ယာယီပိတ်သိမ်းထားပြီး ရောဂါဆက်လက်ဖြစ်ပွားမှု လုံးဝကင်းရှင်းသွားပါက ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုပေါက် (ဥက္ကာမြေ)**





## ယခုတစ်ကြိမ် မဲစာရင်းကြည့်ရှုသူတွေများ၊ အမှားအယွင်းနည်းပါး

**ရေစကြို စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၌ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးကြရမည့် မဲဆန္ဒရှင်စာရင်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၈၉ အုပ်စုမှ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် စက်တင်ဘာ ၁၄ ရက်က တစ်ပြိုင်တည်း ကပ်ထားပေးကြောင်း သိရသည်။

"ကျွန်တော်တို့ အမှတ်(၅)ရပ်ကွက်မှာတော့ ဒီတစ်ခါ မဲစာရင်းလာကြည့်သူတွေများပါတယ်။ မနက်ကတည်းက အခုညနေအထိ တဖွဲဖွဲလာနေကြတယ်။ ကျွန်တော်တို့ အမှတ်(၅)မှာ ရွာပိုးရပ်ကွက်၊ ရွှေဘုန်းပွင့်ရပ်ကွက်၊ မြို့မတောင်ကုန်း ရပ်ကွက်တို့ ပါဝင်ပါတယ်။ ဒီတစ်ခါ မဲစာရင်းက အမှားအယွင်းလည်း နည်းသွားတယ်။ နာမည်ရှေ့နောက်လွဲတာ၊ မှတ်ပုံတင်အမှတ်လွဲတာ အချို့တော့ ရှိပါတယ်" ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးငွေဝင်းက ပြောပြသည်။

"အရင်တစ်ခါ ကပ်တဲ့မဲစာရင်းက အိမ်ထောင်စုအလိုက်ဆိုတော့ ကြည့်ရတာရှင်းတယ်။ အခုကျတော့ အမည်အက္ခရာစဉ်နဲ့ဆိုတော့ တစ်ယောက်ချင်းရှာရတာကြာတယ်။ မျက်စိတော့လည်တယ်"ဟု မဲစာရင်းလာကြည့်သူတစ်ဦးက ညည်းတွားကာ ပြောကြားသည်။

အဆိုပါ အက္ခရာစဉ်အလိုက် ပြုစုထားသော မဲစာရင်းများကို လာရောက်ကြည့်ရှုကြသည့် မဲဆန္ဒရှင်များ အခက်အခဲမရှိစေရန် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က စောင့်ကြပ်ကူညီရှာဖွေပေးနေသည်ကိုလည်း မြင်တွေ့ခဲ့ရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## ရှာင်မြို့နယ်တွင် ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်း ဒုတိယအကြိမ် ကြေညာ

**ရှာင် စက်တင်ဘာ ၁၅**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူ အခြေခံမဲဆန္ဒရှင်စာရင်းကို ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများနှင့် ကျေးရွာများတွင် နယ်မြေများအလိုက် စက်တင်ဘာ ၁၄ ရက်မှ ၂၇ ရက်အထိ ဒုတိယအကြိမ် ကြေညာခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် ဆန္ဒမဲပေးခွင့်ရှိသူစာရင်းများကို အတည်ပြုနိုင်ရန်နှင့် မဲစာရင်းတွင် မိမိအမည်စာရင်းပါ မပါ သွားရောက်ကြည့်ရှုကြရန်၊ အသက်ပြည့်မီပြီး မဲဆန္ဒရှင်စာရင်းတွင် ကျန်ရှိနေသူများ၊ အချက်အလက်မှားယွင်း၍ ပြင်ဆင်လိုသူများ၊ မဲပေးပိုင်ခွင့်မရှိသူများပါဝင်နေပါက သတ်မှတ်ပုံစံဖြင့် ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းဖြင့် ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်းနှင့် မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးစေရန်တို့ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ရှင်းလင်း ပြောကြားခဲ့သည်။

**ထွန်းထွန်းဝင်း(ရှာင်)**

## ကျောင်းပြင်ပမူလတန်းပညာရေး မြို့နယ်အဆင့်လုပ်ငန်းဖွင့်

**ညောင်တုန်း စက်တင်ဘာ ၁၅**

အကြောင်း အမျိုးမျိုးကြောင့် ကျောင်း လုံးဝမနေခဲ့ဖူးသေးသူ၊ ကျောင်းနေခဲ့သော်လည်း မူလတန်းပညာမပြီးဆုံးမီ ကျောင်းစောထွက်ခဲ့သူ အသက် ၁၀ နှစ်မှ ၁၄ နှစ်သက်ငယ် အုပ်စုကလေးများကို ဒုတိယအကြိမ် ပညာရေးအခွင့်အလမ်း ထပ်မံဖြည့်ဆည်းပေးရန်နှင့် အဆိုပါကလေးများအား အခြေခံပညာ အလယ်တန်းဆင့်သို့ ဆက်လက်သင်ယူခွင့်ရရှိစေရန်တို့ကို ရည်ရွယ်၍ မြန်မာနိုင်ငံစာမတတ်သူပပျောက်ရေးတို့ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်တို့အတွက် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ၂၀၁၅-၂၀၁၆ ကျောင်းပြင်ပမူလတန်းပညာရေး (Non-Formal Primary Education) NFPE မြို့နယ်အဆင့်လုပ်ငန်းဖွင့်ပွဲနှင့် အခြေစိုက်စခန်းများအား တာဝန်ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက်က အထက(၂) ဇရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းမှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသက်လင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာန ကျောင်းပြင်ပ မူလတန်းပညာရေး NFPE Project စီမံကိန်းမန်နေဂျာ ဆရာကြီး ဦးထွန်းကြည် (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း) က ကျောင်းပြင်ပမူလတန်းပညာရေး၏ ရည်ရွယ်ချက်များ၊ ကျောင်းပြင်ပမူလတန်းပညာရေးအကြောင်း၊ နှစ်အလိုက် တိုးချဲ့ဆောင်ရွက်မှုများ၊ အခြေစိုက်စခန်းများ ထားရှိရေး၊ သင်ကြားရမည့် ဘာသာရပ်များ၊ သင်ကြားမှုသင်ယူမှုနှင့် Level အဆင့် သတ်မှတ်ခြင်းများ၊ အခြေစိုက် စခန်းအလိုက် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်နိုင်ရေး ဖွင့်လှစ်ပြီး ဖွင့်လှစ်ဆဲမြို့နယ်များနှင့် တိုးတက်အောင်မြင်မှုတို့ကို ရှင်းလင်းပြောကြားသည်။

၂၀၁၅-၂၀၁၆ ကျောင်းပြင်ပမူလတန်းပညာရေး (NFPE) အခြေစိုက်စခန်းများထားရှိရာ ဂျုံးဂျုံးကျ အမက၊ ထလုတ်ထော်ကုန်းအမက၊ ရွှေဟင်္သာတောရအမက၊ ကြိမ်ပင်ဆယ်အထက (ခွဲ)၊ ချောင်းကြီးကျေးရွာအထက၊ တူးချောင်းအလက(ခွဲ)၊ ကဇန်းမူလွန်ကျောင်းများရှိရာ ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထက်က တစ်ဦးချင်းစီ တာဝန်ပေးခန့်အပ်လွှာများ ပေးအပ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**



စက်တင်ဘာ ၁၅ ရက်က လမ်းမတော်နှင့်လသာမြို့နယ်အတွင်းရှိ တစ်လမ်းမောင်းလမ်းမကြီးများပေါ်တွင် စည်းကမ်းတကျအနေးယာဉ်များ သွားလာရေးအတွက် သက်ဆိုင်ရာက စစ်ဆေးအရေးယူမှုများရှိနေရာ စည်းကမ်းမဲ့လိုင်စင်မဲ့အနေးယာဉ်များကို စစ်ဆေးအရေးယူပြီး မော်တော်ယာဉ်ပေါ်သို့ တင်ဆောင်နေစဉ်။ ခင်ဆိုင်

## ချိုင်းနားယူနီကွန်းကုမ္ပဏီကအပြည်ပြည်ဆိုင်ရာ ရေအောက်ဆက်သွယ်ရေးကေဘယ်လမ်းကြောင်းကို မြန်မာနိုင်ငံနှင့် ပူးပေါင်းတည်ဆောက်

**ပေကျင်း စက်တင်ဘာ ၁၅**

တရုတ်နိုင်ငံ၏ နိုင်ငံတော်ပိုင်ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် ချိုင်းနားယူနီကွန်းကုမ္ပဏီသည် ၎င်း၏ အပြည်ပြည်ဆိုင်ရာရေအောက်ဆက်သွယ်ရေးကေဘယ်လမ်းကြောင်းတစ်ခုကို မြန်မာနိုင်ငံနှင့်ပူးပေါင်းတည်ဆောက်နေကြောင်း ချိုင်းနားယူနီကွန်းကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ ဂျင်ဇင်ဇင်းက စက်တင်ဘာ ၁၃ရက်တွင် ပြောကြားသည်။

အဆိုပါကြေညာချက်အား ၎င်းကနန်နင်းမြို့တွင် ကျင်းပသော တရုတ်-အာဆီယံဆက်သွယ်ရေးဖိုရမ်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ချိုင်းနားယူနီကွန်းကုမ္ပဏီမှ အမေရိကန်ဒေါ်လာသန်း ၅၀ ရင်းနှီးမြှုပ်နှံထားသော တရုတ်-မြန်မာပူးပေါင်းဆောင်ရွက်သည့် အဆိုပါစီမံကိန်းတွင် optical cable transmission system မှာ ယခုအခါပြီးစီးနေပြီဖြစ်သည်။ ချိုင်းနားယူနီကွန်းကုမ္ပဏီအနေဖြင့် ၎င်း၏အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးကွန်ရက်အား အိန္ဒိယသမုဒ္ဒရာအထိ တိုးချဲ့နိုင်ခဲ့သည်ဟု ဂျင်ဇင်ဇင်းက ပြောကြားသည်။

ချိုင်းနားယူနီကွန်းကုမ္ပဏီအနေဖြင့် တရုတ်နှင့်အာဆီယံနိုင်ငံများအကြား ဆက်သွယ်ရေးဆိုင်ရာအခြေခံ အဆောက်အအုံများကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ပြီး တရုတ်၏ ပိုးလမ်းမကြီးအတွက် ဆက်သွယ်ရေး မူဝါဒကိုချမှတ်ပေးမည်ဟု ဂျင်ဇင်ဇင်းကပြောကြားသည်။ **စိန်ရင်**

### နိုင်ငံတကာသတင်း

## လိပ်ကျွန်းလူသတ်မှုမှ စွပ်စွဲခံရသူ မြန်မာနိုင်ငံသားနှစ်ဦး လူသတ်မှုကျူးလွန်ကြောင်း အထောက်အထားမတွေ့ရ

**ဝရဇိန်**

**ဗန်ကောက် စက်တင်ဘာ ၁၅**

မြန်မာရွှေ့ပြောင်းလုပ်သားနှစ်ဦး လူသတ်စဉ်က အသုံးပြုခဲ့သည်ဟု ရဲတပ်ဖွဲ့ကယူဆသည့် ပေါက်ပြားကို မှုခင်းဆေးပညာဆိုင်ရာ ဆေးစစ်ဆေးချက်ကိုရယူခဲ့ရာတွင် ကမ္ဘာလှည့်များသွားရောက်အပန်းဖြေကြသည့် ထိုင်းနိုင်ငံကော့စမူ(လိပ်)ကျွန်း၌ ဗြိတိသျှနိုင်ငံသားကမ္ဘာလှည့်ခရီးသည်နှစ်ဦးကို သတ်ခဲ့သည်ဟူသောအမှုဖြင့် တရားစွဲဆိုခံထားရသည့် မြန်မာရွှေ့ပြောင်းလုပ်သားနှစ်ဦး၏ ဒီအင်န်အေ (ဗီဇလက္ခဏာဆောင်ဓာတုပစ္စည်း)နှင့် ကိုက်ညီမှုမရှိကြောင်း ၎င်းတို့၏ရှေ့နေက စက်တင်ဘာ ၁၁ရက်နေ့က ပြောကြားသည်။

စွဲချက်တင်ထားခံရသည့် မြန်မာနိုင်ငံသားဇော်လင်းနှင့် ဝင်းဇော်ထွန်းတို့၏ ရှေ့နေများက ၎င်းတို့၏ခုခံကာကွယ်ရေးအတွက် အထူးအရေးကြီးသော သက်သေအထောက်အထားများကို ရဲတပ်ဖွဲ့ဝင်များက မှားယွင်းကိုင်တွယ်အသုံးပြုခဲ့ကြောင်း၊ ထို့ကြောင့် ယင်းသက်သေအထောက်အထားများကို စစ်ဆေးရန် နာမည်ကြီးမှုခင်းဆေးပညာကျွမ်းကျင်သူ ထိုင်းနိုင်ငံသား ပွန်သစ်ရိုဂျာနာဆူနန်ကို အကူအညီတောင်းခဲ့ရကြောင်း ဆိုသည်။

အဆိုပါပေါက်ပြားအပေါ် တွေ့ရှိခဲ့သော ဒီအင်န်အေမှာ ထိုလူသတ်သမား၏ ဒီအင်န်အေဖြစ်သည်ဟု ရဲများက ပြောဆိုခဲ့သော်လည်း စစ်ဆေးရေးအဖွဲ့တွေ့ရှိချက်အရ ယင်းဒီအင်န်အေမှာ စွပ်စွဲခံရသူနှစ်ဦး၏ ဒီအင်န်အေမဟုတ်ကြောင်းကို တရားခံရှေ့နေ နခွန်ချွန်ပူချက တရားရုံးသို့ ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များသည် အဆိုပါ ဒီအင်န်အေနှင့်ပတ်သက်ပြီး ဝိရောဓိဖြစ်အောင်ပြောဆိုခဲ့ကြောင်း စောစောပိုင်းက ဒီအင်န်အေပျောက်ဆုံးကုန်ပြီဟု ပြောသော်လည်း နောက်ပိုင်းတွင် ဒီအင်န်အေ နမူနာများ ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်ဟူ၍ အမျိုးမျိုးပြောဆိုခဲ့ကြောင်း တရားခံရှေ့နေက ဆိုသည်။

ဗြိတိန်နိုင်ငံသား ဒေးဗစ်မီလာ ၂၄ နှစ်နှင့် ဗြိတိန်နိုင်ငံသူ ဟာနာဝစ်သရစ်တို့သည် ယမန်နှစ်အောက်တိုဘာလက အဆိုပါလိပ်ကျွန်းတွင် သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်သည်။ ထိုမြန်မာနိုင်ငံသားနှစ်ဦးသည် လူသတ်မှုကျူးလွန်ခဲ့သည်ဟု ပထမပိုင်းတွင် ဝန်ခံခဲ့သော်လည်း နောက်ပိုင်းတွင် ၎င်းတို့အနေဖြင့် လူသတ်မှုကျူးလွန်ခြင်းမရှိဘဲ ခြိမ်းခြောက်ခံရမှုကြောင့်သာ သတ်ခဲ့သည်ဟု ဝန်ခံခဲ့ခြင်းသာဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။ **(ရိုက်တာ)**

# ရေး-မော်လမြိုင်ကားလမ်း၌ ခရီးသည်တင်မှန်လုံယာဉ်အား သေနတ်ပစ်ခတ် လုယက်မှုဖြစ်ပွား

**ရေး စက်တင်ဘာ ၁၅**

စက်တင်ဘာ ၁၅ ရက် နံနက် ၁ နာရီခန့်က လမိုင်းမြို့ နှင်းစုံကျေးရွာအနီး မိုင်တိုင်အမှတ်(၈၂/၆)နှင့်(၈၂/၇)အကြား ရေး-မော်လမြိုင်သွားကားလမ်း၌ လက်နက်ကိုင်၍ ခရီးသည်တင်မှန်လုံယာဉ်အား သေနတ်ဖြင့်ပစ်ခတ်ကာ လုယက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးမင်းမင်း(ခ)နှုတ်ခမ်းမွှေး (၄၇နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက် မွန်ချမ်း (၂၁ နှစ်) ထားဝယ်မြို့ တနင်္သာရီတိုင်း ဒေသကြီးနေသူ လိုက်ပါလာသော ယာဉ်အမှတ် 8j/----- Fuso အမျိုးအစား မှန်လုံယာဉ်သည် ခရီးသည် ၄၆ ဦးကိုတင်ဆောင်၍ မော်လမြိုင်မြို့ဘက်မှ ရေးမြို့ဘက်သို့မောင်းနှင်လာစဉ် နှင်းစုံကျေးရွာအနီးသို့အရောက် ကားလမ်းဘေးမှ ပြောက်ကျားဝတ်စုံဝတ်လျက် သေနတ်အရှည်တစ်လက် ကိုင်ဆောင်ထားသူတစ်ဦး ရုတ်တရက်ထွက်လာပြီး မော်တော်ယာဉ်ကို ၎င်းကိုင်ဆောင်ထားသည့်သေနတ်ဖြင့် လေးချက်ပစ်ခတ်ရာ ယာဉ်မောင်း ကိုမင်းမင်း(ခ) နှုတ်ခမ်းမွှေး၏ ဝဲဘက်မျက်ခုံးအောက်မှ ဝဲနားရွက်အထိ သေနတ်ထိမှန်ပြီး ဒဏ်ရာရရှိကာ မော်တော်ယာဉ်ရပ်တန့်သွားစဉ် ထိုလူက မော်တော်ယာဉ်ပေါ်ရှိ ခရီးသည်များအား မော်တော်ယာဉ်ပေါ်မှဆင်းခိုင်းကြောင်း၊ ခရီးသည်များအား ကားလမ်းဘေး၌ မှောက်ခိုင်းပြီး ရွှေမလိုကြောင်းနှင့် ပါရှိသည့်ငွေများထုတ်ပေးရန် တောင်းခံကြောင်း၊ ယာဉ်နောက်လိုက် မွန်ချမ်းအား မော်တော်ယာဉ်ပေါ်သို့ တက်ယူခိုင်းစဉ် မွန်ချမ်းမှာ မော်တော်ယာဉ်ပေါ်သို့တက်ရောက်၍ ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ မော်တော်ယာဉ်ပါ ခရီးသည်များအနက်မှ စောမိုက်ကယ် (၂၆ နှစ်) ဇလွန်မြို့နယ် ဧရာဝတီတိုင်း ဒေသကြီးနေသူထံမှ ငွေကျပ် ၁၈၀၀၀ နှင့် ကိုဝင်းအောင် (၃၈ နှစ်) ရေစကြိုမြို့နယ်နေသူတို့ထံမှ Huawei အမျိုးအစား ဆင်းကတ်ပါ ဖုန်းတစ်လုံးကိုယူဆောင်၍ ခရီးသည်များအား မော်တော်ယာဉ်ပေါ်သို့ တက်ခိုင်းပြီး ကားလမ်းဘေးရှိ တောအတွင်းသို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များနှင့် ပတ်သက်၍ ယာဉ်မောင်း မင်းမင်း(ခ)နှုတ်ခမ်းမွှေးမှာ ဒဏ်ရာများရရှိသဖြင့် ရေးဆေးရုံ၌ အတွင်းလူနာအဖြစ် (စိုးရိမ်ရကာ) ရန်ကုန်ဆေးရုံသို့ အရေးပေါ်တင်ပို့ပေးပြီး သက်ဆိုင်ရာနယ်မြေတပ်ရင်းမှ တပ်ဖွဲ့ဝင်များနှင့် ရေးမြို့နယ် ရဲမှူးမြင့်သော်၊ နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ဖြစ်မှုကျူးလွန်သူ ထွက်ပြေးရာလမ်းကြောင်းနောက်သို့ လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# တက္ကသိုလ်ကျောင်းသူတစ်ဦး မော်တော်ယာဉ်ပိသေဆုံးမှုဖြစ်

**စကု စက်တင်ဘာ ၁၅**

မော်တော်ယာဉ်တိမ်းမှောက်ရာမှ လမ်းဘေးရပ်ထားသော ဆိုင်ကယ်နှစ်စီးပေါ်သို့ပိပြီး တက္ကသိုလ်ကျောင်းသူတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။ ဖြစ်ပွားပုံမှာ မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၊ မင်းဘူး-အမ်းလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ် (၁၇)မိုင် ခြောက်ဖာလုံအနီး စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မော်တော်ယာဉ်အမှတ် YGN 6F--- ယာဉ်မောင်း ဟိန်းမင်းလတ် အသက် (၂၇)နှစ် မောင်းနှင်လာသောကားမှာ ညာဘက်နောက်ဘီးပေါက်၍ လမ်းဘေးသို့ကျကာ တိမ်းမှောက်ပြီး လမ်းဘေးတွင်ရပ်တန့်ထားသော မော်တော်ဆိုင်ကယ်နှစ်စီးအားပိရာတွင် တတိယနှစ် ပထဝီဝင် မကွေးတက္ကသိုလ် စာပေးစာယူ ကျောင်းသူ မဇင်မာလွင် အသက် (၂၃ နှစ်) စမ်းကြီးအိုင်ကျေးရွာ မင်းတုန်းမြို့နယ်နေသူသည် နေရာတွင်ကားပိ၍ သေဆုံးကာ ဒုတိယနှစ် အင်္ဂလိပ်စာ မကွေးတက္ကသိုလ် စာပေးစာယူ ကျောင်းသူအသက် (၂၃ နှစ် ) သူငယ်ချင်းဖြစ်သူမှာ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ ၎င်းယာဉ်မောင်းအား စကုနယ်မြေခံရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်ရီ (ဆသရ)**



# ဖမ်းဆီးရမိထားသော လောင်းကစားစက်များ မီးရှို့ဖျက်ဆီး

**မြစ်ကြီးနား စက်တင်ဘာ ၁၅**

ဖမ်းဆီးရမိထားသော လောင်းကစား (MoneyGame) စက်များအား မီးရှို့ဖျက်ဆီးခြင်းကို စက်တင်ဘာ ၁၅ ရက် ညနေပိုင်း ၄ နာရီက မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ အဝေးပြေးယာဉ်ရပ်နားစခန်း မြေနေရာတွင် ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ဖမ်းဆီးရမိ လောင်းကစားဂိမ်းစက် (Money Game) များကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးခေါင်နန်ဒီ၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး လှဝင်းနှင့် တာဝန်ရှိသူများက မီးရှို့ဖျက်ဆီးပေးခဲ့ကြသည်။

ဖမ်းဆီးရမိထားသော လောင်းကစား (Money- Game) စက်စုစုပေါင်းကာလတန်ဖိုး ငွေကျပ် သိန်း ၃၇၀ ခန့်ရှိကြောင်း သိရသည်။

ယင်းမီးရှို့ဖျက်ဆီးရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခေါင်နန်ဒီ၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး လှဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးလှမိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**မင်းမင်း(မြစ်ကြီးနား)**

# မတူပီ-မင်းတပ်ကြား ယာဉ်တိမ်းမှောက်

**မင်းတပ် စက်တင်ဘာ ၁၅**

စက်တင်ဘာ ၁၅ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် (မုံရွာ)တွင် ကျင်းပမည့် တိုင်းမျုး(ဒိုင်း) လက်ရွေးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မတူပီမှ မင်းတပ်သို့ မောင်းနှင်လာသည့် ဗ/---- ဂျစ်ကား အစိမ်းရောင်သည် မိုင်တိုင်အမှတ် (၄၆/၂)နှင့် (၄၆/၃)မိုင် ကြားအရောက်တွင် ကားဘရိတ်ပေါက်အရှိန်လွန်ပြီး လမ်း၏ယာဘက် ပေ ၁၀၀ ခန့် ချောက်ကမ်းပါးသို့ ကျသွားခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တွင် လိုက်ပါလာသည့် ၁၀ ဦးအနက် ကိုးဦးမှာ ဒဏ်ရာရရှိကာ မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် (အတွင်းလူနာ၊ မစိုးရိမ်ရ) ဆေးကုသမှု ခံယူလျက်ရှိကြောင်း ယာဉ်မောင်း ဦးတင်စိုးအား မင်းတပ်ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

**(ခရိုင် ပြန်/ဆက်)**

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၅** မူးယစ်တပ်ဖွဲ့စု (၂၁)ကွမ်းလုံနှင့် လောက်ကိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၃ ရက်က ရန်လုံကျိုင်းမှ လောက်ကိုင်မြို့သို့လမ်းလျှောက်လာသူ ရှုံယင်ချင်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၄၈၇၅ ပြားကိုလည်းကောင်း၊ စက်တင်ဘာ ၁၀ရက်က မူးယစ်တပ်ဖွဲ့စု (၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် ပေါ်ဦးစားသောက်ဆိုင် လမ်းကြားတွင် တင့်နိုင်မောင်းနှင်ပြီး ကျော်စွာချစ်လိုက်ပါလာသော မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀နှင့် ဘိန်းဖြူ ၀ ဒသမ ၀၀၀၄၄ ကီလိုတို့ကို သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ ရပ်ကွက် ၄ မ(၄/၇၉) ရှိတင့်နိုင်(ခ) မောင်နိုင်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် ၀ ဒသမ ၄ ကီလို တို့ကိုလည်းကောင်း၊ စက်တင်ဘာ ၁၁ ရက်က ပုံပါကျင်မြို့နားကောင်းမူကျေးရွာ ရပ်ကွက်(၅)နေ လူသန်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀နှင့် မြန်မာငွေကျပ် ၂၀၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


**ဖခင်အမည်မှန်**
ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်း အထက တက္ကသိုလ်ဝင်တန်း(Eco)မှ ကျောင်းဝင်အမှတ်(၀၈၆၁)ဖြစ်သူ မချိုသဥ္ဇာဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင် ၁၂/ကတန(နိုင်)၀၈၁၄၅၆ ဖြစ်ပါသည်။

**မွေးသက္ကရာဇ်အမှန်**
ဦးမျိုးမြင့်-ဒေါ်နော်တီတီစေး ၁၂/ဗဟန(နိုင်)၀၀၂၄၂၀တို့၏သမီး ပဋ္ဌမတန်းမှ မခင်မေသူအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၅-၂၀၀၂ ဖြစ်ပါကြောင်း။

**အမည်မှန်**
ဦးလှကျော်၏သား မောင်မျိုးကျော် ၁၂/ဒဂတ(နိုင်)၀၂၈၃၅၇၏အမည်မှန်မှာ မောင်မျိုးဇော်ဖြစ်ပါသည်။
**မောင်မျိုးဇော်**

**ပျောက်ဆုံးကြောင်း**
ဒေါ်လှနု ၁၁/စတန(နိုင်)၀၃၄၀၃၇၏ Passport No.A 238337 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၂၀၃၃၁၂**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 7H/8881 Suzuki Carry DAGS P/U ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်း ၉/မတလ(နိုင်)၀၄၄၈၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ရွှေဆောင် ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄ ၀၁-၃၇၀၇၈၇ | မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၁၅ ၀၉၂၆၀၈၈၇၀၁၆ ၀၁ ၂၃၀၁၁၆၅ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၁၇၇၅၁ ၀၉၇၉၁၁၈၁၇၇၅၂ | မြို့မ(မန္တလေး) နံနက်(၁၀း၀၀)နာရီ ၀၂-၃၉၁၁၆ ၀၂-၃၉၁၁၇ | မင်္ဂလာဒိုင်းမွန်း(မန္တလေး) ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂

မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၁၅ ၀၉၂၆၀၈၈၇၀၁၆ ၀၁ ၂၃၀၁၁၆၅ | မင်္ဂလာဒိုင်းမွန်း (မန္တလေး) ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ | ပွဲချိန်သတိပြု ၁၀း၀၀နာရီ ၁၂း၃၀နာရီ ၃း၃၀နာရီ ၆း၃၀နာရီ ၉း၃၀နာရီ | ၁၈.၉.၂၀၁၅ ရက်မှစ၍ပြမည်

နေပြည်တော် ၀၁-၂၅၁၂၇၇ ၀၁-၂၅၁၂၈၈ | မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | မင်္ဂလာဒိုင်းမွန်း (မန္တလေး) ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ | ပွဲချိန်သတိပြု ၁၀း၀၀နာရီ ၁၂း၃၀နာရီ ၃း၃၀နာရီ ၆း၃၀နာရီ ၉း၃၀နာရီ













စက်တင်ဘာ ၁၄ ရက်ညက ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက် ရပ်ကွက် ကမ်းနား လမ်းနှင့် အုန်းပင် လမ်းထောင့်တွင် ငါးများတင်ဆောင်လာသော သုံးဘီးဆိုင်ကယ်ယာဉ်နှင့် ခရီးသည် အငှားယာဉ်တို့ တိုက်မိခဲ့ရာ သုံးဘီးဆိုင်ကယ်ယာဉ်မှာ တိမ်းမှောက်သွားခဲ့ပြီး အငှားယာဉ် ခရီးသည်တင်ယာဉ်မှာ လမ်းလယ်ကွန်ကရစ် တုံးများကို တိုက်မိပြီး ပျက်စီးသွားသည်ကို တွေ့ရစဉ်။
ဘော်ဂါသွေး

# အကောက်ခွန်ဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဆိုပြီး သိန်း ၇၀၀ ကံထူးရှင်ရွေးခံရသည်ဆိုကာ ငွေလိမ်လည်တောင်း

**တောင်တွင်းကြီး စက်တင်ဘာ ၁၅**

တောင်တွင်းကြီးမြို့နယ် သစ်ခုတ်ကွင်းကျေးရွာနေသူ အမျိုးသားတစ်ဦးထံမှ သိန်း ၇၀၀ ကံထူးရှင်ရွေးချယ်ခံရသည်ဆိုကာ ငွေလိမ်လည်လွှဲခိုင်းမှု စက်တင်ဘာ ၁၀ ရက်က ဖြစ်ပွားခဲ့ကြောင်း တောင်တွင်းကြီးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ တောင်တွင်းကြီးမြို့နယ် သစ်ခုတ်ကွင်းကျေးရွာနေ ဦးသန်းဦးသည် စက်တင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီက နေအိမ်တွင်ရှိနေခိုက် ဖုန်းအမှတ် ၀၉-၇၃၁၂၁၀၂၈ ဖြင့် အမည်မသိ လူတစ်ဦးက ၎င်း၏ဖုန်း သို့ဆက်သွယ်လာပြီး ၎င်းမှာ အကောက်ခွန်ဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဖြစ်ကြောင်း၊ ကမ်းရိုးတန်းဖုန်းအလုံး ၂၇၀ အတွက် ယခင်နှစ်ရရှိခဲ့သော အမြတ်ငွေသိန်း ၁၄၀၀ ကို ကံထူးရှင်နှစ်ဦး ရွေးချယ်ရာတွင် ဦးသန်းဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦးတို့ရရှိကြောင်း၊ တစ်ဦးလျှင် သိန်း ၇၀၀ အတွက် အခွန်ဆောင်ခငွေ ၂၈ သိန်းကျပ် ပေးရမည်ပြောကြားခဲ့သောကြောင့် ဦးသန်းဦးက ၁၅ သိန်းသာရှိကြောင်း ပြော၍ ၁၅ သိန်းလွှဲပေးရန်နှင့် ကျန် ၁၃ သိန်းကို နောက်မှလွှဲပေးရန် အဆိုပါ လွှဲငွေများကို ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ် AGD ဘဏ်ခွဲသို့ ဦးအောင်ပိုင် ၇/မညန(နိုင်)---- အမည်ဖြင့် လွှဲပေးရန်ပြောခဲ့သောကြောင့် အဆိုပါနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ဦးသန်းဦးက တောင်တွင်းကြီးမြို့ရှိ AGD ဘဏ်သို့ ငွေ ၁၅ သိန်းလွှဲမည့်ကိစ္စ သွားရောက်ပြီး ဘဏ်စာရေးမတစ်ဦးအားရှင်းပြရာ လိမ်လည်တောင်းခံခြင်းဖြစ်နိုင်ကြောင်း သိရသဖြင့် ဘဏ်အချင်းချင်း ဆက်သွယ်ကာ ကမာရွတ်မြို့နယ် AGD ဘဏ်ခွဲက ဦးသန်းဦးထံ ဆက်သွယ်ပြီး ဖုန်း-၀၉-၇၃၁၂၁၀၂၈ သို့ ငွေရောက်နေကြောင်း ပြောကြားခဲ့သည်။ အဆိုပါနေ့ ညနေ ၄ နာရီ မိနစ် ၄၀ တွင် ကမာရွတ်မြို့နယ် AGD ဘဏ်ခွဲသို့ ငွေလာရောက် ထုတ်ယူသူများဖြစ်သည့် မျိုးမင်းပိုင်(ခ)ပိုင်လေး၊ အသက်(၂၄ နှစ်)လှိုင်သာယာမြို့နယ်၊ မျိုးဝင်းအောင် အသက်(၁၉ နှစ်) လှိုင်သာယာမြို့နယ်၊ ရှိန်းကို(ခ) ရှိန်းထက်ဇော် အသက် (၂၀ နှစ်) လှိုင်သာယာမြို့နယ်နေသူတို့ သုံးဦးအား ကမာရွတ်မြို့နယ် မြို့မရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။ ထိုငွေကျပ် ၁၅ သိန်း လိမ်လည်လွှဲခိုင်းသူများဖြစ်သည့် ဦးအောင်ပိုင်ပါ သုံးဦးကို တောင်တွင်းကြီးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားသည်။ **ကျော်ဇေယျ**

## လောင်းကစား ပြုလုပ်သူကို အရေးယူ

**ဇဖဲ စက်တင်ဘာ ၁၅** မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၃ ရက်က ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၂၆၄/၃) အနီးတွင် ပဒါန်းကျေးရွာဘက်မှ ရွှေစက်တော်ဘုရားသို့ ကိုလတ်(ခ) ကျော်ဇင်ဝေ (၃၆ နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရပ်တန့်စစ်ဆေးရာ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဘောက်ချာစာအုပ်များနှင့် ငွေစက္ကူရောရာ ကျပ် ၁၁၁၁၅၀၀ ကို ရှာဖွေသိမ်းဆည်းရမိ၍ လောင်းကစားပြုလုပ်သူ၏ကို ငဖဲမြို့နယ် မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**မောင်ညီညာ(မြေလတ်)**

# ကျောက်တံခါးမြို့နယ်၌ ဆီဘောက်ဆာယာဉ် တိမ်းမှောက်

**ကျောက်တံခါး စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မ ရဲစခန်း၏ မြောက်ဘက် လေးမိုင်ခန့်အကွာ ရင်းတိုက်ကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်းမိုင်တိုင်အမှတ် (၁၁၇/၄) နှင့် (၁၁၇/၅) အကြား လမ်းအကွေ့တွင် စက်တင်ဘာ ၁၅ ရက် နံနက် ၁ နာရီခွဲ က ဆီဘောက်ဆာယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

အခင်းဖြစ်နေရာသို့ ကျောက်တံခါးမြို့မရဲစခန်းက စခန်းမှူး ဒုရဲမှူးသိန်းထိုက် သွားရောက်စစ်ဆေးရာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးလှရွှေ (၃၈ နှစ်) မှန်တမ်းရွာ သရက်ကုန်းအုပ်စု နောင်ချိုမြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ်3B/--- ဒီဇယ် ဂါလန် ၃၈၀၀ တင်ဆောင်လာသော ၁၂ ဘီး ဆီဘောက်ဆာယာဉ်သည် လမ်းကွေ့တွင်အရှိန်မထိန်းနိုင်ဘဲ လျှပ်စစ်မီးသွယ်တန်းထားသောကွန်ကရစ်တိုင်အားဝင်တိုက်မိပြီး ယာဉ်မှာတိမ်းမှောက်ခဲ့ရာ ဆီဘောက်ဆာမှ ဒီဇယ်များယိုစိမ့်ခဲ့ကြောင်း၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့တွင် ဒဏ်ရာများရရှိ၍ ကျောက်တံခါးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့မရဲစခန်းက ယာဉ်မဆင်မခြင်မောင်းနှင်သည့်ယာဉ်မောင်းကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**ခင်ကို(ကျောက်တံခါး)**



## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက် (စက်မှုဇုန်)၊ ပတ္တမြားလမ်း၊ မြေကွက်အမှတ် (၄၇၃)၊ အလျားပေ ၆၀×အနံပေ၆၀၊ ဧရိယာ ၀ ဒသမ ၀၈၃ ဧက၊ စတုရန်းပေ ၃၆၀၀ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက် လက်ရှိထားပိုင်ဆိုင်ပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့် ၁၄/ပသရ(နိုင်) ၀၈၁၈၃၉ ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ငြိမ်းချမ်း LL.B**
**အထက်တန်းရှေ့နေ**
**(စဉ်-၂၇၇၁၇)**

**ဦးနန်းဦးလင်း LL.B, D.B.L, D.I.L**
**အထက်တန်းရှေ့နေ**
**(စဉ်-၃၄၁၂၃)**

**အမှတ် (၂၃) ပထမထပ်၊ ဦးဖိုးလမ်း၊ စမ်းချောင်းမြို့နယ်**

**ဖခင်အမည်မှန်**

တန့်ဆည်မြို့ အထက(၂) တက္ကသိုလ်ဝင်တန်း (E)မှ မောင်ငြိမ်းချမ်းအောင်နှင့် တန့်ဆည်မြို့နယ်၊ ဖလံချိုင် အလက(ခွဲ) ဆဋ္ဌမတန်းမှ မဇင်မာလွင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်လွင် ၅/တဆန(နိုင်)၁၀၂၇၆၆ ဖြစ်ပါသည်။

## အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး
## အဘိဓမ္မာအခါတော်နေ့ကျင်းပနိုင်ရေးကြေညာချက်

၁၃၇၇-ခု၊ အဘိဓမ္မာအခါတော်နေ့တွင် တိုင်းနှင့်ပြည်နယ်များရှိ အသင်းခွဲများအားလုံး တစ်ပြိုင်နက် ကျင်းပနိုင်ရန် စာတိုက်မှ ပေးပို့ထားသော "အခါတော်နေ့" ဆိုင်ရာပါဠိတော်၊ ကျူးရင့်သံ စာရွက်စာတမ်းများမှာလွန်ခဲ့သည့်ဇွန်လနှင့်ဇူလိုင်လများတွင် နိုင်ငံအနှံ့အပြား၌ ရေကြီးမှုကြောင့် ပျောက်ပျက်ဆုံးရှုံး မှုရှိသော အသင်းခွဲများသည် အဘိဓမ္မာအခါတော်နေ့ ကျင်းပနိုင်ရေးအတွက် လိုအပ်သော စာရွက်စာတမ်းများကို မိမိအသင်းခွဲ၏ "အညွှန်းအမှတ်" ဖော်ပြလျက် အသင်းကြီး၏ အောက်ပါဖုန်းများသို့ ဆောလျင်စွာ ဆက်သွယ်၍ ရယူကြပါရန် အကြောင်းကြားအပ်ပါသည်။(စာတိုက်မှ အချိန်မီရောက်ရှိရန်ခက်ခဲသော အသင်းများသည် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ အသင်းကြီးသို့ လာရောက် ထုတ်ယူနိုင်ပါသည်။)

(အမှုဆောင်အဖွဲ့)

ဆက်သွယ်ရန်ဖုန်းများ- ၀၁- ၃၇၈၄၅၇၊ ၀၁- ၃၇၁၃၄၈၈၊ ၀၉- ၂၅၀၃၁၆၂၈၆

## မင်္ဂလာဆုမွန်

ဘိုးဘိုးချစ်ချစ်တုန် - ဘွားဘွားတုန်တုန် ချစ်ရတဲ့ သမီးလေး အင်ကြင်းမြတ်(ခ)ပေါက်စီ (အောင်သုခကိုယ်ပိုင်ကျောင်း၊ ရွှေပြည်သာမြို့နယ်) ၁၆-၉- ၂၀၁၅ ရက်မှာ ကျရောက်တဲ့ (၆)နှစ်ပြည့် မွေးနေ့မင်္ဂလာမှ နောင်နှစ်ပေါင်းများစွာတိုင် သက်ရှည်ကျန်းမာ စိတ်ချမ်းသာ၊ ထူးချွန်ထက်မြက်လွန်သွက်လက်၊ တတ်သိလိမ္မာ မြတ်ရတနာလေး ဖြစ်ပါစေ-

**ဘိုးဘိုး ဦးစိုးမြင့် - ဘွားဘွား အန်တီမြ (နယ်စပ်ရေးရာဝန်ကြီးဌာန)**
**ဖေဖေဦးသီဟစိုးမြင့် - မေမေ ဒေါ်သရဖီဆန်း (အကောက်ခွန်ဦးစီးဌာန)**
**ကြီးကြီးသဲ (နေပြည်တော်စည်ပင်သာယာရေးကော်မတီ)**
**ဘဘမောင်၊ ကြီးကြီးအေး၊ ညီမလေး ဆုပြည့်သူရိန်**
**(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မော်လမြိုင်)**

**GOLDEN STAR** Travels & Tours
◆ ပုဂံ(ရွှေတော်လေးဆူ)–ပုပ္ပါး(အာဘာထွက်ပွဲ)–ပခုက္ကူ Sep-28,29
( Popa Mountain Resort , Myanmar Treasure Hotel )
◆ တောင်ကြီး–အင်းလေး(ဖောင်တော်ဦးဘုရားပွဲ)–ပင်းတယ Oct-23,25
◆ ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်(နေ့စဉ်)
Ph;01-544383, 209200, 430480, 703448, 705968

## မြေကွက်များ လေလံတင်ရောင်းချမည့်ရက် ရွှေ့ဆိုင်းလိုက်ကြောင်း အသိပေးကြေညာခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနလက်အောက်ရှိ မြေကွက်များအား မြို့တော်ခန်းမ၌ လေလံတင်ရောင်းချမှုကို ရွှေ့ဆိုင်းလိုက်ကြောင်းနှင့် ပြုလုပ်မည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ လေလံအာမခံစပေါ်ငွေ ပေးသွင်းထားသူများအနေဖြင့် ငွေပေးအမိန့် (P.O) မူရင်းဖြင့် စပေါ်ငွေများ ပြန်လည်ထုတ်ယူနိုင်ကြောင်း တစ်ပါတည်း အသိပေးကြေညာအပ်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃၊ မြေကွက်အမှတ်-၂၉၂/ခ၊ မြေကွက်တည်နေရာ ၂၉၂/ခ၊ မြတ်လေးလမ်း၊ (၅)ရပ်ကွက်၊ရွှေပြည်သာ (ဦးဘာဘာ) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှအရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန်းစန်းရီ (၁၂/အစန(နိုင်) ၀၀၉၀၆၈) မှပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ခံဝန်ကတိပြု၍ ရွှေပြည်သာမြို့နယ်စည်ပင်သာယာရေးကော်မတီ ထောက်ခံချက်တို့တင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် (၆၀) ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆C/၉၉၇၇ Toyota Landcruiser UZJ 100, S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဖြိုးသိမ်း ၁၀/မလမ(နိုင်)၁၇၆၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## မိဘအမည်မှန်

ရန်ကုန်မြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဗဟန်းမြို့နယ်၊ နဝမတန်းမှ မသက်ထားသူဇာ၏ မိဘအမည်မှန်မှာ ဦးထိုင်းဝဏ္ဏနှင့် ဒေါ်စန်းစန်းမြင့်တို့ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/1519 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

# ကျွန်တော်နဲ့ ဆက်ခံခြင်း



ပါမောက္ခ-ဒေါက်တာအောင်ထွန်းသက်

၁၈၈၅ ခုနှစ်မှာ အင်္ဂလိပ်တွေဟာ အထက်မြန်မာပြည်ကိုသိမ်းပိုက်ပြီး သီပေါမင်းနဲ့ မိဖုရားစုဖုရားလတ်ကို အိန္ဒိယနိုင်ငံသို့ ခေါ်ဆောင်သွားခဲ့တယ်။ အဲဒီအချိန်ကစပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးဟာ အင်္ဂလိပ်ကိုလိုနီ ဖြစ်ခဲ့ရတယ်။

သီပေါမင်း ပါတော်မူရတဲ့အရေးမှာ သမိုင်းပညာရှင်တွေက အမျိုးမျိုးမှတ်ချက်ပေးရတယ်။ အကြောင်းအချက်တွေကို စနစ်တကျသုတေသနလုပ်ပြီး ဖြေရှင်းမှုတွေပေးခဲ့တယ်။ ကျွန်တော်ဟာ အမှန်တော့ သမိုင်းပညာရှင်စစ်စစ်မဟုတ်ပါဘူး။ ဘွဲ့လွန်ပါရဂူဘွဲ့ယူတုန်းက အကြောင်းတိုက်ဆိုင်လို့ ကျွန်တော်ဟာ မြန်မာပြည်ရဲ့ စီးပွားရေးသမိုင်းကို သုံးနှစ်ကျော် သုတေသနလုပ်ခွင့်ရခဲ့တယ်။ ဒါကြောင့် ကျွန်တော်ဟာ သမိုင်းပညာရှင် တစ်ပိုင်းတစ်စဖြစ်တယ်လို့ ပြောနိုင်တယ်။ ဒါပေမယ့် ကျွန်တော်မပြည့်စုံလှပါဘူး။ တစ်ခုတော့ရှိတယ်။ ကျွန်တော်က ငယ်ငယ်ကတည်းက သမိုင်းကို စိတ်ဝင်စားတယ်။ ကျွန်တော်တို့ခေတ်ကတော့ ရာဇဝင်ပေါ့။ ဒါကလည်း သူ့ခေတ်နဲ့သူ သဘာဝကျပါတယ်။ သမိုင်းဆိုတာက မင်းတွေအကြောင်းဖြစ်တာမို့ ရာဇဝင်လို့ခေါ်သင့်တာပေါ့။ ဒီဘက်ပိုင်းမှာ အတွေးအခေါ်တွေက ဆန်းသစ်တိုးတက်လာတာမို့ မင်းတွေ အကြောင်းသာမက အားလုံးနဲ့သက်ဆိုင်တာမို့ သမိုင်းလို့ခေါ်ကြတယ်လို့ ကျွန်တော်နားလည်မိပါတယ်။

ကျွန်တော့်ရဲ့ဖခင်ဖြစ်သူဟာ တပ်မတော်က အရာရှိတစ်ဦးဖြစ်တာမို့ သူကစစ်သမိုင်းစာအုပ်တွေစုတယ်။ ဒုတိယကမ္ဘာစစ်က မဟာမိတ်တပ်မတော်ကြီးတွေကို ဦးဆောင်တဲ့ဗိုလ်ချုပ်ကြီးအိုင်ဆင်ဟောင်းဝါး ဗိုလ်ချုပ်ကြီးပယ်တန်၊ ဗိုလ်ချုပ်ကြီးကလပ်၊ ဗိုလ်ချုပ်ကြီးဘရတ်လီ သူတို့တစ်တွေက အမေရိကန်ဗိုလ်ချုပ်ကြီးတွေ၊ အင်္ဂလိပ်ဗိုလ်ချုပ်ကြီးတွေကတော့ ဗိုလ်ချုပ်ကြီးမွန်ဂိုမာရီ၊ မြန်မာပြည်မှာအောင်ပွဲခံတဲ့ ဗိုလ်ချုပ်ကြီးစလင်းနဲ့ ရေတပ်ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်၊ သူတို့ရဲ့ စာအုပ်တွေက အထူကြီးတွေ၊ သူတို့ရဲ့အရေးအသားတွေက အတုယူစရာတွေဖြစ်တယ်။ အချက်အလက်အပြည့်စုံ အထောက်အထားအစုံအလင်၊ ဘယ်နေ့မှာ ဘယ်အစည်းအဝေးလုပ်ပြီး ဘယ်လိုအမိန့်ထုတ်ခဲ့တာကို အသေးစိတ်ဖော်ပြခဲ့တယ်။ အောင်မြင်မှုတွေကို ရေးသားဖော်ပြခဲ့သလို မအောင်မြင်ခဲ့တာတွေ အားနည်းခဲ့တာတွေကိုလည်း ပွင့်ပွင့်လင်းလင်းဖော်ပြခဲ့ကြတယ်။ အခုလို မလုပ်လို့လည်းမရဘူးလေ။ သူတို့ရဲ့ အရေးအသားတွေဟာ မမှန်ကန်မှုတွေပါဝင်ရင် ထောက်ပြမယ့် သမိုင်းပညာရှင်တွေကလည်းရှိနေတာ။ မြန်မာပြည်မှာလည်း ဒီဘက်ခေတ်မှာ တပ်မတော်အရာရှိကြီးတွေ ရေးသားတဲ့ ကိုယ်ရေးသမိုင်းတွေ ထွက်လာကြတယ်။ ကျွန်တော် လက်လှမ်းမီသလောက်ဝယ်ပြီး စုဆောင်းခဲ့တယ်။ ရေးသားသူတွေရဲ့ အမြင်၊ အယူအဆ၊ ခံယူချက်တွေကို သိခွင့်ရတယ်။ တစ်ခုတော့ သတိထားမိတယ်။ လူသားတွေဖြစ်တာမို့ထင်ပါရဲ့။အားနည်းချက်တွေတော့ သိပ်မမြင်ရဘူး။ အမှန်တော့သမိုင်းဆိုတာက လူတစ်ဦးတစ်ယောက်ရဲ့ရှုထောင့်၊ သူ့ရဲ့အမြင်ပွင့်ဖွင့်ဆိုမှုသာ ဖြစ်ပါတယ်။ မှန်ခြင်း မှားခြင်းဆိုတာ ဆုံးဖြတ်လို့မရနိုင်ပါဘူး။ သူတို့ရဲ့ အရေးသားကိုသုံးသပ်ပြီး လွတ်လပ်ရေးရပြီးချိန်က ယနေ့အထိ ဖြတ်သန်းလာခဲ့တဲ့ နိုင်ငံရေးခရီးရှည်ကြီးကို သုံးသပ်ဆင်ခြင်ပုံတွေက မိမိကိုယ်နဲ့ယှဉ်ပြီး လုပ်ခဲ့ကြတာ မြင်ရပါတယ်။

သီပေါမင်း ပါတော်မူရတဲ့ကိစ္စနဲ့ပတ်သက်ပြီး စီမံခန့်ခွဲမှု ရှုထောင့်ကသုံးသပ်ရင် ဆက်ခံမှုအစီအစဉ်မရှိခဲ့တာကြောင့်လို့ မြင်မိပါတယ်။ မြန်မာမင်းတွေဟာ အနော်ရထာမင်းဆက်ကစပြီး ဆက်ခံသူဟာ ဖခင်ကတစ်ဆင့် သားကို ဆင်းသက်တဲ့ ထုံးစံမရှိခဲ့ပါဘူး။ ဖခင်လုပ်သူရဲ့ သဘောနဲ့ သူနှစ်သက်တဲ့သူကို နန်းဆက်ခံခွင့်ပြုနိုင်တယ်။

**မြန်မာမင်းတွေဟာ အနော်ရထာမင်းဆက်ကစပြီး ဆက်ခံသူဟာ ဖခင်ကတစ်ဆင့် သားကို ဆင်းသက်တဲ့ ထုံးစံမရှိခဲ့ပါဘူး။ ဖခင်လုပ်သူရဲ့ သဘောနဲ့ သူနှစ်သက်တဲ့ သူကို နန်းဆက်ခံခွင့်ပြုနိုင်တယ်။**

အင်္ဂလန်မှာ ယနေ့အထိရှိနေတဲ့ မင်းဆက်က အများသိကြတဲ့အတိုင်း နန်းဆက်အဖကတစ်ဆင့် သားကို ဆင်းတယ်။ ဘာမှအငြင်းပွားစရာမရှိဘူး။ အခုဆိုရင် ဘုရင်မကြီး အဲလီဇဘက်၊ သူ့ရဲ့နန်းကို သားအကြီး ချားလ်(စ်)က ဆက်ခံပြီးနောက် သူ့ရဲ့သားအကြီး ဝီလျံက နန်းဆက်ခံမယ်။ မကြာမီက မွေးဖွားတဲ့ ဂျော့ဟာ ဝီလျံနောက် နန်းဆက်ခံမယ့်သူဖြစ်တယ်။ ရိုးရိုးလေးပဲ ပြဿနာမရှိဘူး။ အငြင်းပွားစရာမရှိဘူး။ မင်းတုန်းမင်းရဲ့ အရိုက်အရာကို ဆက်ခံနိုင်တဲ့ အရည်အချင်းအပြည့်ရှိတဲ့ သားကြီးတွေ ရှိကြတယ်။ ဒါပေမယ့် မင်းတုန်းမင်းဟာ သူ့ရဲ့ညီတော် ကနောင်မင်းကို မျက်နှာသာပေးတယ်၊ နေရာပေးတယ်။ ဒါကြောင့် ဖခင်ရဲ့အရိုက်အရာကို လုယူချင်တဲ့သားကြီး တွေက နန်းတွင်းအရေးတော်ပုံ ဖန်တီးပြီး ကနောင်မင်းကြီးကို လုပ်ကြံခဲ့တယ်။ သီပေါမင်း ထီးနန်းမရမှာစိုးတဲ့အတွက် သူ့ရဲ့နောင်တော်တွေ လုပ်ကြံခံရတယ်။ နောက်ဆုံးတော့ သီပေါမင်း ပါတော်မူသွားတယ်။ ဒါတွေဟာ ဆက်ခံခြင်းနဲ့ပတ်သက်ပြီး အစီအစဉ်မရှိခဲ့လို့ ဖြစ်တယ်လို့ယူဆမိပါတယ်။ တစ်လောက မြန်မာနိုင်ငံ အင်္ဂလိပ်သံရုံးရဲ့ အစီအစဉ်နဲ့ ရန်ကုန်မြို့မှာ Family business Transmission မိသားစု စီးပွားရေး လက်ဆင့်ကမ်းမှု အစည်းအဝေးတစ်ရပ်ကျင်းပခဲ့တယ်။ ကျွန်တော့်ကို မိန့်ခွန်းပြောခွင့်ပေးခဲ့တယ်။ စီးပွားရေး လောကမှာလည်း ဆက်ခံခြင်းပြဿနာဟာ အလွန်အရေးကြီးလှပါတယ်။ ကျွန်တော့်ရဲ့ သုတေသနအရ အဖေလုပ်တဲ့လုပ်ငန်းကို သားဆက်ခံမှုဟာ ၂၀ ရာခိုင်နှုန်းလောက်သာအောင်မြင်ပြီး မြေးလက်ထက်ရောက်ရင် အောင်မြင်မှုဟာ ၁၂ ရာခိုင်နှုန်းသာရကြောင်း တွေ့ရပါတယ်။ အဓိပ္ပာယ်က လူ ၁၀၀ စီးပွားရေးလုပ်ရင် သားလက်ထက်မှာ ၃၀ သာ အောင်မြင်ပြီး မြေးလက်ထက်မှာတော့ ၁၂ ဦးသာရှိကြောင်း တွေ့ရှိရတယ်။

ကျွန်တော်နဲ့အတူ အစည်းအဝေးမှာ ဟောင်ကောင် တက္ကသိုလ်က ပါမောက္ခတစ်ဦးက စင်ကာပူနိုင်ငံနဲ့ ဟောင်ကောင် အခုလို စီးပွားရေးဆက်ခံမှုပြဿနာတွေ အကြီးအကျယ်ရင်ဆိုင်နေရမှုကို ဖော်ပြဆွေးနွေးခဲ့ပါတယ်။ ဖခင်ကကျိကျိတက်ချမ်းသာပေမယ့် သူ့ရဲ့အရိုက်အရာ ဘယ်သူဘယ်ဝါ ဆက်ခံနိုင်မယ်ဆိုတဲ့ကိစ္စကို စနစ်တကျ မစီစဉ်နိုင်တဲ့အတွက် အမှုအခင်းတွေဖြစ်ပြီး ရတာတွေအားလုံး ရှေ့နေလက်ထဲရောက်ခဲ့တာ တွေ့ရပါတယ်။

တစ်လောက စီးပွားရေးဆက်ခံမှုနဲ့ ပတ်သက်ပြီး ကိုရီးယားနိုင်ငံရဲ့နာမည်ကြီး ဆမ်ဆောင်း (samsung) ကုမ္ပဏီနဲ့ပတ်သက်ပြီး လေ့လာခဲ့ပါတယ်။ လက်ရှိဥက္ကဋ္ဌလုပ်သူဟာ အသက်(၇၃ နှစ်)ရှိခဲ့ပြီး ကုမ္ပဏီကို တည်ထောင်ခဲ့သူ ဖခင်ရဲ့အရိုက်အရာကို လွန်ခဲ့တဲ့အနှစ် ၂၀ က ရယူခဲ့သူဖြစ်တယ်။ ဖခင်လုပ်သူ တည်ထောင်ခဲ့တဲ့ကုမ္ပဏီကို ကမ္ဘာကျော်ကုမ္ပဏီဖြစ်အောင် လုပ်ဆောင်နိုင်ခဲ့သူဖြစ်တယ်။ သူ့ရဲ့စီမံခန့်ခွဲမှုပုံစံဟာ ပြတ်ပြတ်သားသားရှိပြီး တစ်ချက်လွှတ် အုပ်ချုပ်ခဲ့သူဖြစ်တယ်။ တစ်ချိန်က သူ့ရဲ့အကြီးတန်းအရာရှိတွေကို စုဝေးပြီး သုံးရက်တိုင်တိုင် အစည်းအဝေးလုပ်ပြီး မိန့်ခွန်းတွေ ခြွေခဲ့သူဖြစ်တယ်။ ယခုအချိန်မှာ ဆမ်ဆောင်းကုမ္ပဏီရဲ့ နှစ်စဉ်ဝင်ငွေပမာဏ ဒေါ်လာ ဘီလီယံ ၃၀၀ ကျော်ရှိပြီး ဆက်သွယ်ရေးကဏ္ဍ ကမ္ဘာလုံးမှာနံပါတ်တစ်နေရာမှာ ရပ်တည်လျက်ရှိပါတယ်။

ဥက္ကဋ္ဌလုပ်သူ လီကွန်ဟီးဟာကျန်းမာရေးချို့တဲ့နေပြီး လုပ်ငန်းကိုဦးစီးနိုင်စွမ်းမရှိတော့ပါ။ ဒါကြောင့် သူ့ရဲ့တစ်ဦးတည်းသော သားဖြစ်သူ လီဂျေယွန်က လုပ်ငန်းကို ဆက်ခံလျက်ရှိပြန်တယ်။ (၄၆နှစ်)သာရှိသူဖြစ်ပြီး ဖခင်ရဲ့အရိုက်အရာတွေကို ညီမနှစ်ဦးနဲ့တွဲဖက်ပြီး တာဝန်ယူလျက်ရှိပါတယ်။ ဒါပေမယ့် ချက်ချင်းကုမ္ပဏီတစ်ခုလုံးကို တာဝန်မယူဘဲ ကုမ္ပဏီကဖွင့်လှစ်တည်ထောင်ထားတဲ့ ဖောင်ဒေးရှင်းနှစ်ခုမှာ စမ်းသပ်အဖြစ် ဦးဆောင်နေတာတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ဖောင်ဒေးရှင်းများနည်းတူ သူ့ရဲ့ဖောင်ဒေးရှင်းဟာ လူမှုစီးပွားရေးတာဝန်ကျေပွန်အောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ လီဂျေယွန်ဟာ ဖခင်လုပ်သူနဲ့မတူဘဲ စကားအေးသူ၊ နူးညံ့သူလို့သုံးသပ်ကြတယ်။ အောင်မြင်တဲ့လုပ်ငန်းကြီးတစ်ခုကို ဆက်လက်ပြီး တိုးတက်အောင် ကြိုးစားသွားရမှာသာဖြစ်ပါတယ်။

ကျွန်တော်က ကိုယ့်နိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေမှာလည်း ဆက်ခံမှုနဲ့ပတ်သက်ပြီး သပ်သပ်ရပ်ရပ်စဉ်းစားပြီး ဆောင်ရွက်စေချင်ပါတယ်။ လက်ရှိကုမ္ပဏီကြီးများကို သုံးသပ်ရင် အားလုံးနီးပါးဟာ မိသားစုလုပ်ငန်းတွေဖြစ်ကြတယ်။ ဖခင်တွေဦးစီးခဲ့ပြီး အောင်မြင်မှုတွေရနေကြတယ်။ လက်ဆင့်ကမ်းမှုနဲ့ ပတ်သက်ပြီး စနစ်တကျစဉ်းစားနေကြတာကို ဝမ်းသာဖွယ်တွေ့ရပါတယ်။ သားသမီးတွေဟာ နိုင်ငံခြားမှာ ပညာတွေသင်ပြီး မြန်မာပြည်ကို ပြန်လာကြပြီး မိဘရဲ့အရိုက်အရာတွေကို ခံယူနေကြတယ်။ အခုလို ဆောင်ရွက်တာဟာ လုပ်ငန်းရှင်များအတွက်သာမက နိုင်ငံတော်အတွက်ပါ အရေးကြီးလှပါတယ်။

## ဖောင်တော်ဦး ဘုရားပွဲတော်တွင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကျင်းပမည်



**မိတ္ထီလာ စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မြို့မရပ်ကွက်တွင် တည်ထားကိုးကွယ်သည့် ရွှေဟောင်းသမိုင်းဝင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို စက်တင်ဘာ ၂၀ ရက်မှ ၃၀ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲကို သုံးရက်တိုင်တိုင် ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

“မိတ္ထီလာဖောင်တော်ဦး ဘုရားပွဲကျင်းပတဲ့နှစ်စဉ်တိုင်း မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲကို ထည့်သွင်းကျင်းပသွားမှာ ဖြစ်ပါတယ်။ လှေအသင်းတွေအနေနဲ့ အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်းခွဲပြီး စုစုပေါင်း ၁၅ သင်းခန့် ဝင်ပြိုင်ကြမယ်လို့ ခန့်မှန်းထားပါတယ်”ဟု ဖောင်တော်ဦး ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းက ပြောသည်။

မိတ္ထီလာမြို့ ရွှေဟောင်းသမိုင်းဝင် ဖောင်တော်ဦး ဘုရားပွဲတော်အား နှစ်စဉ်တော်သလင်းလတွင် ကျင်းပခဲ့သော်လည်း ၂၀၁၃-၂၀၁၄ ခုနှစ်များတွင် ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ နှစ်နှစ်အကြာမှ ဘုရားပွဲတော်ကို ပြန်လည်ကျင်းပရန် ပြင်ဆင်ခြင်းဖြစ်သည်။

ဖောင်တော်ဦး ဘုရားပွဲတော်၌ ထည့်သွင်း ကျင်းပလေ့ရှိသည့် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲသို့ မိတ္ထီလာကန် အနီးတစ်ဝိုက် ကျေးရွာများဖြစ်သည့် လူးခင်းကြီး၊ နွားစမ်းတောင်၊ အုတ်နဲ့ဘုတ် ကျေးရွာများနှင့် နန်းတော်ကုန်း ရပ်ကွက်မှ လှေအသင်းများ ပါဝင်ယှဉ်ပြိုင်လေ့ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ကမ္ဘာ့ ရှေးဦးသူနာပြုစုခြင်းအခမ်းအနားနှင့် သင်တန်းဆင်းပွဲကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၁၅**

မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)ကဦးစီးကျင်းပသော ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်း အခမ်းအနားနှင့် သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ပွဲကို စက်တင်ဘာလ ဒုတိယပတ်က မြစ်ကြီးနားမြို့ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ) လ-၄ ပင်လုံခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်က အမှာစကားပြောကြားပြီး မြစ်ကြီးနားမြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာစိုင်းထွန်းက အခြေခံပညာကျောင်းများမှ အတန်းလိုက် ရှေးဦးသူနာပြုစုခြင်းသင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ပထမ၊ ဒုတိယ၊ တတိယရရှိသော ဆုရကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုနှင့် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းမင်း(မြစ်ကြီးနား)**

## ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ကွင်းဆင်းစစ်ဆေး

**မံစီ စက်တင်ဘာ ၁၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဟန်ထက်၊ မံမကောက်၊ ဝွေ့ကြီး၊ မံသဲနှင့် ရီခူးမံခံကျေးရွာများတွင် စက်တင်ဘာ ၈ ရက်က မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေးမြင့်နှင့် ရုံးအဖွဲ့ဝန်ထမ်းများ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အခွန်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များအား ရှင်းလင်းဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၅**

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေနှင့် ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချခြင်းဆိုင်ရာ အခွန်ပညာပေးဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက်က ချမ်းအေးသာစံမြို့နယ် Oriental House စားသောက်ဆိုင်ခန်းမ၌ ကျင်းပရာ မြို့နယ်အတွင်းမှ စားသောက်ဆိုင်လုပ်ငန်းများ၊ ဟိုတယ်/တည်းခိုခန်းလုပ်ငန်းများ လုပ်ကိုင်သူလုပ်ငန်းရှင် ၂၃၀ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ချမ်းအေးသာစံမြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းနွယ်က ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချခြင်းဆိုင်ရာ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပြဋ္ဌာန်းချက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်ကို ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay 'အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် '' ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချီညချမ်း'' အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော '' ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# တစ်ဖက်မှာဈေး၊ တစ်ဖက်မှာ စောင်းတန်း . . . ဗိုလ်ဗထူးလမ်းအလယ်မှာ . . .

— ဆူးငှက်

***ယခင်အပတ်မှအဆက်***

ပွဲကြိုက်သူလေးတွေကလည်း မင်းသားကို စတိတ်ရှိုးမှာ ပန်းကုံးတက်စွပ်ကြ၊ ရေမွှေးတက်ဖျန်းကြ၊ မုန့်ထုပ်တက်ပေးကြနှင့် တချို့အရပ်များ၌ အပြိုင်အဆိုင် အလှုအယက်ဆွဲလား၊ ငင်လား၊ တွန်းလား၊ ထိုးလားတွေအထိဖြစ်ကုန်ကြ၍ ပွဲကော်မတီက အမိန့်ထုတ်ထားရသည်အထိ ဖြစ်လာတော့၏။

လူတစ်ယောက်မျှသာ ကျယ်ကျယ်ဝန်းဝန်း ထိုင်နိုင်သည့် "မင်းစင်" ဆိုသည်ကို တစ်နေရာ ကျပ်တစ်ထောင်နှုန်းလောက်ပေးကာ လေးယောက်လောက် စုပြုံကပ်သပ်ပြီး ထိုင်ကြည့်ကြရသည်။ သို့သော် ဗလာပွဲမှ ထိုပွဲကြည့်စင်များကလည်း ယခင်ရုံဇာတ်ကြီးများမှ တိုင်တစ်တိုင်နှင့် တစ်တိုင်ကြားလောက်သာ အကျယ်အဝန်းရှိတော့၏။ ချောက်တိချောက်ချက်ပွဲခင်းသာဖြစ်သည်။

ဇာတ်၊ အငြိမ့်၊ ဆိုင်းစသော မြန်မာ့သဘင်ပညာရပ်များ ယုတ်လျော့ပါးလျားလာမှုကို လွန်ခဲ့သော နှစ် ၂၀ ကျော် ၁၉၇၅ ခုနှစ်ကာလ အမေလူထုဒေါ်အမာသည် အခုလိုသုံးသပ်ပြဖူး၏။

"ဗမာ့(မြန်မာ့)သဘင်ကို
ဝေဖန်ဆန်းစစ်တဲ့အခါ

(၁) ပြောင်းလဲလာတဲ့ခေတ်ကာလ၊ လူတွေရဲ့ အတွေးအခေါ်နဲ့ ညီအောင် သဘင်ပညာက ပြောင်းလဲမလိုက်နိုင်လို့ဆိုတာ တစ်ချက်။

(၂) နယ်ချဲ့ယဉ်ကျေးမှုရဲ့ထိုးနှက်ချက်နဲ့. . . ကို တွေ့ရပါမယ်"ဟူ၏။

ဤအချက်သုံးချက်ဖြင့် ယနေ့ ၂၁ ရာစုဦးခေတ် မြန်မာ့သဘင်ကိုသုံးသပ်လျှင်လည်း မလွဲဧကန်မှန်နေသေးသည်ကိုတွေ့ရပေမည်။ ယနေ့ခေတ်သည်ကား "တစ်ကမ္ဘာလုံးဆိုင်ရာ"ခေတ်ဖြစ်နေသောအခါ ကိုယ်ခံအားမကောင်းလျှင် အလွယ်တကူ ပျောက်ဆုံးသွားပေလိမ့်မည်။ ယခုလို ပြန်လှန်လွမ်းနေချိန်လေးမှာပင် ကမ္ဘာပေါ်မှာ အသစ်အဆန်းများစွာ ပေါ်ပေါက်တိုးတက်လာပြီး မိမိလက်တစ်လှမ်းတွင် တစ်မုဟုတ်ချင်း ရောက်လာကြမှာသေချာလှသည်။

ယခင်က ရုံတော်ကြီးနန်ထင်ကဖေးရှေ့ရောက်လျှင် "ဘုရားကြီးကို၊ ဘုရားကြီးကို"ဟု လူခေါ်နေသော မြင်းလှည်းတန်းကြီးတွေ့ရ၏။ ထိုနေရာမှဘုရားကြီးသို့ အလှည့်ကျထွက်သော မြင်းလှည်းဖြင့်သွားနိုင်သည်။ အကယ်၍ ထိုနေရာမှအထွက် လူမပြည့်သေး၍ လမ်း၌ လူတင်ချင်သောအခါလည်းလမ်းတစ်လျှောက် မြင်းလှည်းဘီးနှင့် တံဖျာကြာပွတ်အဖျား တတောက်တောက်အသံပေးရင်း "ဘုရားကြီးကို၊ ဘုရားကြီးကို" ဟုအော်သွားသည်။ ထိုစဉ်ကဘုရားကြီးသို့ရောက်သော လိုင်းကားကလည်း အခုလို များများစားစားမရှိ။ ကားပြာအမှတ်(၁) လိုင်း တစ်လိုင်းပဲရောက်သည်။ အောင်တော်မူရေအိုးစင် မှတ်တိုင်(ယခု ၆၃ လမ်း)မှထွက်လာသော အမှတ် (၁) ဘတ်စ်ကားသည် ရုံးကြီး၊ ဗထူးကွင်း၊ ဆေးရုံ၊ ဘူတာ၊ ခတ်စက်ရုံ၊ ကြေးနန်းရုံ၊ နာရီစင်မှသည် ဗိုလ်ချုပ်လမ်း (၈၄ လမ်း)အတိုင်း တောင်သို့တည့်တည့်မောင်း၏။ ထို့နောက် ဗိုလ်ဗထူးလမ်းရောက်သောအခါ အရှေ့သို့ ချိုးပြီး ဘုရားကြီးမြောက်မုခ်မှာရပ်သည်။ လူကုန်သောအခါမှ အရှေ့ဘက်ရှမ်းစုဘူတာမှာ ဂိတ်ထိုးပြီးခရီးစဉ်ဆုံးစေ၏။

ဈေးချိုမှထွက်သော မြင်းလှည်းများသည်လည်းကောင်း၊ အမှတ်(၁)ဘတ်စ်ကားများသည်လည်းကောင်း ဘုရားမြောက်မုခ်မှာသာ မှတ်တိုင်ထားရပ်ကြသောကြောင့် ဘုရားဖူးအများဆုံးဝင်ထွက်ရာစောင်းတန်းကား မြောက်မုခ်စောင်းတန်းသာဖြစ်၏။ အရှေ့မုခ်က ယခုလိုအကွက်အကွင်းကျကာ မစည်ကားသေး။ လိပ်ကန်နှင့်အာနန္ဒာဘုရားဘက်သွားမည့်သူများသာ အရှေ့စောင်းတန်းကို ရောက်ကြသည်။ ထို့ပြင်ယခု ပန်းခြံနေရာကလည်းနိဗ္ဗာန်ကုန်နှင့် တူရိယာပစ္စည်းရောင်းချသော ဆိုင်ခန်းနေအိမ်ကြီးများသာရှိနေ၍ အရှေ့မုခ်က တသီးတခြားဖြစ်နေသည်။



အခုလိုအရှေ့ဘက် ရန်ကုန်၊ မန္တလေးလမ်းမကြီးဆီ တိုးလျှိုပေါက်သောလမ်းမကြီးလည်းမရှိသေး။ ထိုလမ်းမကြီးနေရာတွင် ရှမ်းစုဘူတာအဆောက်အအုံက ပိတ်ထား၏။ ဘူတာအရှေ့ဘက်မှာလည်း လမ်းကြားသာသာ။

ထို့ကြောင့် ဘုရားကြီးသို့အဝင်အထွက်အများဆုံးကား မြောက်ဘက်မုခ်၊ မြောက်ဘက်စောင်းတန်းပဲဖြစ်ပါသည်။

မြောက်ဘက်မုခ်နှင့်တည့်တည့် ဗိုလ်ဗထူးလမ်း၏ မြောက်ဘက်မှာလည်း ဘုရားကြီးဈေးရှိ၏။ ဘုရားကြီးဈေးကား စည်ကားလှသောဈေးကြီးဖြစ်သည်။ ဘုရားကြီးမြောက်စောင်းတန်းကြီးတွင် ယခင်ကရတနာပုံခေတ်နံရံဆေးရေးပန်းချီများရှိခဲ့ဖူးသည်။ ထိုစောင်းတန်းဟောင်းကြီးနေရာတွင် ယခုစောင်းတန်းသစ်ကြီးက အစားထိုးတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထိုစောင်းတန်းကြီးတွင် ပိုးထည်ချိတ်ထည်များ၊ ကလေးကစားစရာ မြန်မာမှုအရုပ်ဆိုင်များ၊ လက်မှုပစ္စည်းကြေးထည်၊ သစ်သားထည်ဆိုင်များ၊ ကျူလယာပစ္စည်းစုံဆိုင်များ၊ ခင်းကျင်းရောင်းချကြ၏။ အဝင်ဝမှာတော့ ထုံးစံအတိုင်း ပန်းသည်၊ ရွှေဆိုင်းသည်များရှိသည်။

မြောက်ဘက်မုခ်စောင်းတန်းဟောင်းကြီးက စစ်အတွင်း ဂျပန်အဝင် အင်္ဂလိပ်အပြေးတွင် မန္တလေးမြို့နှင့်အတူ မီးသင့်လောင်ခဲ့သည်။ ဂျပန်လက်ထက်မှာပင် ထိုနေရာ၌ အုတ်စောင်းတန်းကြီးဆောက်လုပ်ရန် ဘဏ္ဍာတော်ထိန်း လူကြီးများက တညီတညွတ်တည်း ဆုံးဖြတ်ကြသည်။ ထို့နောက် မြန်မာဗိသုကာဆရာဆိုင်ကိုပင် ထိုအလုပ်ကိုအပ်နှံကြ၏။

ဆရာဆိုင်မှာစစ်အတွင်းဖြစ်သောကြောင့် သမီးမယ်သီလရှင်ရှိသော စစ်ကိုင်းသစ်ဆိမ့်ချောင်၌ ဥပုသ်စောင့်ရင်း စစ်ခိုနေခိုက်ဖြစ်၏။ ဘုရားကြီးမြောက်ဘက်မုခ်စောင်းတန်းကြီး ပြန်လည်တည်ဆောက်ရန် ဖိတ်စာနှင့်စာကို စစ်ကိုင်းတောင်ပေါ်တွင်ရှိနေသော ဆရာဆိုင်ထံသို့ တပည့်ဖြစ်သူ ဆန်းယဉ်ယဉ် ဦးဘသိန်းက ယူလာပေးသောအခါ ဆရာဆိုင်က "ယခုလိုရက်မျိုးအလုပ်မလုပ်လိုသေး၍ ဥပုသ်စောင့်နေတာဖြစ်တယ်။ ဒါပေမယ့် ဒီကိစ္စမျိုးဖိတ်တာကိုမလိုက်ခဲ့ရင် ဘုရားကိုယ်တော်ကြီးမျက်နှာနဲ့ မန္တလေးမြို့ကြီးမျက်နှာမထောက်ရာကျမယ်။ ဆရာ့ဂုဏ်ကိုလည်း ဆရာမထောက်ရာရောက်မယ်" ဆိုပြီး မန္တလေးသို့ ပြန်လိုက်လာ၏။

ထိုအစည်းအဝေးက စောင်းတန်းကြီးဆောက်ရန် အပ်နှံ၍ ဆရာဆိုင်အားပုံစံရေးပေးပါရန် မေတ္တာရပ်ခံသည်။ ဆရာဆိုင်ကလည်း အလုပ်လက်ခံပြီး စောင်းတန်းပုံစံကို စိတ်တိုင်းကျဖြစ်စေရန် သားအကြီးဖြစ်သူ ဦးတင်ဦးအား ဆွဲစေလေသည်။ သူကိုယ်တိုင် သဘောကျသောအခါမှ ဘဏ္ဍာတော်ထိန်းလူကြီးများ အစည်းအဝေး၌တင်ပြရာ အားလုံးကလည်း နှစ်ခြိုက်လက်ခံလိုက်ကြသည်။ သို့သော် ဆရာဆိုင်က ဂျပန်ခေတ်အတွင်း အခြေအနေအရပ်ရပ်ကြောင့် စောင်းတန်းကြီးကို မဆောက်စေလိုသေး။ သို့သော် ဦးကျော်ရန်၊ ဦးကြွယ်၊ ဦးတော်စသော ဘဏ္ဍာတော်ထိန်းလူကြီးများက သူတို့လက်ထက်တွင် ပန္နက်ချခဲ့ရလျှင် ကျေနပ်ပါပြီဆိုသောကြောင့် ၁၃၀၆ ခု၊ ကဆုန်လပြည့်နေ့၌ ပန္နက်ရိုက်၊ အုတ်မြစ်ချပြီး ပြီးသလောက် တည်ဆောက်ခဲ့၏။ စောင်းတန်းကြီးတည်ဆောက်မှုကို ဆရာဆိုင်ကသားဦးတင်ဦးအား စီမံအုပ်ချုပ်စေသည်။ ဦးတင်ဦးကား စောင်းတန်းမပြီးမီ ဂျပန်ခေတ်မှာပင် ကွယ်လွန်ခဲ့သည်။

စစ်ကြီးပြီးသောအခါ စောင်းတန်းလုပ်ငန်းကို အင်တိုက်အားတိုက်ဆောက်လုပ်ခဲ့ကြသည်။ မူလရှိသောစောင်းတန်းဦး အသားပြာသာဒ်ကြီးက လမ်းနားအထိရောက်ခဲ့၏။ အသစ်ဆောက်လုပ်မည့် သုံးခန်းတွဲအုတ်ပြာသာဒ်ကြီးကိုမူ လမ်းနှင့်ပေ ၆၀ ခွာကာ ဆောက်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သစ်သားပြာသာဒ်ကြီးက မီးဘေးသင့်ခဲ့သော်လည်း ပြာသာဒ်ဘေးရှိ ရှေးလက်ရာ အုတ်ခြင်္သေ့ကြီးနှစ်ကောင်က မပျက်မစီးကျန်ရစ်သောကြောင့်ဖြစ်သည်။ ထို့ပြင် ယခုဆောက်လုပ်မည့် အုတ်ပြာသာဒ်အသစ်က မီးလောင်သွားသော အသားပြာသာဒ်ထက် နေရာကျယ်နေသဖြင့် ခြင်္သေ့ကြီးများကို မူလအတိုင်းထားကာ အုတ်ပြာသာဒ်ကို နောက်သို့လွတ်လွတ်ကင်းကင်း တည်ဆောက်ခဲ့သောကြောင့်ဖြစ်သည်။ ထိုစဉ်က ဘဏ္ဍာထိန်းလူကြီးများကလည်း အုတ်ခြင်္သေ့ကြီးများကို မူလအတိုင်းထားမည်ဟု ဆုံးဖြတ်ခဲ့ကြ၏။

သို့သော် အုတ်ပြာသာဒ်ကြီးတည်ဆောက်၍ မပြီးမီမှာပင် မူလအုတ်ခြင်္သေ့ကြီးများအားဖြိုဖျက်၍ ခြင်္သေ့အသစ်ပြုလုပ်မည်ဟု ဘဏ္ဍာထိန်းလူကြီးများက ဆုံးဖြတ်ချက် အသစ်ချလိုက်ကြသည်။ ထို့ကြောင့် လက်ရှိမြင်နေရသော မုံရွာဆရာမြ၏လက်ရာ ခြင်္သေ့အသစ်ကြီးများ ပေါ်ပေါက်လာတော့၏။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

## စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၅

ကြည့်မြင်တိုင်မြို့နယ် အရိုးအထူးကုဆေးရုံ၌ (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲကို စက်တင်ဘာ ၁၃ ရက်က ပြုလုပ်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ထွဋ်ဦးဆောင်ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်လုံခြုံရေးတပ်ခွဲမှ တပ်ခွဲမှူး ရဲမှူးအောင်မြင့်နှင့်တပ်ဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့နယ်မြေအတွင်းရှိ မြို့နယ်များမှ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ရာ ကြည့်မြင်တိုင် အရိုးအထူးကုဆေးရုံ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာ သီတာကြူးနှင့် သူနာပြုဆရာမကြီးများအဖွဲ့က ဝိုင်းဝန်းအားပေးကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြင့်စိုး**

# ရိုးရာခြင်းလုံးမျိုးဆက်သစ်များ ပါဝင်နိုင်မည့် ခြင်းအလှခတ်ပြိုင်ပွဲကြီးကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၅**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်က ဦးဆောင်စီစဉ်ကျင်းပမည့် နိုင်ငံတစ်ဝန်းမျိုးဆက်သစ်ရိုးရာခြင်းလုံးလူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်မည့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပြိုင်ပွဲကြီးကိုလာမည့် ဒီဇင်ဘာ ၃ ရက်မှ ၈ ရက်အထိ မန္တလေးမြို့ အမရပူရမြို့နယ်ဝေဠုဝနကျောက်စိမ်းစေတီအနီး၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီမှာက နှစ်တိုင်းတော့ ရိုးရာအလှခတ်ခြင်းလုံးပြိုင်ပွဲကိုကျင်းပဖြစ်ပါတယ်။ ဒီနှစ်ကတော့ အရင်နှစ်တွေကနဲ့ မတူအောင် နိုင်ငံတစ်ဝန်းက ရိုးရာခြင်းလုံးမျိုးဆက်သစ်လေးတွေ ပါဝင်ယှဉ်ပြိုင်ခွင့်ရအောင် အတော့အတွဲပြိုင်ပွဲမှာ ၁၅ နှစ်အောက် (အမျိုးသမီး၊ အမျိုးသား)ပြိုင်ပွဲကိုထည့်သွင်းထားပါတယ်။ ပြောရရင်တော့ အရင်နှစ်တွေကထက် ပြိုင်ပွဲအမျိုးအစားကိုစုံလင်အောင်ထည့်ထားပါတယ်။ ထည့်ထားတဲ့ရည်ရွယ်ချက်ကလည်း မျိုးဆက်သစ်မွေးထုတ်တဲ့ သဘောပါပဲ။ ပြီးတော့ ပြိုင်ပွဲဝင်မယ့် နိုင်ငံတစ်ဝန်းအားကစားသမားတွေကိုလည်း ရိုးရာခြင်းလုံးအဖွဲ့ချုပ်ကတည်းခို၊ စားသောက်၊ နေထိုင်ရေးကအစ အားလုံးတာဝန်ယူ အကုန်အကျခံမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။

အဆိုပါရိုးရာခြင်းလုံးအလှခတ်ပြိုင်ပွဲကြီးကို နိုင်ငံတစ်ဝန်းမှ ရိုးရာခြင်းလုံးအားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်စေရန် ၁၀ ပေါက်တန်း အမှတ်ခတ်ပြိုင်ပွဲ (အမျိုးသား)၊ လေးပေါက်တန်းအမှတ် ခတ်ပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ ဝိုင်းဖွဲ့စွမ်းရည်ပြ အလှခတ်ပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)၊ အလွတ်တန်းအတော့အတွဲပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)နှင့် မျိုးဆက်သစ်များပေါ်ထွန်းစေရန် ရည်ရွယ်ထည့်သွင်းထားသည့် အသက် ၁၅ နှစ် အောက်အတော့အတွဲ(အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲစုစုပေါင်း ပြိုင်ပွဲကိုးမျိုးထည့်သွင်းကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲတိုင်းကိုပထမ၊ ဒုတိယနှင့် တတိယဆုတို့ကို ချီးမြှင့်မည်ဖြစ်သည့်အပြင် ၁၀ ပေါက်တန်း၊လေးပေါက်တန်းနှင့်အလှ ခတ်ပြိုင်ပွဲများတွင်လည်းအကောင်းဆုံး အားကစားသမားဆုများကိုထည့်သွင်းချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရိုးရာခြင်းလုံးအဖွဲ့ချုပ်အနေနဲ့ နှစ်တိုင်းတော့ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကိုအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးက အကုန်အကျခံကျင်းပပေးပါတယ်။ ဒါပေမယ့် ဒီနှစ်ကတော့ အတန်းပေါင်းစုံပါစေတဲ့ပြိုင်ပွဲကြီးတစ်ခါမှ မလုပ်ဖြစ်သေးပါဘူး။ ဒါဟာ ပြည်တွင်းရိုးရာခြင်းလုံးခတ်ပြိုင်ပွဲအနေနဲ့ အကြီးကျယ်ဆုံးဖြစ်တယ်။ အခုလုပ်မယ့်ပြိုင်ပွဲက မျိုးဆက်သစ်၊ အမျိုးသား၊ အမျိုးသမီး မွေးထုတ်ပေးမယ့် တန်းလေးတွေလည်း ထည့်ထားတယ်။ ဒါကလည်းဥက္ကဋ္ဌကြီးရဲ့ ရိုးရာခြင်းလုံးအပေါ်ထားရှိတဲ့ စေတနာပါ"ဟု မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး (၂) ဦးကိုကိုအောင်က ဆိုသည်။

မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် အဆိုပါ ရိုးရာခြင်းလုံးဥက္ကဋ္ဌဖလားပြိုင်ပွဲကြီးသို့ လာရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအတွက် ငွေကျပ်သိန်းပေါင်းငါးရာကျော် အကုန်အကျခံပြီးတည်းခို၊ စားသောက်၊ နေထိုင်ရေးမှအစတာဝန်ယူမည်ဖြစ်သည်။ ပြိုင်ပွဲကြီးသို့ ဝင်ရောက် ယှဉ်ပြိုင်လိုသည့် အားကစားသမားများ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်သို့ ယခုလကုန်မှစတင်ကာ စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။ ရိုးရာခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် လာမည့်ဒီဇင်ဘာ ၂၇ ရက်တွင်လည်း အာရှရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ဓာတ်ပုံ- မင်းထက်**




# မန္တလေးကန်တော်ကြီး Grand မြက်ခင်းပြင်တွင် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများကျင်းပမည်

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ဆပ်ကော်မတီက ကြီးမှူး၍ ဦးသောင်းရွှေ(စွမ်းကေကေ) စီစဉ်သည့်မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများကို စက်တင်ဘာ ၂၅ ရက်ညနေ ၆ နာရီတွင် မန္တလေးမြို့ကန်တော်ကြီး Grand မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်များအနေဖြင့် ငါးချီတွဲဆိုင်း ခုနစ်ဆိုင်း၊ လေးချီတွဲဆိုင်း သုံးဆိုင်း ၊ သုံးချီတွဲဆိုင်း သုံးဆိုင်းပါဝင်ထိုးသတ်မည်ဖြစ်သည်။

ငါးချီစိန်ခေါ်ပွဲများတွင်ဗိုလ်စိုးအောင်(စွမ်းကေကေ)နှင့် ရဲတံခွန် (အဖြူရောင်သွေးသစ်)၊ ကျားပေါက် (ရွှေသောင်းရင်း)နှင့် စိုးထက်ဦး(အဖြူရောင်သွေးသစ်)၊ အောင်ပိုင်လေး(ရွှေသောင်းရင်း)နှင့် အားမာန်(အဖြူရောင်သွေးသစ်)၊ တိမ်တိုက် (ထွန်းသွယ်)နှင့် အောင်ခဲစော(ဘားအံ)၊ ဇော်ချစ်အောင်(စွမ်းကေကေ) နှင့် စောဖြိုးဝေ(အဖြူရောင်သွေးသစ်)၊ စွမ်းထက်နိုင် (စွမ်းကေကေ) နှင့် ရှိုင်းထက်အောင်(အဖြူရောင်သွေးသစ်)၊ နေနေ(စွမ်းကေကေ) နှင့်ထွန်းနိုင်ဦး (အဖြူရောင်သွေးသစ်) တို့ဖြစ်သည်။

လေးချီစိန်ခေါ်ပွဲများတွင် ကျန်ကျောင်း(စွမ်းကေကေ) နှင့် ဒိုးကလေး (အဖြူရောင်သွေးသစ်) ၊ သူရလိပ်(စွမ်းကေကေ) နှင့် နိုင်လင်း(တိုက်ဂါးကလပ်-ဘားအံ)၊ မိုးကြိုးမာန်(ရဲမာန်-ကောလင်း)နှင့်တက်လူ(အမရပူရ) တို့ဖြစ်ပြီး သုံးချီစိန်ခေါ်ပွဲများတွင် ဟိန်းသူရဇော်(စွမ်းကေကေ) နှင့် ငမန်းလေး(စစ်ကိုင်း)၊ မင်းထက်သာ(စွမ်းကေကေ) နှင့်ရှမ်းကြီး (ဂေါ်ဝိန်)၊ သူရဆင်(စွမ်းကေကေ) နှင့် ချန်ပီယံ (ဂေါ်ဝိန်)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မန္တလေးလက်ဝှေ့ပရိသတ်အကြိုက်ပွဲကြီးပွဲကောင်းဖြစ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲများကို တစ်လတစ်ကြိမ် ကျင်းပနိုင်ရန် ကြိုးစားနေကြောင်း၊ မြန်မာ့ရိုးရာ လက်ဝှေ့သမားများ ပွဲမဝေးရအောင် စီစဉ်နေကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**



# သီပေါ အား/ ကာ ကော်မတီဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**သီပေါ စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံဘောလုံးပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၁၃ ရက် ညနေ ၃ နာရီက မြို့နယ် ဒုဋ္ဌဝတီပြည်သူ့အားကစားကွင်း၌ ကျင်းပရာ မြို့နယ် အား/ကာ ဥက္ကဋ္ဌ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဘောလုံးအားကစားသမားများက အားကစားအဓိဋ္ဌာန်ရွတ်ဆိုကြပြီး မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌကို စစ်ကြောင်း ပုံစံဖြင့် ချီတက်အလေးပြုကြသည်။

ကလပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင်ကလပ်အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး အောက်တိုဘာ ၁၀ ရက်တွင် ဗိုလ်လုပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ကိုရီးယားနပန်းပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၅**

(၅)ကြိမ်မြောက် ကိုရီးယားနပန်း (5th World Ssireum Championship) ကမ္ဘာ့ချီရှမ်ချန်ပီယံရှစ် ပြိုင်ပွဲနှင့် ပထမအကြိမ် ကိုရီးယားနပန်း (1st Asian Ssireum Championship) အာရှချီရှမ်ချန်ပီယံရှစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံ ၂၀၊ အားကစားသမား ၁၇၀ ခန့်နှင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



**၂၀၁၅ ခုနှစ် အမရပူရမြို့နယ် အားကစားနှင့်ကာယပညာကော်မတီမှ ကြီးမှူး၍ ရတနာ့ဂူဘုရားပွဲတော်အထိမ်းအမှတ် ရတနာ့ဂူဖလားအလွတ်တန်း အမျိုးသားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲအဖြစ် အိမ်ရှင်အမရပူရ (က)အသင်းနှင့် မန္တလာ FC အသင်းတို့ စက်တင်ဘာ ၁၃ ရက်က မြို့နယ်အားကစားကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ပထမဆုရရှိသည့် အိမ်ရှင်အမရပူရ (က)အသင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးက ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေကျပ်ငါးသိန်းအပြင် ဆုငွေကျပ် ငါးသောင်း ထပ်မံချီးမြှင့်ပေးအပ်စဉ်။**

တင်မောင်(မန်းကိုယ်ပွား)

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ

**လားရှိုး စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့တော်ခန်းမ၌ စက်တင်ဘာ ၁၃ ရက်က ကျင်းပသည်။

ပြည်နယ်ဒုတိယအဆင့်ဖြင့် ကျင်းပသော အဆိုပါ အခမ်းအနားတွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဆုရကျောင်းသား ကျောင်းသူများ၊ သူနာပြုသင်တန်းသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်သည်။

အခမ်းအနားတွင် (၁၆) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ဒုတိယရဲမှူးဝင်ညွန့်က လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းပြောကြားပြီး ဆုရရှိသူများကို ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မမ(လားရှိုး)**

# အနာကြီးရောဂါအသိပညာပေးဆွေးနွေး

**ကျောက်တံခါး စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါတိုက်ဖျက်ရေးဌာနက ဦးဆောင်၍ မြို့နယ်အတွင်းရှိ အနန်းဘော် ကျေးရွာအုပ်စု၊ ညောင်ဝိုင်းရွာ၊ ဆေးကိုင်းစုရွာ၊ သစ်တဲရွာ၊ ကွင်းချောင်းဝရွာ၊ ကျောင်းစိုးကျေးရွာအုပ်စု၊ ဝွေးကုန်းရွာ၊ ရင်းတိုက်ကုန်းကျေးရွာအုပ်စု၊ အလယ် ကျွန်းရွာ၊ ညောင်ပင်သာရွာများသို့ စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ အနာကြီး ရောဂါအသိပညာပေးဆွေးနွေးပွဲများကို ကျင်းပခဲ့သည်။

ထိုသို့ အနာကြီးရောဂါတိုက်ဖျက်ရေး ကွင်းဆင်းဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားချက်များနှင့်အညီ ကျေးရွာများတွင် အနာကြီးရောဂါလူနာများအား အခမဲ့ကျန်းမာရေးကူညီစောင့်ရှောက်မှုပေး၍ ပြည်သူများအား အခမဲ့ ဆေးဝါးများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ထားဝယ်မြို့ပေါ်ရှိ ရပ်ကွက်များအတွင်း မြေငှားဂရန် ပြုလုပ်ပေးရေးဆွေးနွေး

**ထားဝယ် စက်တင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ပေါ်ရှိ ရပ်ကွက်များအတွင်း ပြည်သူများအား (One Stop Shops) မြေငှားဂရန် ပြုလုပ်ပေးရေးအတွက်အသိပညာပေးဆွေးနွေးပွဲကို ထားဝယ်မြို့ ကြက်စားပြင်ရပ် အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာလ ဒုတိယပတ်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ထားဝယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်က ယခုလက်ရှိ မိဘပြည်သူများနေထိုင်သည့် အိမ်ခြံမြေများကို မြေငှား ဂရန်ပြုလုပ်ပေးရန်အတွက် သက်ဆိုင်ရာဌာနအသီးသီးမှ တစ်နေရာတည်းတွင် လုပ်ငန်းဆောင်ရွက်မှုများ ပြီးပြတ်အောင် (One Stop Shops) မြေငှားဂရန် ပြုလုပ်ပေးမည်ကို သိရှိနိုင်ရန် လာရောက်ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းအားဖြင့် မိဘပြည်သူများအနေဖြင့် အချိန်ကုန် ငွေကုန်သက်သာမှုရှိစေရန် သက်ဆိုင်ရာဌာနတစ်ခုချင်းစီသို့ သွားရောက်ရန်မလိုဘဲ မိမိရပ်ကွက်အတွင်း၌ပင် မိမိ၏လုပ်ငန်းများမပျက်စေဘဲ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

**ဖိုးရွှေသွန်း (ထားဝယ်)**

# ရိုးရာဓလေ့ ကျေးလက်အမွေအနှစ်တွေနဲ့ ပျော်မွေ့နေတဲ့ ဆံရစ်ဝိုင်းတို့ရွာကလေး



"သနပ်ခါးကို ဘယ်ညာလူး. . . ဆံထုံးလေးကိုထုံး. . . မြန်မာရင်ဖုံးလေးနဲ့ လိုက်ပါတယ်. . ." ဆိုတဲ့ သီချင်းစာသားလေးထဲက ဆံထုံးအစဟာ ရှေးမြန်မာ အမျိုးသမီးငယ်လေးတွေ အမြတ်တနိုးပြင်ဆင်ထားကြတဲ့ ဆံရစ်ဝိုင်းလေးတွေက စခဲ့တာပါ။ ကျေးလက်တောရွာများမှ မြန်မာအမျိုးသမီးလေးများသည် အရွယ်ရောက်စမှစ၍ မြန်မာမိန်းကလေးပီသစေရန် ရှေးခေတ်ပုံစံအတိုင်း ဆံပင်ကို ကြက်တောင်စည်း ဆံရစ်ဝိုင်းလေးများဖြင့် တန်ဖိုးထားပြုပြင်နေထိုင် တတ်ကြကြောင်း မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၊ ကြက်ဆူအိုင်ကျေးရွာမှ အသက် ၈၄ နှစ်ရှိ သျှောင်ကြီးဗွေ ဆံပင်ဖြင့် ဂုဏ်ယူနေသော အဘ ဦးမြသောင်းက ပြောသည်။

ဆက်လက်ပြီး ဦးမြသောင်းက "သျှောင်ပေစူး၊ သျှောင်ကြီးဗွေနဲ့ ဆံရစ်ဝိုင်းတွေရှိတဲ့ ရွာဓလေ့တွေက ပျောက်ကွယ်လုနီးပါးဖြစ်သွားတာ နှမြောစရာကောင်းပါတယ်။ အဘတို့ရွာမှာလည်း မူလက ဆရာတော်ကြီးတွေရဲ့ ထိန်းသိမ်းမှုကြောင့် အတော်များများရှိကြပေမယ့် ပြောင်းလဲလာတဲ့ ယဉ်ကျေးမှုတွေနဲ့အတူ အမျိုးသားတွေမှာရော သျှောင်ပေစူးထားတဲ့ ဓလေ့မရှိကြတော့ဘူး။ အမျိုးသမီးလေးတွေမှာပဲ ရွာဓလေ့အရ ဆံရစ်ဝိုင်းအမွေအနှစ်ကလေးတွေ ရှိနေသေးတာပါ"ဟု ပြောသည်။

"ဆံတောက်ကလေးခေါင်းမှာ . . . ခမောက်ကလေးစောင်းကာ. . . လှမ်းတာကပိုကရို. . . ဝမ်းစာရှာတဲ့ ပျို လယ်တောဓလေ့ကို. . . ပျော်မွေ့နေသလို" ဆိုတဲ့ အဆိုတော်ကိုမြကြီးရဲ့ သီချင်းစာသားလို ကြက်တောင်စည်း ဆံရစ်ဝိုင်းလေးနဲ့ ငယ်စဉ်ကာလ ပျော်မွေ့နေကြသလို အပျိုတော်ဝင်စကာလမှာလည်း ဆံတောက်ကလေးများဖြင့် အလှသွေးကြွယ်ကာ မြန်မာ့ယဉ်ကျေးမှုဓလေ့ကို နှစ်သက်မြတ်နိုးထိန်းသိမ်းထားကြောင်း မြိုင်မြို့နယ် မှန်ရင်းရွာမှ ခုနစ်တန်းကျောင်းသူ မအိအိဝင်းက ပြောသည်။

" ဆံရစ်ဝိုင်း ဆံတောက်နဲ့မှ မြန်မာအမျိုးသမီးပီသတယ်ဆိုတဲ့ မိဘတွေရဲ့ ဆုံးမတဲ့ စကားအတိုင်း နေဖြစ်ခဲ့တာပါ။ ရွာကျောင်းမှာ စာလာသင်ပြတဲ့ ဆရာမတွေက သမီးတို့ကို ဒီဆံပင်ပုံစံလေးနဲ့ ချစ်စရာသိပ်ကောင်းတာပဲလို့ ပြောကြရင် သမီးကိုယ်တိုင်လည်း ဆံရစ်ဝိုင်းနဲ့ လယ်တောသူအဖြစ် ကျေနပ်နေမိပါတယ်။ မြန်မာပီသတဲ့ ဒီဆံပင် အလှကို ဆက်လက်ထိန်းသိမ်းသွားမှာပါ" ဟု တောသူပီပီ ပွင့်လင်းစွာ ပြောပြရှာသည်။

မြန်မာလူမျိုးတို့၏ ဆံပင်ထုံးဖွဲ့မှုဓလေ့သည် မြန်မာ့ယဉ်ကျေးမှုအစတကောင်းခေတ်မှ စတင်ရှိလာခဲ့ပြီး အင်းဝ၊ အမရပူရ၊ ကုန်းဘောင်မင်းဆက်တိုင် ထွန်းကားလာခဲ့သော ရိုးရာဓလေ့ ဆင်ယင်ထုံးဖွဲ့မှုတစ်ခုဖြစ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်းတွင် တစ်စတစ်စမှေးမှိန်ပျောက်ကွယ်၍ ယခုအခါ အလှူမင်္ဂလာနှင့် မြန်မာ့ယဉ်ကျေးမှု ဖော်ထုတ်ပြသသော အခမ်းအနားများတွင်သာ ဆံထုံးထုံးဖွဲ့မှုကို တွေ့မြင်ကြရပြီး ကြာကွက်၊ သျှောင်ပေစူး၊ ဆံရစ်ဝိုင်း၊ ဆံတောက် စသည့် ရှေးမြန်မာလူမျိုးတို့၏ ချစ်စရာဓလေ့ကို ဖော်ကျူးနေသည့် ပုံရိပ်များအဖြစ် ပျော်မွေ့နေကြသည့် ရိုးရာဓလေ့များကိုမူ ကျေးလက်တောရွာ အညာဒေသများစွာအနက် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်းရှိ မှန်ရင်းကျေးရွာ၊ တောင်ခုန်ကျေးရွာနှင့် ပေါက်မြို့နယ်ရှိ ကြက်ဆူအိုင်နှင့် ကံသစ်ကျေးရွာအနီးတစ်ဝိုက်များတွင်သာ မြန်မာတို့၏ အလှတရားများကို ကျေးလက်သဘာဝဖြင့် ရောယှက် တွေ့မြင်ခံစားခဲ့ရပေသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့
World Tourism Day
UNWTO
"ကုဋေကုဋာခရီးသည်များလာ၊ အခွင့်အလမ်းလည်းတူညီစွာ"
"1 Billion Tourists, 1 Billion Opportunities"
MICC-2, Nay Pyi Taw 30th September, 2015

## ပြင်ဦးလွင်မြို့ လုံးကျွတ်မဟာဒုက်စာရေးတံမဲပွဲအတွက် မဲလက်မှတ်များစတင်ဖြန့်ချိ

**ပြင်ဦးလွင် စက်တင်ဘာ ၁၅**

ပြင်ဦးလွင်မြို့ ဗုဒ္ဓဘာသာ ကလျာဏယုဝ (Y.M.B.A) အသင်းကြီးက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၅၉) ကြိမ်မြောက် မဟာဒုက် မြသပိတ်စာရေး တံမဲပွဲတော်ကြီးအတွက် သံဃာတော်မဲလက်မှတ် ၁၅၀၀ ကျော်ကို စက်တင်ဘာ ၁၃ ရက်က မြို့တွင်းရှိ ရပ်ကွက်အသီးသီးနှင့် တပ်၊ ဌာနများသို့ စတင်ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၃ ရက်တွင် မြတ်စွာဘုရားသည် လက်ယာတော်ရံ၊ လက်ဝဲတော်ရံ၊ ရဟန္တာနှစ်ဆူခြံရံလျက်မြို့တွင်းသို့ ဒေသစာရီကြွချီတော်မူမည်ဖြစ်ပြီး အောက်တိုဘာ ၁၀ရက်မှစတင်၍ Y.M.B.A အသင်းတိုက်ကြီး၌ စာရေးတံမဲနှိုက်ပွဲအခမ်းအနားကိုကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

## တံတားဆောက်လုပ်နေမှုစစ်ဆေး

**သထုံ စက်တင်ဘာ ၁၅**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ဆောင်ရွက်နေသောဘီးလင်း မြို့နယ် မုသင်- ရွှေလှေ လမ်းသံကူကွန်ကရစ်တံတား ဆောင်ရွက်နေမှုအခြေအနေအား မွန်ပြည်နယ် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးဝင်း၊ ဘီးလင်းမြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် စက်တင်ဘာလ ပထမပတ်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်ထားသည့် စံချိန်စံညွှန်းအတိုင်း စနစ်တကျဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်

**စစ်တွေ စက်တင်ဘာ ၁၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲကို စစ်တွေမြို့ ဝေသာလီအားကစားရုံ၌ စက်တင်ဘာ ၁၄ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်မှအမျိုးသားအသင်း ၁၇ သင်းနှင့်အမျိုးသမီးအသင်း ၁၇ သင်းတို့က မိမိတို့မြို့နယ်အလိုက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဇော်နိုင်ထွန်း(ပြန်/ဆက်)**

## လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**မင်းလှ စက်တင်ဘာ ၁၅**

သရက်ခရိုင် မင်းလှမြို့နယ်တွင် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

# အစေ့ထုတ်ပြောင်း ရိတ်သိမ်းခြွေလှေ့စက်ဖြင့် အသုံးပြု အချိန်ကုန်သက်သာ

**တပ်ကုန်း စက်တင်ဘာ ၁၅**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု လက်ပန်တောကျေးရွာရှိ တောင်သူဦးနိုင်လင်း၏ အစေ့ထုတ်ပြောင်းစိုက်ခင်း ၂ ဒသမ ၅ ဧကတွင် စက်မှုလယ်ယာဦးစီးဌာနမှ ပြောင်းဖူးရိတ်သိမ်းခြွေလှေ့စက်ဖြင့် သရုပ်ပြရိတ်သိမ်းခြင်းကို စက်တင်ဘာ ၉ ရက် နံနက်က ဆောင်ရွက်ခဲ့သည်။

"ယခင်နှစ်က အခုရာသီချိန်မှာ ပြောင်းစိုက်ခင်းမှ ပြောင်းဖူးစေ့ရရှိဖို့ဟာ အလုပ်သမားရှာဖွေရတယ်။ ကြိုတင်ငှားထားရတယ်။ ပြောင်းရာသီအချိန်ဆိုရင် သူ့ထက်ငါ အပြိုင်အဆိုင်လုပ်သားငှားနေရတော့ လုပ်အားခဈေးပိုပေးတဲ့လူက လုပ်သားရ တာပေါ့။ ယခုနှစ်စိုက်ပြောင်းခင်းတွေအတွက်ကတော့ ကျေးလက်တောင်သူများ လယ်ယာလုပ်သားရှားပါးမှုကို ကြိုတင်ဖြေရှင်းနိုင်လို့ လယ်ယာ လုပ်ငန်းခွင်များတွင် နှစ်တိုနှစ်ရှည် အရစ်အကြွေးစနစ်နဲ့ နိုင်ငံတော်က ရောင်းချတဲ့ ကောက်စိုက်စက်၊ ကောက်ရိတ်စက်၊ စပါးခြွေလှေ့စက်၊ လက်တွန်း ထွန်စက်များ၊ ထွန်စက်အလတ်စား၊ အကြီးစားများကို ဝယ်ယူထားပြီး လယ်ယာလုပ်သားများနေရာတွင် စက်များကို အစားထိုးအသုံးပြုကြတဲ့အတွက် လုပ်သားငှားရမ်းခနဲ့ နှိုင်းယှဉ်ရင်လုပ်အားခစရိတ်သက်သာသလို အချိန်ကုန် သက်သာပြီး လုပ်ငန်းတွင်ကျယ်လာပါတယ်"ဟု တောင်သူဦးနိုင်လင်းက ရှင်းပြသည်။ အဆိုပါရိတ်သိမ်းပွဲသို့ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးစီးအရာရှိဦးသန့်ဇော်ဦးက ပြောင်းဖူးရိတ်သိမ်းခြွေလှေ့စက်လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် အချိန်ကုန် သက်သာပြီးတောင်သူများ၏ ဝင်ငွေတိုးတက်လာနိုင်ကြောင်း တောင်သူများကို ရှင်းလင်းခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**



## မြစိမ်းရောင်ကျေးရွာ စီမံကိန်းကျေးရွာ ကော်မတီဖွဲ့စည်း

**မိုးညို စက်တင်ဘာ ၁၅**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီများကို စက်တင်ဘာ ၁၁ ရက်က မိုးညိုမြို့နယ် ဆင်ခေါင်းအုပ်စု မိုးညိုလေးဘုန်းတော်ကြီးကျောင်း၌ ဖွဲ့စည်းခဲ့သည်။ မိုးညိုမြို့နယ် ဆင်ခေါင်းအုပ်စု မိုးညိုလေး ကိုးတောင်မရွာ၌ အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေကျပ်သိန်းပေါင်း ၃၀၀ ဖြင့် လုပ်ဆောင်ရမည့် နည်းလမ်းများကို မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက ရှင်းလင်းပြောကြားသည်။ ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများကို တက်ရောက်လာကြသည့် ကျေးရွာပြည်သူများ၏ ဆန္ဒမဲဖြင့် ရွေးချယ်ခဲ့ကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**

# အသင်းကြီးတွေ အပြိုင်အားထုတ်ရမယ့် ယူရိုပါလိဂ်အုပ်စုအဖွင့်ပွဲစဉ်တွေ

***ဒီတစ်ပတ်ကြားရက်မှာ ချန်ပီယံလိဂ်ပွဲစဉ်တွေအပြင် ယူရိုပါလိဂ်အုပ်စုပွဲစဉ်တွေကလည်း စတင်ဖို့အသင့်ရှိနေပြီဖြစ်ပါတယ်။ အုပ်စုအဖွင့်ပွဲစဉ်(၁)မှာ လီဗာပူး၊ မာဆေး၊ ဆဲလ်တစ်၊ ဗီလာရီးရဲ၊ လာဇီယိုတို့ရဲ့ ပွဲစဉ်တွေက ဘယ်လိုရုန်းကန်အားတွေနဲ့ ပွဲရလဒ်တွေဖော်ထုတ်ပြသမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်သလို ဖီနာဘာချီ၊ စပိုတင်းနဲ့ မိုနာကိုအသင်းတွေရဲ့ အားထုတ်မှုတွေကလည်း ပရိသတ်တွေကို အပျော်တွေဆောင်ကြဉ်းပေးနိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။***

**မိုးမြင့်လင်းလက်**




**ဘော်ဒိုးနှင့် လီဗာပူး**

အုပ်စု(B)မှာ လီဗာပူးတို့ အုပ်စုဗိုလ်ဖြစ်နိုင်တဲ့ အနေအထားရှိပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာတော့ ဘော်ဒိုးတို့ ရှုံးပွဲကြုံထားပါတယ်။ ဘော်ဒိုးတို့ကလည်း ခံစစ်ပိုင်းကျစ်လစ်သလို လီဗာပူးတိုက်စစ်မှူးတွေကလည်း ဂိုးရရှိရေးစွမ်းဆောင်နိုင်သူတွေဖြစ်ပါတယ်။ လီဗာပူးရဲ့ လောလောဆယ် ပွဲရလဒ်တွေမှာတော့ ဝက်စ်ဟမ်းနဲ့ မန်ယူကိုရှုံးပွဲဆက်တိုက်ကြုံတွေ့ထားတာမို့ ဒီပွဲမှာ အခက်ခဲတော့ရှိမှာအမှန်ပါပဲ။ ဘော်ဒိုးတို့ကလည်း ခြေစွမ်းမတည်ငြိမ်တာမို့ ဒီပွဲက အမှတ်ခွဲယူရနိုင်ပါတယ်။

**အိုင်းယက်နှင့် ဆဲလ်တစ်**

အုပ်စု(A)ရဲ့ ပွဲဦးထွက်ပွဲစဉ်ဖြစ်တာမို့ နှစ်သင်းစလုံးခြေကုန်ထုတ်ကြပါ လိမ့်မယ်။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ အိုင်းယက်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားတာမို့ အခုပွဲမှာ ဆဲလ်တစ်တို့ အဲဒီရှုံးကြွေးကို ပြန်ဆပ်နိုင်မလားကြည့်ရမှာပါ။ ဟော်လန်လိဂ်မှာ ထိပ်ဆုံးက ဦးဆောင်နေတဲ့ အိုင်းယက်ရဲ့ စွမ်းဆောင်မှုက အလေးထားစရာဖြစ်သလို စကော့တလန်လိဂ်မှာလည်း ဆဲလ်တစ်တို့ကလည်း ခြောက်ပွဲကစားပြီးချိန်အထိ ရှုံးပွဲမရှိသေးပါဘူး။ ဒီနှစ်သင်းက ခြေရည်တူဖြစ်တာမို့ အိမ်ရှင်အားသာချက်နဲ့ အိုင်းယက်တို့ကပ်ပြီး နိုင်သွားမယ့် အနေအထားရှိပါတယ်။

**နာပိုလီနှင့် ဘရူဂျက်**

ဘယ်လ်ဂျီယံလိဂ်မှာ ဘရူဂျက်တို့က ရလဒ်တွေ အားရစရာမရှိသလို စီးရီးအေမှာလည်း ဒီနှစ်မှာ နာပိုလီတို့ ရုန်းကန်နေရပါတယ်။ ဘရူဂျက်ရဲ့အားနည်း ချက်က ခံစစ်ပိုင်းဖြစ်ပြီး အရှိန်အဟုန်နဲ့ တိုက်စစ်ဆင်လာတဲ့ ပြိုင်ဘက်တိုက်စစ်မှူးတွေကို ဟန့်တားထိန်းချုပ်နိုင်မှု အားနည်းနေပါတယ်။ နာပိုလီတို့ ယူရိုပါလိဂ်မှာဆိုရင် ခြေစွမ်းပြနိုင်တာမို့ ဒီပွဲမှာ အိမ်ရှင်နာပိုလီကို ယုံကြည်မှုပေးရမှာဖြစ်ပါတယ်။

**ရက်ပစ်ဗီယင်နာနှင့် ဗီလာရီးရဲ**

အုပ်စု(E)မှာ ဗီလာရီးရဲတို့အတွက် ခက်ခဲတဲ့စိန်ခေါ်မှုနဲ့ ကြုံတွေ့ရ တာဖြစ်ပါတယ်။ ဩစတြီးယားကလပ် ရက်ပစ်ဗီယင်နာတို့က ဒီနှစ်မှာ အကောင်းဆုံး ခြေစွမ်းပြသနေပြီး နိုင်ပွဲတွေလည်း ဆက်တိုက်ရယူနေပါတယ်။ တိုက်စစ်အား ကောင်းသလို ဂိုးတွေသွင်းယူနိုင်တဲ့ ရက်ပစ်ဗီယင်နာရဲ့ တိုက်စစ်မှူးတွေကို ဗီလာရီးရဲတို့ ရင်ဆိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ ခြေစွမ်းတည်ငြိမ်မှုမရှိတဲ့ ဗီလာရီးရဲတို့အနေနဲ့ အခုပွဲမှာ တစ်မှတ်ရရင်တောင် ဝမ်းသာရမှာပါ။

**ပရိုနင်ဂျန်နှင့် မာဆေး**

တိုက်စစ်အားကောင်းပေမယ့် အသင်းလိုက်ကစား အားကောင်းတဲ့ ဟော်လန်ကလပ်ပရိုနင်ဂျန်ကို မာဆေးတို့ ဘယ်လိုကျော်ဖြတ်မလဲ စိတ်ဝင်စားစရာ ဖြစ်ပါတယ်။ လီဂူး-၁မှာ မာဆေးတို့ ရှုံးပွဲ၊ သရေပွဲတွေများနေတာမို့ အခုပွဲ အဝေးကွင်းမှာ အမှတ်ရဖို့တောင် မာဆေးတို့ ခက်ခဲပါလိမ့်မယ်။ အိမ်ကွင်းမှာ အသာစီးရယူလေ့ရှိတဲ့ ပရိုနင်ဂျန်တို့ဒီပွဲမှာ အောင်ပွဲခံဖို့ အခွင့်အရေးများပါလိမ့်မယ်။

**ဒီနီပရိုနှင့် လာဇီယို**

အုပ်စု(G)မှာ လာဇီယိုတို့ အဖွင့်ပွဲစဉ်ဖြစ်တဲ့ ဒီပွဲမှာ အမှတ်ရဖို့ ခက်ခဲပါလိမ့်မယ်။ လာဇီယိုဟာ အသင်းလိုက် နားလည်မှုရှိရှိနဲ့ ကစားတတ်တာမို့ အခုပွဲမှာ အိမ်ရှင်တို့လည်း မလွယ်ပါဘူး။ ယူကရိန်းကလပ် ဒီနီပရိုတို့ဟာ အိမ်ကွင်းမှာ ကစားရပေမယ့် ပြစ်ဒဏ်သတ်မှတ်ချက်အရ ပရိသတ်မပါဘဲ ကစားရမှာမို့ အခင်းအကျင်းကောင်းရင် ဒီပွဲမှာလာဇီယိုတို့ အခြေအနေကောင်းနိုင်တဲ့ပွဲပါ။

**ဖီနာဘာချီနှင့် မိုလ်ဒီ**

တူရကီကလပ် ဖီနာဘာချီမှာ လူသစ်ကစားသမားတွေကြောင့် ကစားအားတက်နေပါတယ်။ နော်ဝေကလပ် မိုလ်ဒီတို့ဟာ အခုတစ်လော ရလဒ်တွေက အားရစရာမရှိပါဘူး။ နိုင်ပွဲတွေရနေတဲ့ ဖီနာဘာချီတို့ဟာ ခံစစ်ပိုင်းယိုယွင်းမှုရှိနေတဲ့ မိုလ်ဒီကို အနိုင်ကစားပြီး အမှတ်ပြည့်ယူကာ ယူရိုပါလိဂ်အဖွင့်ပွဲစဉ်ကို အကောင်းဆုံးပုံစံနဲ့ စတင်ပါလိမ့်မယ်။ ။

## ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့ ချယ်လ်ဆီးကစားသမားများ

ချယ်လ်ဆီးအသင်းဟာ ယခုနှစ် ပရီမီယာလိဂ်မှာ သုံးပွဲဆက်တိုက် ရှုံးနိမ့်မှုအပေါ် ပရိသတ်တွေရဲ့ ဝေဖန်မှုတွေကို ရင်ဆိုင်နေရပါတယ်။ နည်းပြမော်ရင်ဟိုဟာ ဖိအားပေးမှုတွေ ရင်ဆိုင်လာရသလို ကစားသမားတွေမှာလည်း ဖိအားရှိလာပါတယ်။ ယခုနှစ် ရာသီအစမှာ ချယ်လ်ဆီးအသင်းဟာ ကံဆိုးနေတယ်လို့ ပြောရမလား နောက်တန်း ကစားသမားတွေ အတော်လေး ဝေဖန်ခံနေရပါတယ်။ အထူးသဖြင့်တော့ အိုင်ဗန်နီဗစ်ဟာ ဝေဖန်အခံရဆုံးဖြစ်ပါတယ်။ ဒါ့အပြင် ဖာဘရီဂတ်နဲ့ မာတစ်တို့ဟာလည်း ကစားကွက်ပျောက်နေတယ်လို့ ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ သူတို့အတွဲဟာ ဖလားဆွတ်ခူးနိုင်တဲ့ ပြီးခဲ့တဲ့နှစ်တွေထက် ကစားအားစွမ်းရည်တွေ ကျဆင်းသွားတာတွေ့ရပါတယ်။ ဖာဘရီဂတ်ဟာ ဂိုးသွင်းနိုင်မှု အလွန်နည်းသွားသလို ဂိုးပေါက်ဖန်တီးမှု၊ ဂိုးပေါက်တည်ကန်မှုတွေလည်း နည်းပါးခဲ့တယ်လို့ ဆိုပါတယ်။ မာတစ်ရဲ့ ခြေစွမ်းမှာ ကျဆင်းလာပြီး အလွတ်တည်ကန်ဘောအများစု ထိရောက်တဲ့ ကန်ချက်မဖြစ်ခဲ့ဘူးလို့ ဆိုပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ ခံစစ်ဟာ ၁၉၇၁ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးလို့ဆိုပါတယ်။ ချယ်လ်ဆီးအသင်းဟာ ခံစစ်ပိုင်း၊ ကွင်းလယ်ကစားပိုင်းနဲ့ တိုက်စစ်ပိုင်းလျော့ရဲမှုတွေ ရှိနေတယ်လို့ ဆိုပါတယ်။




## အသင်းလက်မဲ့ဖြစ်သွားတဲ့ အဒီဘာယော

တိုက်စစ်မှူး အဒီဘာယောကို စပါးအသင်းက နှစ်ဖက်သဘောတူညီချက်နဲ့ အသင်းမှထွက်ခွာခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်ကတည်းက စပါးအသင်းရဲ့ တိုက်စစ်မှူးဖြစ်လာတဲ့ အဒီဘာယောဟာ ယခုနှစ်ရာသီမှာ ဘယ်အသင်းနဲ့မှ ကစားရခြင်းမရှိသေးပါဘူး။ စပါးနဲ့ မှတ်ပုံတင်ထားမှုဟာ ကစားသမားခေါ်ယူရေးကာလ နောက်ဆုံးနေ့မှာ အဆုံးသတ်သွားခဲ့ပါပြီ။ သူဟာ ဇန်နဝါရီလတိုင်အောင် နောက်ထပ်ပရီမီယာလိဂ်အသင်းတစ်သင်းကို ပြောင်းရွှေ့နိုင်မဟုတ်ပါဘူး။ ဒီအတွက် သူဟာ အသင်းလက်မဲ့ကစားသမားဖြစ်နေဦးမှာဖြစ်ပါတယ်။ အက်စ်တွန်ဗီလာနည်းပြ တင်ရှားဝုဒ်ကတော့ အဒီဘာယောကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ အသက် ၃၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အဒီဘာယောဟာ စပါးအသင်းမှ ထွက်ခွာသွားပြီဖြစ်တဲ့အတွက် ပရီမီယာလိဂ်နဲ့ရော ယူရိုပါလိဂ်အသင်းတွေနဲ့ပါ လွဲချော်သွားနိုင်ပါတယ်။

“ကျွန်တော်တို့အနေနဲ့ အဒီဘာယောရဲ့ အနာဂတ်နဲ့ပတ်သက်လို့ အကောင်းဆုံးဖြစ်စေချင်တဲ့ ဆန္ဒရှိပါတယ်”လို့ စပါးအသင်းရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ သို့ပေမယ့် စပါးအသင်းရဲ့နည်းပြ ပိုချက်တီနိုကတော့ “ကျွန်တော့်အနေနဲ့ အဒီဘာယောကို စိတ်ထဲက ထုတ်လိုက်ပြီဖြစ်သလို စပါးအသင်းရဲ့ အနာဂတ်မှာလည်း မရှိတော့ဘူး”လို့ ပြောဆိုလိုက်ပါတယ်။ အဒီဘာယောဟာ အောင်မြင်တဲ့ ကစားသမားဖြစ်ပြီး ၂၀၁၁-၂၀၁၂ က မန်စီးတီးမှ ပြောင်းလာရာ ၁၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။

## ဒဏ်ရာခြိမ်းခြောက်ခံနေရတဲ့ အဂူရို

အဂူရိုဟာ မန်စီးတီးအသင်းရဲ့ အမာခံတိုက်စစ်မှူးဖြစ်ပါတယ်။ ရာသီအစ ဂိုးတွေသွင်းပြီး နိုင်ပွဲတွေဆက်နိုင်ခဲ့ခြင်းဟာလည်း အဂူရိုရဲ့ ကြိုးစားအားထုတ်မှုကြောင့်လို့ ဆိုနိုင်ပါတယ်။ သို့ပေမယ့် ပြီးခဲ့တဲ့ ခရစ္စတယ်ပဲလေ့စ်နဲ့ပွဲမှာ မမျှော်လင့်ဘဲ ဒဏ်ရာရသွားခဲ့ပါတယ်။ ဒီဒဏ်ရာဟာ ပြင်းထန်ခြင်းမရှိပေမယ့် ခြိမ်းခြောက်မှုရှိနေတယ်လို့ ဆိုပါတယ်။ ဒူးခေါင်းအနာတရဖြစ်သွားတဲ့ အဂူရိုဟာ လာမယ့် ပြိုင်ပွဲတွေမှာ ကောင်းကောင်းကစားနိုင်မယ်၊ မကစားနိုင်ဘူးဆိုတာကိုတော့ အသင်းက ထုတ်ပြန်ကြေညာထားခြင်းမရှိသေးပါဘူး။ မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ ခရစ္စတယ်ပဲလေ့စ်နဲ့ပွဲမှာ ဒေးဗစ်ဆေးလ်ဗားနဲ့ စတာလင်းတို့မပါဘဲ ကစားခဲ့ရပါတယ်။ အဂူရိုပါထပ်ပြီးဒဏ်ရာရကစားသမားဖြစ်သွားခဲ့ရင်တော့ မန်စီးတီးရဲ့ ဆက်လက်အောင်ပွဲခံမှုတွေဟာ ရပ်တံ့သွားနိုင်ပါတယ်။ မန်စီးတီးအသင်းဟာ ယခုနှစ် ပရီမီယာလိဂ်မှာ ဆက်တိုက်အနိုင်ရထားတဲ့ အသင်းပါ။ ဒဏ်ရာရ ကစားသမားတွေများလာရင်တော့ နိုင်ပွဲဟာ ရပ်တံ့သွားမယ့်အနေအထားရှိပါတယ်။




**ကောင်းမြတ်သူ ➢➢ စုစည်းသည်။**

# နိုင်ငံတစ်ဝန်းမှ ရေဘေးသင့်စာသင်ကျောင်း ၄၀၀ ကျော်ကို ပြန်လည်ဆောက်လုပ်မည်

**ရန်ကုန် စက်တင်ဘာ ၁၅**

ဇူလိုင်လကုန်နှင့် ဩဂုတ်လဆန်းပိုင်းက ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ ခုတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် နိုင်ငံတဝန်းရှိ စာသင်ကျောင်းပေါင်း ၄၀၀၀ ကျော်ကို ပိတ်ခဲ့ရသော်လည်း ထိုအထဲမှ ၁၀ ရာခိုင်နှုန်းဖြစ်သည့် စာသင်ကျောင်း ၄၀၀ ကျော်ကိုသာ ဆောက်လုပ်ရန်လိုအပ်ကြောင်းနှင့် ကျန်စာသင်ကျောင်းများမှာ ပြန်လည်ဖွင့်လှစ်ထားပြီဖြစ်ကာ ကျောင်းသား ကျောင်းသူများမှာလည်း စာသင်ကြားနေကြပြီဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

အခြေခံပညာဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးက "ရေဘေးသင့်စာသင်ကျောင်းတွေ ပြန်ဆောက်လုပ်ဖို့ ဆောင်ရွက်ခိုက်မှာ စာသင်ကျောင်းတွေ အရှိန်အဟုန်မပျက် ဖွင့်နိုင်အောင် ယာယီကျောင်းများ ပြန်ဆောက်လုပ်ထားပါတယ်။ စာသင်ကျောင်းများ ပြန်ဆောက်လုပ်တဲ့အခါမှာလည်း ရေဘေးကြုံလာရင် ရေဘေးလွတ်မယ့်အနေအထားမျိုးဖြစ်အောင် ပြန်ဆောက်လုပ်ရပါမယ်။ အဲဒါဆို ရပ်ရွာလူထုတွေအနေနဲ့လည်း တော်သင့်ရုံရေဘေးဆို ဒီစာသင်ကျောင်းတွေမှာ လာရောက်ခိုလှုံနိုင်တာပေါ့။ အခု ရေကျသွားတယ်ဆိုပေမယ့် အဲဒီရေဘေးသင့်ရွာတွေက ကျောင်းတွေပြန်ဆောက်ဖို့ ဆောက်လုပ်ရေးပစ္စည်းများ ပို့ရမယ့်ကိစ္စတွေ ရှိပါတယ်။ ဒါကြောင့် လက်ရှိယာယီစာသင်ကျောင်းများ ပြန်ဖွင့်ပြီး နောက်တစ်လလောက် မိုးနည်းသွားလို့ ပွင့်လင်းရာသီရောက်ပြီဆိုရင် စာသင်ကျောင်းများကို အရှိန်အဟုန်မြှင့်ပြီး ပြန်ဆောက်လုပ်သွားမှာပါ"ဟု ပြောသည်။

ရေဘေးသင့်ဒေသများရှိ စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ရာတွင် အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရမှ စာသင်ကျောင်းများ ဆောက်လုပ်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကာ နိုင်ငံအတွင်းရှိ မိဘပြည်သူများမှလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ကြမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ရခိုင်ပြည်နယ်က မုန်တိုင်းဒဏ်ပါ သင့်ခဲ့ရတာမို့ စာသင်ကျောင်းများ အပျက်အစီး ပိုများခဲ့ရပါတယ်။ ချင်းပြည်နယ်ကျပြန်တော့လည်း မြေပြိုတာနဲ့ ရပ်ကွက်တွေရွှေ့ပြောင်းရမယ့်ကိစ္စတွေ ရှိနေပါတယ်။ ချင်းပြည်နယ်လည်း အပျက်အစီးများတာပါပဲ။ ချင်းပြည်နယ်ကို ကျွန်တော်တို့က ထောက်ပံ့ဖို့ ဆိုတာကတော့ ဆက်သွယ်ရေးလမ်းကြောင်းက တော်တော်လေးခက်ခဲပါတယ်။ အလားတူ ရခိုင်ပြည်နယ်လည်း ခက်ခဲပါတယ်. . .**

နောင်တချိန်တွင် ရေဘေးအန္တရာယ်ကျရောက်လာမည်ဆိုလျှင် စာသင်ကျောင်းများအနေဖြင့် တော်သင့်ရုံထိခိုက်မှုကို ခံနိုင်ရည်ရှိရန်အတွက်လည်း အခြေခံပညာဦးစီးဌာနက ဆောင်ရွက်စီစဉ်ထားကြောင်း သိရသည်။

လက်ရှိအနေအထားအရ တစ်နိုင်ငံလုံးတွင် စာသင်ကျောင်းများ ရေဘေးကြုံတွေ့ခဲ့မှု အများဆုံးမှာ ရခိုင်ပြည်နယ်တွင်ဖြစ်ပြီး ယာယီစာသင်ကျောင်းများ ဆောက်လုပ်ရန်အတွက်လည်း ရခိုင်ပြည်နယ်တွင် အဓိက လိုအပ်ကြောင်းသိရသည်။ ယခုအခါ ယာယီစာသင်ကျောင်းပေါင်း ၆၁ ကျောင်းကို စတင်ဆောက်လုပ်နေပြီဖြစ်ပြီး မြန်မာနိုင်ငံအောက်ပိုင်းရှိ အချို့ရေဘေးသင့်ဒေသမြို့နယ်များတွင်လည်း ရေဘေးသင့်စာသင်ကျောင်းများအတွက် ယာယီစာသင်ကျောင်းများ ဆောက်လုပ်လျက်ရှိသည်။ အချို့မြို့နယ်များရှိ ကျောင်းသား ကျောင်းသူများမှာလည်း နီးစပ်ရာဘုန်းကြီးကျောင်းများတွင် စာသင်ကြားလျက်ရှိနေကြသည်။

"ရခိုင်ပြည်နယ်က မုန်တိုင်းဒဏ်ပါသင့်ခဲ့ရတာမို့ စာသင်ကျောင်းများ အပျက်အစီး ပိုများခဲ့ရပါတယ်။ ချင်းပြည်နယ်ကတော့ စာသင်ကျောင်း ၆၆ ကျောင်း ပြန်ဆောက်လုပ်ရပါမယ်။ ချင်းပြည်နယ်ကျပြန်တော့လည်း မြေပြိုတာနဲ့ ရပ်ကွက်တွေ ရွှေ့ပြောင်းရမယ့်ကိစ္စတွေ ရှိနေပါတယ်။ ချင်းပြည်နယ်လည်း အပျက်အစီး များတာပါပဲ။ ချင်းပြည်နယ်ကို ကျွန်တော်တို့က ထောက်ပံ့ဖို့ ဆိုတာကတော့ ဆက်သွယ်ရေးလမ်းကြောင်းက တော်တော်လေးခက်ခဲပါတယ်။ အလားတူ ရခိုင်ပြည်နယ်လည်း ခက်ခဲပါတယ်။ ဒါကြောင့် သူများထက်ပိုပြီး ကျွန်တော်တို့က အားစိုက်လုပ်ဆောင်နေရပါတယ်၊ ချင်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်အတွက်ကို ကယ်ဆယ်ရေးလုပ်ငန်းများအပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီး ၁၁ ခုမှာဖြစ်ပွားခဲ့တဲ့ ဒီရေဘေးသင့်တဲ့ကိစ္စများကို ပြည်သူလူထုအားပါဝင်မှုသာလျှင် အချိန်မီ ပြန်လည်ထူထောင်နိုင်မှာပါ"ဟု အခြေခံပညာဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ်က ဆိုပါသည်။

ရေကြီးရေလျှံမှုများကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ ခုပေါင်းအနေဖြင့် စာသင်ကျောင်း ၆၄၃ ကျောင်း ပျက်စီးခဲ့ရကြောင်း၊ ထိုအထဲမှ ၂၁၃ ကျောင်းမှာ အစအဆုံး ပြန်လည်တည်ဆောက်ရမည်ဖြစ်ကြောင်းနှင့် စာသင်ကျောင်း ၄၃၀ မှာမူ အကြီးစားပြန်လည်ပြုပြင်ရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ စာရင်းများအရ သိရသည်။

**စိုးဝင်း(SP)**

## သတင်းတိုများ

### မြဝတီခရိုင်သမဝါယမအသင်းအစည်းအဝေးကျင်းပ

ကရင်ပြည်နယ် မြဝတီခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို သောင်ရင်းခန်းမ၌ စက်တင်ဘာ ၁၂ ရက်က ကျင်းပရာ အသင်းအမှုဆောင်ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးတို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးနိုင်ဦးက သမဝါယမလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဘဏ္ဍာရေးရှင်းတမ်းများကို ဒါရိုက်တာအဖွဲ့ဝင်များက ဖတ်ကြားရှင်းလင်းပြီး သက်တမ်းကုန်ဆုံးသည့် ဒါရိုက်တာအဖွဲ့ဝင်များက နှုတ်ထွက်ကာ အဖွဲ့သစ်ကို ပြန်လည်ရွေးချယ်ဖွဲ့စည်းခဲ့သည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

### မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကွင်းဆင်းစစ်ဆေး

မွန်ပြည်နယ် ပေါင်မြို့နယ် ညောင်ကုန်းလေးကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသူ ၃၄ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသူ ၁၃၉ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦး စုစုပေါင်း ၂၁၉ ဦးရှိရာ လုပ်ငန်းများဆောင်ရွက်နေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက စက်တင်ဘာ ၄ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြော

**တပ်ကုန်း စက်တင်ဘာ ၁၅**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် (MRTV)အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က အားလပ်ချိန်မှာ စာဖတ်ပါခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)မှ မှူခင်းသတင်းထောက် ဦးမင်းဟိန်းခန့်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များနှင့် လူကုန်ကူးမှုမဖြစ်ပွားစေရေးစသည့်အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့သည်။



ဟောပြောပွဲအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်နှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးပညာပေး နံရံကပ်စာစောင်များကို ဆက်လက်ပြသခဲ့ပြီး ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **တင်စိုးလွင်**



**စက်တင်ဘာ ၄ ရက်မှစ၍ ချင်းတွင်းမြစ် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နေမှုကြောင့် မြစ်ကြောင်းအတွင်း ပြေးဆွဲနေသော ခရီးသည်တင်ရုပ်ပြေးရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များ ပုံမှန်ပြေးဆွဲနိုင်ခြင်းမရှိသေးဘဲ စောင့်ဆိုင်းနေစဉ်။** (စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှ ဟုမ္မလင်းမြို့နယ် နန့်တော၊ နောင်ပိုအောင်နှင့် ဆယ်ဇင်းဘက်သို့ စက်တင်ဘာ ၁၃ ရက်အထိ ရေယာဉ်များ ပုံမှန်အတက်အဆင်းပြေး ဆွဲနိုင်ခြင်းမရှိသေးကြောင်း သိရသည်။)

**သန်းမောင်လေး(ကချင်မြေ)**

## တတိယအကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ညောင်ဦး စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ညောင်ဦးမြို့ အနော်ရထာခန်းမ၌ စက်တင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ညောင်ဦးခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့မိန့်ခွန်းကို ဖတ်ကြားခဲ့ပြီး ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေလင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန်ဟူသည့် ရည်မှန်းချက်နှင့်အညီ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားများကို မြို့နယ်များ၌ ကျင်းပလျက်ရှိသည်။ **ရဲသူရအောင်(ညောင်ဦး)**

# ခရီးကြမ်း ၄၇ မိုင် စက်ဘီးစီးပြိုင်ပွဲ ကျင်းပ

**သံဖြူဇရပ် စက်တင်ဘာ ၁၅**

မွန်ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူး၍ တာဝေးခရီးကြမ်း ၄၇မိုင် (၇၅ကီလိုမီတာ)ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲကို သံဖြူဇရပ်မြို့၌ စက်တင်ဘာ ၁၃ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ စက်ဘီးစီးအားကစားသမား ၈၇ ဦးနှင့် ဗီယက်နမ်နိုင်ငံမှ အားကစားသမားတစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

"တာဝေး ၄၇ မိုင်ခရီးစဉ်မှာ ကရင်သောင်နဲ့ အနမ်းစမ်းနယ်မြေက တောင်ပေါ်လမ်းခရီး ခုနှစ်မိုင်လောက်ဟာ တကယ့်လမ်းကြမ်းပါ။ ကျောက်ကြမ်းလမ်းနဲ့ ချိုင့်ခွက်တွေ၊ စမ်းချောင်းတွေနဲ့ သဲလမ်းရွှံ့ဗွက်လမ်းတွေ ဖြတ်ကျော်ရတယ်။ ဒါကြောင့် Mountain အမျိုးအစား စက်ဘီးတွေနဲ့ ပြိုင်ပွဲဝင်ဖို့ သတ်မှတ်ခဲ့တာဖြစ်ပါတယ်"ဟု ခရီးကြမ်းစက်ဘီးပြိုင်ပွဲနှင့် ပတ်သက်၍ မွန်ပြည်နယ်စက်ဘီးအားကစားဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကံထွန်းက ပြောသည်။

ပြိုင်ပွဲဝင် စက်ဘီးသမားများသည်သံဖြူဇရပ်မြို့မဈေးအရှေ့မှ စတင်တာထွက်ပြီး မုဒုံမြို့နယ်ကလော့သော့ကျေးရွာလမ်းဝသို့ အသွားအပြန်နှင့် ထိုမှတဆင့် သံဖြူဇရပ်မြို့နယ် ကရင်သောင်ကျေးရွာနယ်မြေ တောင်ပေါ်လမ်းကြမ်းမှ အနမ်းစမ်းရွာအထိ စီးနင်းကာ သံဖြူဇရပ်မြို့သို့ ပန်းဝင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ရန်ကုန်မြို့မှ ကိုခင်ချိုက ပထမ၊ သံဖြူဇရပ်မြို့မှ ချမ်းမြေ့နောင်က ဒုတိယနှင့် ရန်ကုန်မြို့မှ ကျော်ထက်အောင်က တတိယဆုများ ရရှိခဲ့ကြပြီး ဆုများကို မွန်ပြည်နယ် ဝန်ကြီး ဒေါက်တာတိုးတိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်းနှင့် ပြည်နယ်စက်ဘီးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌတို့က ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **ကျော်ဝင်း**(iprd)



# တတိယအကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနား ဟားခါးမြို့၌ကျင်းပ

**ဟားခါး စက်တင်ဘာ ၁၅**

လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်အဖြစ်သတ်မှတ်၍ အတူတကွပူးပေါင်းဆောင်ရွက်သွားရန်ဟူသည့် ရည်မှန်းချက်နှင့်အညီ ၂၀၁၅ ခုနှစ် တတိယအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဟားခါးမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်ကြွမ်ဘိခ်ခန်းမ၌ စက်တင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်က အမှာစကားပြောကြားပြီး ပြည်နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းက မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်ဒုတိယသမ္မတပြောကြားမည့် မိန့်ခွန်းကို ဖတ်ကြားသည်။

ထို့နောက် အထိမ်းအမှတ်အခမ်းအနားအဖြစ် ကျင်းပခဲ့သည့် ပြိုင်ပွဲများမှ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရကျောင်းသားကျောင်းသူများအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ပြီး ခင်းကျင်းပြသထားသော ဆုရကျောင်းသားကျောင်းသူများ၏ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းလက်ရာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ကုန်အရနည်းသဖြင့် ကုန်တင်ယာဉ်ကြီးများရပ်နားရမှု များလာ

**ရေတာရှည် စက်တင်ဘာ ၁၅**

ကုန်အရနည်းခြင်းနှင့် ကုန်တင်ခနှုန်းများ နည်းပါးလာခြင်း၊ လမ်းပိုင်းအသုံးပြုခများ တက်လာခြင်းနှင့် အထွေထွေကုန်ကျစရိတ်များ တက်လာခြင်းတို့ကြောင့် ကုန်တင်ယာဉ်ပြေးဆွဲသူများအနေဖြင့် တွက်ခြေကိုက်ခြင်း မရှိတော့သဖြင့် ကုန်တင်ယာဉ်များ ရပ်နားမှုများလာကြောင်း ကုန်တင်ယာဉ်မောင်းနှင်သူများနှင့် ယာဉ်ပိုင်ရှင်များထံမှ သိရသည်။

"ကုန်ဈေးနှုန်းကသာ တက်နေတာ။ ကုန်တင်ခကျတော့ တက်မလာဘူး။ နောက်တစ်ခုက ကုန်တင်ယာဉ်တွေ တအားများလာတာလည်း ပါတာပေါ့။ ယာဉ်ပိုင်ရှင်တွေဘက်ကတွက်ကြည့်ရင် ဒရိုင်ဘာ၊ စပယ်ယာ၊ ခေါက်ကြေး၊ လမ်းကြေးပေးရတာနဲ့ဆိုတော့ တွက်ခြေမကိုက်တော့ဘူး"ဟု ဆွာမြို့ရှိ ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ကုန်တင်ယာဉ်များ အများဆုံးအသုံးပြုသော ရန်ကုန်-မန္တလေးကားလမ်းတွင် ယာဉ်အသွားအလာမှာ ယခင်ထက် များစွာလျော့နဲလျက်ရှိနေသည်ကို တွေ့ရပြီး ရန်ကုန်နှင့် မန္တလေးမြို့ကြီးများ၌ အခြေစိုက်သော ကုန်တင်ယာဉ်များသာ ပုံမှန်အတိုင်းသွားလာလျက်ရှိကြောင်း ကုန်တင်ယာဉ်ပိုင်ရှင်အချို့ထံမှ သိရသည်။

**ကိုလွင်(ဆွာ)**

# မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ် ကုသပေးမည်

**ကျွန်းလှ စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ သီတဂူစကျွဒါနဆေးရုံတော်ကြီး၌ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာအရှင် ဉာဏိဿရ၏လမ်းညွှန်မှု၊ IBEC နာယက ဆရာတော်ဦးသောဘိတ၏ ဦးဆောင်မှုများဖြင့် မျက်စိဝေဒနာရှင်များအား ဒုတိယအကြိမ် အခမဲ့ မျက်စိစမ်းသပ်၊ ခွဲစိတ်ကုသခြင်းများကို စက်တင်ဘာ ၂၅ရက်မှ အောက်တိုဘာ ၂ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




အဆိုပါ သီတဂူစကျွဒါန ဆေးရုံတော်ကြီးတွင် ပထမအကြိမ်အဖြစ် ကျွန်းလှ၊ ကန့်ဘလူ၊ ကောလင်း၊ ပင်လယ်ဘူး၊ ဝန်းသို၊ ရေဦး၊ တန့်ဆည်နှင့် ဒီပဲယင်းမြို့နယ်များမှ မျက်စိဝေဒနာရှင် ၄၀၀၀ ကျော်ကို နိုင်ငံခြားပြန် မျက်စိအထူးကု ဆရာဝန်ကြီး များနှင့် သီတဂူဆရာဝန်များအဖွဲ့က အခမဲ့စမ်းသပ်ပေးခဲ့ပြီး ၄၀၀ ကျော်ကို အောင်မြင်စွာခွဲစိတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခု ဒုတိယအကြိမ်တွင်လည်း ပထမအကြိမ်ကဲ့သို့ မျက်စိဝေဒနာရှင် ရဟန်းရှင်လူ ပြည်သူများအား လူမျိုးဘာသာမရွေး အခမဲ့စမ်းသပ်၊ ခွဲစိတ်ကုသပေးသွားမည် ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ကျွန်းလှမြို့သီတဂူစကျွဒါန ဆေးရုံသို့ ဆေးပဒေသာပင်နှင့်ဆေးရုံသုံးပစ္စည်းများ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၃၃၄၆၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မိုးရာသီသီးနှံ ဘဏ်ချေးငွေများ ထုတ်ချေးပြီးစီး

**ပေါက် စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်အတွင်းရှိ တောင်သူများအား ၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် ဘဏ်ချေးငွေများကို ဩဂုတ် ၂၅ ရက်က အပြီးသတ်ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း ပေါက်မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ပေါက်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၆ ခုမှ တောင်သူ ၄၉၇၂ ဦးအတွက် သီးနှံစိုက်ပျိုးစရိတ် ကျပ် ၉၂၈၆ ဒသမ ၆၀ သိန်းကို ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ချေးငွေထုတ်ပေးသည့် သီးနှံအမျိုးအစားအနေဖြင့် စပါး ၄၂၄၃ ဧက၊ မြေပဲ ၁၆၀၂ ဧက၊ နှမ်း ၁၇၄၁၀ ဧက၊ ပဲတီစိမ်း ၄၂၃၂ ဧကနှင့် ပဲ စဉ်းငုံ ၁၉၆၄ ဧကဖြစ်ပြီး စုစုပေါင်းဧက ၂၉၄၆၁ ဧကအတွက် စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းနှင့် အခြားသီးနှံများကို တစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း ပေါက်မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ကြီးကြပ်ရေးမှူး ဒေါ်မော်စီထံမှ သိရသည်။

ချေးငွေအပေါ် အတိုးနှုန်းမှာ ငွေကျပ်တစ်ရာလျှင် တစ်နှစ်အတွက်ငါးကျပ်နှုန်း(တစ်လလျှင် ၄၂ ပြားနှုန်း)အတိုးနှုန်းဖြင့် ထုတ်ချေးပေးခဲ့ခြင်းဖြစ်သဖြင့် တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၏ သွင်းအားစုများအတွက် အသုံးပြုနိုင်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အပံ့ဖြစ်လျက်ရှိကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**



# ခရိုင်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**သရက် စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်အုပ်ချုပ်ရေးမှူးဖလား အသက် ၂၃ နှစ်အောက် ခြောက်မြို့နယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို သရက်မြို့မအားကစားကွင်း၌ စက်တင်ဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်းနှင့် အားကစားဝါသနာရှင်များ၊ ပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးမှ နိုင်ငံတကာပြိုင်ပွဲများတွင် ဆုရရှိရေးအထိ ရေရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို စတင်ကျင်းပရာ သရက်မြို့နယ်လက်ရွေးစင်အသင်းနှင့် မင်းတုန်းမြို့နယ် လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး သရက်မြို့နယ်အသင်းက ၂ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**ပေါက်ကလေး(သရက်)**



# ဖောင်တော်ဦးဘုရားပွဲတော်တွင် ဈေးဆိုင်ခန်းပေါင်း ၁၀၀၀ နီးပါး နေရာချပေးမည်

**မိတ္ထီလာ စက်တင်ဘာ ၁၅**

မိတ္ထီလာမြို့၌ (၁၃၂)ကြိမ်မြောက် ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦး ဘုရားပွဲတော်ကို စက်တင်ဘာ ၂၁ ရက်မှ ၃၀ ရက်(တော်သလင်းလဆန်း ၈ ရက်နေ့မှ လပြည့်ကျော် ၂ ရက်နေ့) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ဘုရားပွဲတော်တွင် ဈေးရောင်းချမည့်သူများအတွက် ဈေးဆိုင်ခန်းပေါင်း တစ်ထောင်နီးပါးကို နေရာချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ဖောင်တော်ဦးဘုရားပွဲတော်ကာလမှာ ဈေးရောင်းချလိုသူတွေအတွက် ဈေးဆိုင်ခန်းပေါင်း ၉၉၇ ခန်း နေရာချထားပေးသွားမှာဖြစ်ပါတယ်။ မိတ္ထီလာကန်အရှေ့ဘက်မှာ ဈေးဆိုင်ခန်းပေါင်း ၄၀၀ ကျော်၊ မိတ္ထီလာကန်အနောက်ဘက်မှာ ဈေးဆိုင်ခန်းပေါင်း ၅၀၀ ကျော် စုစုပေါင်းဈေးဆိုင်ခန်း ၉၉၇ ခန်းကို နေရာချထားပေးသွားမှာဖြစ်ပါတယ်။ စည်သူရပ် မီးရထား သံလမ်းအနီးကနေ ရွှေဘုံသာစေတီ(ခြသေ့်ကြီးနှစ်ကောင်)အနီးအထိ ရန်ကုန်-မန္တလေးကားလမ်းမ လမ်းဘေးဝဲယာမှာ ဈေးဆိုင်ခန်းတွေကို နှစ်စဉ်တိုင်းလို နေရာချထားပေးခဲ့ပေမယ့် ဒီနှစ်တော့ အဲဒီကားလမ်းမတစ်လျှောက် နေရာချထားခြင်း လုံးဝမပြုလုပ်ပါဘူး” ဟု ဖောင်တော်ဦးဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌက ပြောသည်။

မိတ္ထီလာဖောင်တော်ဦး ဘုရားပွဲတော်တွင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲကို အကြီးတန်း၊ အလတ်တန်းနှင့် အငယ်တန်းဟု အတန်းသုံးတန်းခွဲခြား၍ ကျင်းပသွားမည်ဖြစ်ရာ လှေပြိုင်ပွဲ ဗဟိုဆုပေးမဏ္ဍပ်(ပွဲကြည့်စင်)ကို စက်တင်ဘာ ၁၄ ရက်မှ စတင်ဆောက်လုပ်လျက်ရှိသည်ကို တွေ့ရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# အောင်လံ ပြည်သူ့ဆေးရုံအတွက် သံခုတင်များပေးအပ်လှူဒါန်း

**အောင်လံ စက်တင်ဘာ ၁၅**

အောင်လံမြို့နယ် ပြည်သူ့ဆေးရုံအတွက် လိုအပ်သောသံခုတင်များကို အောင်လံမြို့ ဇေယျဝတီရပ်ကွက် ဝိသုဒ္ဓါရုံသာသနာပြု စာသင်တိုက်ကြီးမှ ပဓာနနာယကဆရာတော်ကြီးနှင့် သံဃာတော်များ၊ တပည့်ဒါယကာဒါယိကာမများက ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၃ ရက်က ယင်းစာသင်တိုက်ကြီး၌ ကျင်းပခဲ့သည်။

လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးတင်ဝင်း၊ သာသနာပြုစာသင်တိုက်ဂေါပကအဖွဲ့၊ မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီးနှင့် ဝန်ထမ်းများ၊ ကရုဏာကြယ်စင်ကျန်းမာရေးစောင့်ရှောက်မှုအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။ ဝိသုဒ္ဓါရုံသာသနာပြု စာသင်တိုက်ကြီး၏ ပဓါနနာယကဆရာတော်က သြဝါဒကထာ မြွက်ကြားပြီး စာချဆရာတော်နှင့်ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးမျိုးဝင်းတို့က အလှူရှင်များကိုယ်စား တစ်လုံးလျှင် ကျပ်ငါးသောင်းတန်ဖိုးရှိ သံခုတင် ၂၇ လုံးကို ခုတင်(၅၀)ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးလွင်ထံ လွှဲပြောင်းလှူဒါန်းခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြို့သစ်မြို့နယ်၌ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**မြို့သစ် စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် လူကုန်ကူးမှုတိုက်ဖျက်ရေးကော်မတီမှ ကြီးမှူး၍ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားနှင့် အသိပညာပေး ဟောပြောပွဲကို မြို့သစ်မြို့ အခြေခံပညာအထက်တန်းကျောင်း ( ရတနာခန်းမ) ၌ စက်တင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲထွဋ်က လူကုန်ကူးမှုတိုက်ဖျက်ရေး၊ တားဆီးကာကွယ်ရေးတို့နှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် လူကုန်ကူးမှုတိုက်ဖျက်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူ ကိုးဦးအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**သန်းဝင်းထွန်း(မြို့သစ်)**



**စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မဒေါင်းလှကျေးရွာအုပ်စု ဆီဆုံလေးကျေးရွာမှ သွေးလှူဒါန်းမည့်ဒေသခံပြည်သူများအား မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်နိုင်နှင့်ဝန်ထမ်းများက စက်တင်ဘာ ၁၃ ရက်က သွေးအုပ်စုအခမဲ့စစ်ဆေး ပေးနေစဉ်။ (သွေးလိုအပ်နေသောလူနာများ လိုအပ်သောသွေးကို လွယ်ကူစွာရရှိရန်အတွက် သွေးလှူဒါန်းမည့်သူများအား စစ်ဆေးပေးခြင်းဖြစ်ပြီး သွေးလှူရှင် ၅၄ ဦးကို စစ်ဆေးပေးခဲ့ကြောင်း သိရသည်။)**
ခင်ဦးစိုးဝေ

## သတင်းတိုများ

### မြောင်းမြပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံးသို့ ကြည့်ရှုစစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ထားသော ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး(One Stop Shop) ၌ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူ့ဝန်ဆောင်မှုရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက စက်တင်ဘာ ၁၀ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်းသိရသည်။ မြောင်းမြမြို့နယ် ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံး၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အခွန်ဌာန၊ လယ်ယာမြေ/စာရင်းအင်းဌာန၊ အမျိုးသားမှတ်ပုံတင်ဌာန၊ မြို့နယ်လျှပ်စစ်ဌာန၊ မြို့နယ်စည်ပင်၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ အလုပ်ရုံ/အလုပ်သမားစစ်ဆေးရေးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနများ စုပေါင်းဖွင့်လှစ်ထားပြီး ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**အောင်မင်း**(iprd)

### ကျေးရွာစာကြည့်တိုက်အတွက် အလှူငွေပေးအပ်

မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကြာနီကန်အုပ်စု ကျေးရွာစာကြည့်တိုက်အတွက်အလှူငွေပေးအပ်ပွဲကို ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ စက်တင်ဘာ ၇ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်အေးအေးခိုင်တို့က ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရန်နှင့် ပရိဘောဂများအတွက် အလှူငွေကျပ် ၁၀ သိန်းကို ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌထံ ပေးအပ်ခဲ့သည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

### သစ်တောဥပဒေဆိုင်ရာ ပညာပေးဆိုင်းဘုတ်များစိုက်ထူ

သစ်နှင့် သစ်တောထွက်ပစ္စည်းများကို တရားမဝင် ခုတ်လှဲထုတ်ယူခြင်း၊ တောရိုင်းတိရစ္ဆာန်များကို တရားမဝင် ဖမ်းဆီးသယ်ယူခြင်းများနှင့် ပတ်သက်၍ ဥပဒေအရအရေးယူခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များအား ဒေသခံပြည်သူများ နားလည်သဘောပေါက်လာစေရန်ရည်ရွယ်၍ အသိပညာပေးဆိုင်းဘုတ်များကို ဇီးကုန်းမြို့နယ်သစ်တောဦးစီးဌာနက ဇီးကုန်းမြို့ လူစည်ကားရာနေရာများ၌ စက်တင်ဘာ ၇ ရက်က စိုက်ထူခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

### ရွေးကောက်ပွဲဆိုင်ရာနှင့်လျှပ်စစ်အန္တရာယ်များ ပညာပေးဟောပြော

ရွေးကောက်ပွဲဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲနှင့် လျှပ်စစ်အန္တရာယ်အကြောင်း ဟောပြောပွဲကို စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၁ ရက်က ကျင်းပရာ စစ်တွေခရိုင်အုပ်ချုပ်ရေးမှူး ဦးနေထွန်းအောင်က အမှာစကားပြောကြားပြီး စစ်တွေခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးအောင်ကျော်သာက ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးစောမြက ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးရာဇာအောင်ကလျှပ်စစ်အန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ဇော်နိုင်ထွန်း**(iprd)

# ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်းနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ဟားခါး စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ချင်းပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီက ဦးဆောင်၍ ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ဟားခါးမြို့ရှိ ပြည်နယ် ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

ချင်းပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးဦးက မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေထံမှ ပေးပို့သော ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်းနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြားပြီး ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတင်လှက ရှေးဦးသူနာပြုစုခြင်းပညာဆိုင်ရာ သိကောင်းစရာများကို ဟောပြောသည်။ ထို့နောက် ချင်းပြည်နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက သွေးလှူဘဏ်သို့ စောင်များကို ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်းနေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းခြင်းကို ကျင်းပခဲ့ပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက သွေးလှူရှင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**



# နှစ်ပေါင်း ၁၂၀ ကျော်သက်တမ်းရှိ ဘုန်းတော်ကြီးကျောင်းကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လျက်ရှိ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာ(ရှေးမြို့ဟောင်း)မှ နှစ်ပေါင်း ၁၂၀ ကျော် သက်တမ်းရှိ ဘားဝပ်ဘုန်းတော်ကြီးကျောင်းကို ရှေးမူမပျက် ပြန်လည်ပြုပြင်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘားဝပ်ကျောင်းကြီးကို တည်ဆောက်ခဲ့သူမှာ မန္တလေးမြို့ ဆရာမတ်ခ်ကျောင်း၌ သီပေါဘုရင်နှင့် ကျောင်းနေဘက်ဖြစ်သူ လယ်ကိုင်းမြို့ဝန် ငအန်ထော်(ခေါ်)အန်ထော်နီဖြစ်ကြောင်း၊ ၁၈၈၈ ခုနှစ်ခန့်တွင် ငွေ ၁၇ ပိသာဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

ဘားဝပ်ဘုန်းတော်ကြီးကျောင်းသည် ကျွန်းတိုင်ပေါင်း တစ်ရာကျော်ဖြင့် ဆောက်လုပ်ထားပြီး ရှေ့မျက်နှာစာတွင် အုတ်လှေကားနှစ်စင်းနှင့် နောက်ကျောဘက်တွင် အုတ်လှေကားနှစ်စင်း ပါရှိသည်။

ကျောင်းမျက်နှာစာ အနောက်ဘက်တွင်တံခါးများကိုမသုံးဘဲ ရှေးလက်ရာအတိုင်းဖြစ်သည့် ကဲလားများကို ဝါးလုံးထောက်၍ အသုံးပြုထားသည်။ ၄င်းကဲလားများကို ပျဉ်ချပ်များဖြင့် ပြုလုပ်ထားပြီး ဇာတ်ကြီးဆယ်ဘွဲ့နှင့် ငါးရာ့ငါးဆယ် နိပါတ်တော်များမှ ပုံများထွင်းထုသရုပ်ဖော်ထားကာ ယခုအချိန်အထိ မပျက်စီးသေးကြောင်း သိရသည်။

ထို့အပြင် နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိသော ကြေးစည်၊ ခေါင်းလောင်း၊ ဒေါင်းလန်းစသည့် လှူသုံးပစ္စည်းများမှာလည်း မပျက်စီးဘဲ လေ့လာမှတ်သားရန် ကျန်ရှိနေသေးသည်။ ကျောင်းစတင်ဆောက်လုပ်စဉ်ကပင် ထွင်းထုပူဇော်ထားသည့် သစ်ကနက်သား ဘုရားဆင်းတုတော်ကိုလည်း ယခုအချိန်အထိ ပူဇော်လျက်ရှိကြောင်း သိရသည်။

ဘားဝပ်ကျောင်းတော်ကြီး တည်ဆောက်ထားသည့် ကျောင်းတိုင်များကို

**အနောက်ဖက်တွင် တံခါးများကိုမသုံးဘဲ ရှေးလက်ရာအတိုင်းဖြစ်သည့် ကဲလားများကို ဝါးလုံးထောက်၍ အသုံးပြုထားသည်။ ၄င်းကဲလားများကို ပျဉ်ချပ်များဖြင့် ပြုလုပ်ထားပြီး ဇာတ်ကြီးဆယ်ဘွဲ့နှင့် ငါးရာ့ငါးဆယ် နိပါတ်တော်များမှ ပုံများထွင်းထုသရုပ်ဖော်ထားကာ ယခုအချိန်အထိ မပျက်စီး . . .**

**သတင်းဆောင်းပါး - ကောင်းသုတ(မင်းဘူး)**



စေတုတ္တရာနယ်မှ မုန်းချောင်းအတိုင်းမျှောပြီး သယ်လာခဲ့ကြောင်းနှင့် လိုအပ်သည့် ပျဉ်များကိုလည်း ကျောင်းနေရာမှာပင် လွှစင်ထိုးပြီး ခွဲစိတ်ခဲ့ရသည်ဟု မှတ်သားရကြောင်း၊ ယခုဆိုလျှင် ၁၂၇ နှစ်သက်တမ်း ရှိပြီဖြစ်ရာ ရှေးဟောင်းကျောင်းတိုက်ကြီးကို ဝိုင်းဝန်းထိမ်းသိမ်းရန် နိုင်ငံသူနိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း အဆိုပါ ဘားဝပ်ကျောင်းတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ ကျောင်းတိုက်မှ ဦးဇင်းတစ်ပါးက မိန့်ကြားသည်။

ရှေးဟောင်းသုတေသနအဖွဲ့ကလည်း ကျောင်းကြီးကို လာရောက်မှတ်တမ်းတင်ထားပြီးဖြစ်ကြောင်းနှင့် ကျောင်းတိုင်ကြီးများကို သဘော်ဆေးအနီသုတ်ပြီး လျှုဒါန်းသွားခဲ့ကြောင်း သိရသည်။

ရှေးဟောင်း ဘားဝပ်ကျောင်းတော်ကြီးသည် လယ်ကိုင်းမြို့မှ ကျောင်းတော်ရာ ဘုရားအသွား လမ်းမကြီး၏ ဘယ်ဘက်တွင်တည်ရှိပြီး ကျောင်းတော်ရာဘုရားဖူးရင်း ခရီးတစ်ထောက်နား၍ ဝင်ရောက်လေ့လာသင့်သည့် နေရာတစ်ခုဖြစ်ကြောင်းလည်း သိရသည်။

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၅**

နေပြည်တော် ဒက္ခိဏခရိုင်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းကို နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနက စက်တင်ဘာ ၁၄ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးက စက်မှုလယ်ယာသို့ ပြောင်းလဲအကောင်အထည်ဖော်လျက်ရှိရာ လယ်ယာမြေများကို စတင်ပြုပြင် ထွန်ယက်ချိန်မှစ၍ စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်အထိ တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာ မောင်းနှင်ပြုပြင်နိုင်ရေးအတွက် သင်တန်း ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးထွန်းထွန်းဦးက သင်တန်းစည်းကမ်းချက်များကို ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူ ပစ္စည်းများကို ပေးအပ်ခဲ့သည်။

သင်တန်းကို စက်တင်ဘာ ၁၄ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီးသင်တန်းသို့ ကျေးရွာများမှ တောင်သူ ၃၀ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားများကျင်းပ

**မလှိုင်**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မလှိုင်မြို့အခြေခံပညာအထက်တန်းကျောင်း ဇရာဝတီခန်းမ၌ စက်တင်ဘာ ၁၃ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရဲမှူးအောင်မိုးက မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဖြစ်ပေါ်လာပုံနှင့် လူကုန်ကူးမှုဥပဒေများအကြောင်းကို ပညာပေးဟောပြောခဲ့သည်။ ထို့နောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကဗျာ၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိခဲ့သော ကျောင်းသားကျောင်းသူ ၂၇ ဦးအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှေနန်းနှင့် မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**အောင်ငွေး(မလှိုင်)**

---

**မောင်တော**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အထက၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲရေးမှူး ရဲမှူးချုပ်တင်ကိုကိုက အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးညီညီလွင်က လူကုန်ကူးမှုနှင့်ပတ်သက်သည့် ဥပဒေနှင့် ပြစ်ဒဏ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် လူကုန်ကူးမှုတိုက်ဖျက်ဖို့ တာဝန်ကိုယ်စီယူကြစို့ ခေါင်းစဉ်ဖြင့်ကျင်းပခဲ့သည့် စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲများမှ ဆုရ ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများက လူကုန်ကူးမှုတိုက်ဖျက်ဖို့ တာဝန်ကိုယ်စီ ယူကြစို့ တစ်ခန်းရပ်ပြဇာတ်ဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

---

**တောင်ကြီး**

၂၀၁၅ခုနှစ် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်က ၂၀၁၅ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် နိုင်ငံတကာစံချိန် စံညွှန်းများနှင့်အညီ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၀၆ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ သုံးဖွဲ့ဖြစ်သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်ပတ်သတ်၍ ပူးပေါင်းကူညီဆောင်ရွက်ပေးနေကြသည့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ NGO အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများနှင့် ပြည်သူများအနေဖြင့် လူကုန်ကူးမှု တိုက်ဖျက်ဖို့ တာဝန်ကိုယ်စီယူကြစို့ဟု အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးကြီး ထွန်းနိုင်က လူကုန်ကူးမှုဆိုင်ရာ ဥပဒေများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် ရှမ်းပြည်နယ်အတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။



အခမ်းအနားသို့ ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်၊ ဗမာ တိုင်းရင်းသားရေးရာဝန်ကြီး ဦးနိုင်ဝင်း၊ ရှမ်းပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ပညာရေး ကောလိပ်မှ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# မြစ်ရေနှင့် ကွင်းရေအမြန်ကျဆင်းစေရန်အတွက် ပန်းလှိုင်မြစ်ကြောင်းပိတ်ထားမှုကို ဖွင့်ပေးရန်လိုလား



**ညောင်တုန်း စက်တင်ဘာ ၁၅**

ပန်းလှိုင်မြစ်ကြောင်းတိမ်ကောသဖြင့် ပြန်လည်တူးဖော်မှုများကို မကြာမီက ပြုလုပ်ခဲ့ပြီးနောက် ပန်းလှိုင်မြစ်(အရပ်အခေါ်)ငှက်ပျောကျွန်းချောင်း/ခတ္တိယချောင်းကို မဲဇလီရွာထိပ်မှ ပိတ်ဆို့ထားသဖြင့် မြစ်ရေ၊ ကွင်းရေများ ကျဆင်းမှုနှေးပြီး ရေနစ်မြုပ်မှုဒဏ်ကို ပိုခံနေရသဖြင့် မြစ်ကြောင်းပိတ်ထားမှုကိုဖွင့်ပေးရန် ဒေသခံအချို့မှ လိုလားနေကြကြောင်း သိရသည်။

ပန်းလှိုင်မြစ်သည် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံတွင်တည်ရှိသော ညောင်တုန်းမြို့မှ စတင်စီးဆင်းပြီး မဲဇလီဒလကျေးရွာအရောက်တွင် မြစ်နှစ်ကြောင်းခွဲထွက်ကာ တစ်ကြောင်းမှာ ကုက္ကိုဝဘက်သို့ စီးဆင်းပြီး ဘောလယ်မြစ်နှင့်ပေါင်း၍ လှိုင်မြစ်အတွင်းသို့လည်းကောင်း၊ တစ်ကြောင်းမှာ မဲဇလီတံတားအောက်မှ စီးဝင်ကာ လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းအနီးတွင် လှိုင်မြစ်အတွင်းသို့လည်းကောင်း စီးဝင်သည်။

မကြာမီက ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်မှုများ ပြုလုပ်ပြီးနောက် မဲဇလီရွာထိပ်တွင် မြစ်ကြောင်းကို မြေသားတမံများဖြင့် အထပ်ထပ်ပိတ်ဆို့ထားသဖြင့် သဘာဝအလျောက် ညောင်တုန်းမြို့ဘက်မှ စီးဝင်ရမည့် ပန်းလှိုင်မြစ်ရေများသည် စီးဝင်နိုင်ခြင်းမရှိဘဲ ကုက္ကိုဝဘက်သို့သာ တစ်ကြောင်းတည်း စီးဆင်းနေရသဖြင့် မြစ်ရေကွင်းရေများ ကျဆင်းမှုနှေးကာ အချိန်အတန်ကြာ ရေနစ်မြုပ်ပြီး ပျက်စီးမှုဒဏ်ကို ပိုမိုခံနေရခြင်းဖြစ်ကြောင်း ဒေသခံအချို့က ပြောသည်။

"ပန်းလှိုင်မြစ်လက်တက်ကို ပြန်လည်တူးဖော်ပေးတဲ့အတွက် ညောင်တုန်းကျွန်းအနေနဲ့ အကျိုးရှိတာမှန်ပေမယ့် အဝကပိတ်ထားတဲ့အတွက် သဘာဝအလျောက် စီးဝင်နေကျရေတွေမစီးဝင်နိုင်တော့ဘဲ ကုက္ကိုဝဘက်ကို တစ်ကြောင်းတည်း စီးဝင်နေရတဲ့အတွက် အထက်ပိုင်းဒေသတွေမှာ ရေကြီးမြင့်မှုဒဏ်ကို အချိန်ကြာကြာခံနေကြရတာပါ။ ရေကြောင်းသွားလာမှုကိုလည်း ပိတ်ထားသလိုဖြစ်နေပါတယ်။ အရင်မြစ်မကောခင်က ရေကြောင်းသွားလာမှု အဆင်ပြေခဲ့ပေမယ့် မြစ်ကြောင်းကို ပြန်လည်တူးဖော်ပေးပြီးမှ အဝကပိတ်ထားတဲ့အတွက် အဆင်မပြေဖြစ်နေကြရတာပါ။ ရေတံခါးတပ်ရင်လည်း ရေကြောင်းသွားလာမှု အဆင်မပြေနိုင်ပါဘူး။ ရေလမ်းကြောင်း ပိတ်ဆို့ထားမှုတွေကို အမြန်ဖွင့်ပေးသင့်တယ်လို့ ထင်ပါတယ်'ဟု ညောင်တုန်းမြို့နယ် နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးမြင့်ကြည်က ပြောသည်။

စံကင်းကျွန်းတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် အင်းလုပ်ငန်းများ လာရောက်လုပ်ကိုင်နေသည့် ညောင်တုန်းမြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ဝါးတောကျေးရွာနေ ဦးမြင့်ဝေကလည်း "အရင်က မြစ်ကြောင်းကောလို့ ပြန်လည်တူးဖော်ပေးတဲ့မြစ်ဝကို ပိတ်ထားတဲ့အတွက် သဘာဝရေကြောင်းစီးဆင်းမှုကို အဟန့်အတားဖြစ်စေပြီး ကျွန်တော်တို့ စံကင်းကျွန်းအနေနဲ့ ရေကြီးမြင့်မှုဒဏ်ကို အချိန်ကြာကြာ အဆိုးရွားဆုံးခံခဲ့ရတာပါ။ စိုက်ပျိုးထားတဲ့ မိုးစပါးနဲ့ အကြီးအကျယ်မွေးမြူထားတဲ့ ငါး၊ ပုစွန်မွေးမြူရေးကန်တွေ ရေနစ်မြုပ်ပျက်စီး ဆုံးရှုံးခဲ့ရပါတယ်။ ပျက်စီးဆုံးရှုံးမှု တန်ဖိုးများပါတယ်။ မဲဇလီအဝပိတ်ထားတဲ့ ပန်းလှိုင်မြစ်လက်တက်ကို မူလအတိုင်း သဘာဝအတိုင်း ပြန်လည်ဖွင့်ထားပေးစေလိုပါတယ်။ ဒါမှလည်း အထက်ပိုင်းက မြစ်ရေ၊ ကွင်းရေ အနုတ်အသိမ်းကောင်းမှာပါ။ ရေကျမြန်မှာပါ"ဟု ပြောသည်။

မြစ်ကြောင်းကိုပြန်လည်တူးဖော်ပြီး မြစ်အဝကို ပိတ်ထားမှုကြောင့် မြစ်အထက်ပိုင်းနှင့် စံကင်းကျွန်းတွင် မြစ်ရေ၊ ကွင်းရေများကျဆင်းမှုနှေး၍ ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည့်အပြင် တိုက်ကြီးမြို့နယ် အိုင်ကလောင်ကျွန်းနှင့် ထန်းတပင်မြို့နယ် ဘောလယ်ကျွန်းများတွင်လည်း ရေကျဆင်းမှုနှေးကွေးခဲ့သဖြင့် ရေကြီးနစ်မြုပ် ပျက်စီးဆုံးရှုံးမှုများရှိကြောင်း၊ ထို့အပြင် ရေကြောင်းသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးအတွက်လည်း အခက်အခဲကြုံရလျက်ရှိကြောင်း သိရသည်။

မကြာမီက မအူပင်မြို့တွင် ကျင်းပခဲ့သော ဧရာဝတီတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် အရပ်ဘက်အဖွဲ့အစည်းများ၏ ဆွေးနွေးပွဲတွင် ပေါင်းကူးအဖွဲ့မှ မစုပုံချစ်ကလည်း မဲဇလီကျေးရွာထိပ်မှ ခတ္တိယချောင်း(တူးဖော်ထားသောပန်းလှိုင်မြစ်)ပိတ်ဆို့ထားရသည့်အကြောင်းရင်းကို သိရှိလိုပါကြောင်း၊ မြစ်ကြောင်းကို ပိတ်ထားသဖြင့် ဆိုးကျိုးများရှိနိုင်ကြောင်းနှင့် ကိုယ်ကျိုးစီးပွားများရှိနေကြောင်းလည်း သတင်းများထွက်နေကြောင်းစသည်ဖြင့် မေးမြန်းခဲ့ရာ ပညာရှင်များက သဘာဝရေကြောင်းကို မပိတ်သင့်ကြောင်းနှင့် ဆိုးကျိုးများရှိနိုင်ကြောင်း ပြန်လည်ရှင်းပြောကြားခဲ့ကြောင်းလည်း သိရသည်။

**နေလင်း(ညောင်တုန်း)**

## အင်္ဂလိပ်စာ ဆရာဆရာမများ၏ (၁၆)ကြိမ်မြောက် နှီးနှောဖလှယ်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၅**

ဗြိတိသျှကောင်စီမြန်မာမှ စီစဉ်၍ အင်္ဂလိပ်စာ ဆရာ ဆရာမများ၏ (၁၆)ကြိမ်မြောက် နှီးနှောဖလှယ်ပွဲကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ စက်တင်ဘာ ၁၂ ရက်က ကျင်းပခဲ့ရာ အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းများမှ အင်္ဂလိပ်စာ ဆရာ ဆရာမ ၄၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

နှီးနှောဖလှယ်ပွဲတွင် ပညာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းနှင့် အဆင့်မြင့်အရာရှိများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ ဌာနမှူးများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ မှ တာဝန်ရှိသူများ၊ ဗြိတိသျှကောင်စီနှင့် ဗြိတိသျှသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အဆိုပါ နှီးနှောဖလှယ်ပွဲများကို ဗြိတိသျှကောင်စီကကြီးမှူး၍ ၁၉၉၉ ခုနှစ် မှစတင်ကျင်းပခဲ့ပြီး မန္တလေးမြို့တွင် ၂၀၁၁ ခုနှစ်မှ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ဆွေးနွေးမှုများကို ဗြိတိသျှကောင်စီမြန်မာ၊ ဗြိတိသျှကောင်စီဂျော်ဒန်၊ ဗြိတိသျှကောင်စီထိုင်း၊ ဗြိတိသျှကောင်စီဒူဘိုင်း၊ ရန်ကုန်တက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်တို့မှ ဆရာ ဆရာမများ၊ Oxford University Press၊ Dulwish College International၊ British College Yangon၊ Pun Hlaing International School၊ Pride International School Mandalay၊ Myanmar Metropolitan College၊ ZID Institute TESOL၊ Scholastic Faith English Language Institude နှင့် Mote Oo Education မှ ဆရာ ဆရာမများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**ဟိန်းစွမ်း**

## ကသာပြည်သူ့ဆေးရုံကြီး၌ လူနာနှင့်လူနာစောင့်များအား ရေသန့်ဘူးနှင့် ထမင်းထုပ်များလှူဒါန်း

**ကသာ စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ရှိ အများပြည်သူအားကိုးနေရသော ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများနှင့် လူနာစောင့်များအား အာဟာရထမင်းထုပ်နှင့် သောက်ရေသန့်ဘူးများကို အာဟာရဒါနပရဟိတဂရုဏာရှင်အသင်းအဖွဲ့က စက်တင်ဘာ ၁၃ ရက်မှစ၍ ဝေငှလှူဒါန်းလျက်ရှိကြောင်း သိရသည်။




ကသာဆေးရုံသို့ လာရောက် ဆေးဝါးကုသမှု ခံယူနေရသူများအတွက် ယခုကဲ့သို့ မနက်ဆန်ပြုတ်၊ ညနေထမင်းဟင်းလျာများဖြင့် ကျွေးမွေးလှူဒါန်းနေမှုကို လေးစားဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ဆေးဝါးကုသမှု လာရောက်ခံယူနေသူတစ်ဦးက ပြောသည်။

အာဟာရဒါန ပရဟိတဂရုဏာရှင်အသင်းအဖွဲ့မှ တာဝန်ခံ ဦးမြင့်နိုင်ဦးနှင့် ဦးအောင်အောင်တို့က ဦးစီး၍ အဖွဲ့သားများ၊ စေတနာရှင်များက နာမကျန်းသူများအား ပြုစုကျွေးမွေးစောင့်ရှောက်ခြင်းများကို လပြည့်လကွယ်နေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

## စပါးခင်းများ၌ ဖြုတ်ပိုးရောဂါကျရောက်သဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်နေ



**ကျောက်ထု စက်တင်ဘာ ၁၅**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ စပါးခင်းများ၌ ဖြုတ်ပိုးရောဂါကျရောက်မှုများရှိနေသဖြင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာများသို့ ကွင်းဆင်းကာ ပိုးကျရောက်မှု အခြေအနေများနှင့် ကာကွယ်ဖြေရှင်းရန်နည်းလမ်းများကို တောင်သူများအား တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးမွှားတာဝန်ခံဦးခင်အောင်၊ မျိုးစေ့တာဝန်ခံ ဒေါ်သွဲ့သွဲ့ညွန့်၊ မြေအသုံးချရေးတာဝန်ခံ ဦးမြင့်နိုင်၊ ကျောက်ထုမြို့စိုက်ပျိုးရေးဦးစီးဌာနမှူးဦးခင်မောင်ကြည်တို့ ပါဝင်သည့်အဖွဲ့က ကျောက်ထုမြို့နယ်အတွင်းရှိ တောင့်တက်၊ ကံကြီး၊ ရင့်ရဲ၊ တောခလွန်၊ ပန်းဆန်၊ ဂုံဘိုကျေးရွာများနှင့် လေယာဉ်ကွင်းရပ်ကွက်များသို့ စက်တင်ဘာ ၁၂ ရက်တွင် ကွင်းဆင်းသွားရောက်ပြီး လယ်မြေများနှင့် စပါးခင်းများ၌ ဖြုတ်ပိုးရောဂါကျရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းကြည့်ရှုစစ်ဆေးချက်အရ စပါးခင်းများမှာ ဖြုတ်ပိုးရောဂါကျရောက်ပြီး ဘက်တီးရီးယားရောဂါပိုးများ ဝင်ရောက်နေသည်ကို တွေ့ရသည့်အတွက် ကာကွယ်ဖြေရှင်းရန်နည်းလမ်းများကို တောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။ အဆိုပါအဖွဲ့သည် ကျောက်ထုဒေသတွင် စိုက်ပျိုးထားသည့် ပုလဲသွယ်စပ်မျိုး စပါးခင်းများကိုလည်း သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(၁၀၁)**




ပထမ

ဒုတိယ

တတိယ

ရန်ကုန်မြို့ Park Royal Hotel၌ (၁၃-၉-၂၀၁၅) ရက်နေ့တွင် ကျင်းပခဲ့သော " ကယ်လ်ဆမ်ကွေကာ ပျော်ရွှင်လုပမိသားစုဘဝအမှတ်တရဓာတ်ပုံပြိုင်ပွဲ " Grand Final အဆင့် ဆုပေးပွဲကြီးကို ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော မြန်မာနိုင်ငံအနှံ့အပြားရှိ တိုင်းဒေသကြီးအသီးသီးမှကိုယ်စားပြုပြိုင်ပွဲဝင် မိသားစုများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ကုန်သည်တော်ကြီးများ၊ ပြိုင်ပွဲကြီး စတင်ချိန်မှ ပြီးဆုံးသည်အထိ ပြိုင်ပွဲသတင်းများကို စဉ်ဆက်မပြတ်ဖော်ပြပေးခဲ့ကြသော စာနယ်ဇင်းအသီးသီးမှ ဆရာ/ဆရာမများ အားလုံးကို ကယ်လ်ဆမ်ကွေကာမိသားစုမှ အထူးပင် ကျေးဇူးတင်ရှိပါသည်။
အားလုံးသော မိသားစုများလည်း ပျော်ရွှင်လုပသောမိသားစုဘဝများကို ကိုယ်စီကိုယ်င ပိုင်ဆိုင်နိုင်ကြပါစေ...

အရိုးအဆစ်သန်မာ ကယ်လ်ဆမ်ကွေကာ Calsome

# ထွန်းတောက်ဆန်းသစ်သော အနာဂတ်များဟာ UTS နဲ့ စတင်သည်။

UTS ဟာ နိုင်ငံတကာအမြင်အပြည့်ရှိပြီး စွန့်ဦးဆန်းသစ်မှုနဲ့ လက်တွေ့ဆန်မှုကို ဦးစားပေးတဲ့ တက္ကသိုလ်ဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့လည်မှာ တည်ရှိတဲ့ UTS ဟာ အလုပ်အကိုင်ရှေ့ရေး အဆင်သင့်အောင် မတူကွဲပြားတဲ့ ပညာရပ်နယ်ပယ်စုံကို ပို့ချသင်ကြားပေးနေပါတယ်။

သင် UTS ဝင်ခွင့်ရဖို့အတွက် လမ်းကြောင်းကတော့ UTS:INSEARCH ဖြစ်ပါတယ်။ ကျောင်းသားတွေ ပညာရေးအသိဉာဏ်နဲ့ အင်္ဂလိပ်စာကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေဖို့အပြင် မိမိကိုယ်ကို ယုံကြည်မှုပါ တိုးလာစေဖို့အတွက် UTS:INSEARCH မှာ စတင်သင်ယူကြပါတယ်။ အဲဒီနောက်တော့ UTS ဘွဲ့အစီအစဉ်ရဲ့ ဒုတိယနှစ်ကို တက်ရောက်နိုင်ပါတယ်။

5 stars – အလုပ်အကိုင်ရရှိမှု၊ ထိတွေ့ဆက်စပ်မှု၊ အထောက်အကူပံ့ပိုးမှု၊ စွန့်ဦးဆန်းသစ်မှုနဲ့ နိုင်ငံတကာဆန်မှုတို့အတွက် ကြယ်ငါးပွင့်အဆင့် - *QS Stars™၊ ၂၀၁၅-ခုနှစ်*

1st – ဩစတြေးလျမှာ နံပါတ် (၁) အဆင့် - *တိုင်းမ်မဂ္ဂဇင်း၏ သက်တမ်းနှစ် ၅၀ အောက် အဆင့်မြင့်ပညာတက္ကသိုလ် ၁၀၀ စာရင်း၊ ၂၀၁၅-ခုနှစ်*

28th – နိုင်ငံတကာတက္ကသိုလ် နံပါတ် (၂၈) အဆင့် - *တိုင်းမ်မဂ္ဂဇင်း၏ အဆင့်မြင့်ပညာတက္ကသိုလ်စာရင်း၊ ၂၀၁၅-ခုနှစ်*



UTS:INSEARCH အနာဂတ်ရဲ့ စွန့်ဦးဆန်းသစ်သူများ ပညာသင်ဆုသစ်ကြောင့် သင့်ရဲ့အတွေးတွေကို လက်တွေ့အဖြစ်ပြောင်းလဲလိုက်ဖို့ အခုအချိန်ဟာ အကောင်းဆုံးအချိန်ပါပဲ။

အင်တာနက်ပေါ်က **insearch.edu.au/innovate** မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

UTS | INSEARCH
UNIVERSITY OF TECHNOLOGY SYDNEY

*ဒီပလိုမာသင်တန်းကို ဘာသာရပ် ၂ ခုထက်ပိုပြီး မကျရှုံးစေပဲ ပြီးမြောက်ထားရမည်။
INSEARCH CRICOS provider code: 00859D | UTS CRICOS provider code: 00099F
INSEARCH Limited ဟာ မှတ်ပုံတင်ထားတဲ့ အဆင့်မြင့်ပညာရေး ဝန်ဆောင်မှုလုပ်ငန်း ဖြစ်ပြီး ဆစ်ဒနီ စက်မှုနည်းပညာတက္ကသိုလ် (UTS) ရဲ့ ထိန်းချုပ်မှုခံလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ UTS ကို တိုက်ရိုက်ဝင်ရောက်နိုင်ဖို့ လမ်းစတစ်ခုလည်း ဖြစ်ပါတယ်။
ဓါတ်ပုံ : Andrew Worssam

## မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း
## သာကေတဆိပ်ခံတံတား

ခရီးသည်/ကုန်တင်သင်္ဘောနှစ်စင်းဖြင့် ရန်ကုန်/မြိတ်/ကော့သောင်း/မြိတ်/ရန်ကုန် (အသွား/အပြန်)ခရီးစဉ်များကို ရာသီမရွေး လုံခြုံစိတ်ချစွာဖြင့် လစဉ်ပုံမှန် ပြေးဆွဲလျက်ရှိပါသည်-

- ခရီးသည်များ တိုက်ရိုက်လက်မှတ်ဝယ်ယူစနစ်၊ ကြိုတင်ဝယ်ယူစနစ်များဖြင့် ၂၄ နာရီ ဆောင်ရွက်နိုင်ပါသည်။
- ရန်ကုန်မြို့မှ မြိတ်မြို့၊ ကော့သောင်းမြို့များသို့ အချိန်မှန်၊ ဈေးနှုန်းသက်သာစွာ ကုန်စည်များ သယ်ယူပို့ဆောင်ပေးလျက်ရှိပါသည်။
- ခရီးစဉ်နှင့် သိရှိလိုသည်များရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

| | |
|---|---|
| ဆက်သွယ်ရန်ဖုန်း-ရန်ကုန်(ရုံးချိန်) | ဖုန်း-၀၁-၅၄၄၅၆၃၊ ၅၄၄၅၇၁၊ ၅၄၄၅၆၁၊ ၅၄၄၅၆၉၊ ၀၉-၇၈၃၅၅၅၃၁၃၊ ၀၉-၇၈၃၅၅၅၃၀၃ |
| (ရုံးချိန်ပြင်ပ) | ဖုန်း-၀၉-၇၈၃၅၅၅၃၁၃၊ ၀၁-၅၄၄၅၆၃၊ ၀၉-၇၃၀၇၂၈၃၄၊ ၀၉-၂၅၀၀၆၈၁၀၅ ၀၉-၇၉၅၂၅၇၂၆၇၊ ၀၉-၄၃၁၁၈၁၅၃ |
| - မြိတ်ကိုယ်စားလှယ်ရုံး | ဖုန်း-၀၉-၂၅၄၃၀၃၄၁၇၊ ၀၉-၇၃၀၉၂၈၆၅ |
| - ကော့သောင်းကိုယ်စားလှယ်ရုံး | ဖုန်း-၀၉-၄၉၈၉၂၈၈၈၊ ၀၉-၄၉၃၃၈၃၁၄ |


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ကမာရွတ်မြို့နယ်တရားရုံး**

**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃**

ဒေါက်တာဒေါ်မြတ်မွန် **နှင့်** ဒေါ်စန္ဒာဦး

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဦးထွန်းလင်းခြံလမ်း၊ တိုက်(၁)၊ အခန်း ၂/ခ သို့မဟုတ်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အင်းစိန်လမ်းမ၊ ၉ ရပ်ကွက်၊ တိုက် ၈၁၊ အမှတ် ၈၁(ယခုနေရပ်လိပ်စာမသိ) ဒေါ်စန္ဒာဦး သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြို့ပြဆိုင်ရာငှားရမ်းကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ အိမ်ငှားကို ဥပစာမှနှင်ထုတ်ပေးစေလိုမှုဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံး၏အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂ ရက် (၁၃၇၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးကျော်)**
**မြို့နယ်တရားသူကြီး**
**ကမာရွတ်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်း-၂၀)**

**လှိုင်မြို့နယ်တရားမရုံး၌**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၁**

ဦးမင်းအောင် **နှင့်** ဦးလှတင်

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးဖိုးမှန်လမ်း၊ အမှတ် ၃၇နေ ဦးလှတင်သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမင်းအောင်က ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၂ရက်(၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိန်ကြည်)**
**မြို့နယ်တရားသူကြီး**
**လှိုင်မြို့နယ်တရားရုံး**

## ဦးဝင်းထွန်းဦး(ခ)ဦးခိုင်ထွန်း သိစေရန်

ကျွန်ုပ်၏အမှုသည် ဒေါ်နီလာထွန်း ၁၂/သလန(နိုင်)၀၉၂၈၅၂ ၏ခင်ပွန်း ဦးဝင်းထွန်းဦး ၁၂/သကတ(နိုင်)၁၃၉၄၅၅ (စီဒီစီ-၅၃၆၁၃) သည် သားနှစ်ဦးနှင့် ဇနီးတို့ကို သန်လျင်မြို့၊ အေးသာယာရပ်ကွက်တွင် ထားခဲ့ပြီး မည်သည့်နေရပ်လိပ်စာတွင် နေထိုင်သည်ကို မသိရပါ။ ဇနီး၊ သားသမီးများနှင့် အမြန်လာတွေ့ပါ။ လက်ခံထားသူကို ဥပဒေအရ အရေးယူမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်နီလာထွန်း**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း-ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံးရှေ့၊ သန်လျင်မြို့**


## AGTI Society
## Vocational Training Centre
## သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်းမှ ကြီးမှူး၍ ယခင်စက်မှုလက်မှုသိပ္ပံ၊ အင်းစိန်ကျောင်းဝင်းအတွင်းရှိ သင်တန်းဆောင်များတွင် အောက်ဖော်ပြပါ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

| စဉ် | သင်တန်း | သင်တန်းသားဦးရေ | ဖွင့်လှစ်မည့်ရက် |
|---|---|---|---|
| ၁ | Estimating Course (3/15) | ၂၀-ဦး | ၁-၁၀-၂၀၁၅ |
| ၂ | Civil Drawing Course | ၂၀-ဦး | ၁၀-၁၀-၂၀၁၅ |
| ၃ | Safety Supervisor Course | ၃၀-ဦး | ၁-၁၀-၂၀၁၅ |

(နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရ ဆရာများမှ သင်ကြားပို့ချမည်ဖြစ်ပါသည်)
အမှတ်စဉ်(၁) နှင့် (၂)တို့သည် သင်တန်းကာလ (၂)လဖြစ်၍
အမှတ်စဉ်(၃)သည် (၁)လသင်တန်းဖြစ်ပါသည်-
စနေနှင့် တနင်္ဂနွေနေ့များတွင်သာ သင်ကြားပို့ချမည်ဖြစ်ပါသည်-

အသေးစိတ်သိရှိလိုပါက ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (တတိယထပ်)၊ လှိုင်တက္ကသိုလ်နယ်မြေဝင်း၊ လှိုင်မြို့နယ်နှင့် Sakura-Insein Technical Course၊ အင်းစိန်စက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်းတို့တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၁-၅၁၉၈၆၃၊ ၀၁-၆၄၃၆၆၃၊ ၀၉-၈၆၂၆၈၈၅၊ ၀၉-၅၀၅၆၇၁၇**



## သူနာပြုအကူများခေါ်ယူခြင်း

ရွှေလမင်းဆေးရုံများ (လမ်းမတော်နှင့်မြောက်ဥက္ကလာပ)တွင် သူနာပြုအကူများ ခေါ်ယူမည်ဖြစ်ပါ၍ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

၁။ အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း
၂။ အိမ်ထောင်မရှိသူဖြစ်ရမည်။
၃။ ပညာအရည်အချင်းအနည်းဆုံး ၉ တန်းအောင်ရမည်။ အောင်စာရင်းမိတ္တူပေးရမည်ဖြစ်ပါသည်။
၄။ လုပ်ငန်းအတွေ့အကြုံရှိရန်မလိုပါ။

လာရောက်လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများကို လမ်းမတော်နှင့် မြောက်ဥက္ကလာပ ရွှေလမင်းဆေးရုံတို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

လျှောက်လွှာနှင့်အတူ လတ်တလောရိုက်ထားသော လိုင်စင်ဓာတ်ပုံ ၃ ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူတို့နှင့်အတူ ၁၈-၉-၂၀၁၅ ရက်မှ ၃၀-၉-၂၀၁၅ ရက်အတွင်း လမ်းမတော်နှင့် မြောက်ဥက္ကလာပ ရွှေလမင်းဆေးရုံတို့တွင် ရုံးချိန်အတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။

စမ်းသပ်ကာလ ၂ လကြာမြင့်မည်ဖြစ်ပြီး ကာလအတွင်း သင့်တင့်သော ထောက်ပံ့ကြေးပေးမည်ဖြစ်ပြီး နေထိုင်စရာ အခက်အခဲရှိသူများကို အဆောင်ပေးမည်ဖြစ်ပါသည်။

စမ်းသပ်ကာလပြီးဆုံးပါက အရည်အချင်းပြည့်မီသူများကို ရွှေလမင်းဆေးရုံတွင် သူနာပြုအကူအဖြစ် အလုပ်ခန့်ထားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရမည့်လိပ်စာ (၁) ၁၂၅၄၊ သုမင်္ဂလာလမ်း ၂ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၁-၆၅၆၂၀၄၊ ၀၁-၆၅၆၂၀၅**
**(၂) ၁၅/၁၉ (C)၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်၊**
**ဖုန်း-၀၁-၂၃၀၁၉၄၈၊ ၀၁-၂၃၀၁၉၄၉**


## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**မန္တလေးခရိုင်တရားရုံး**

**၂၀၁၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-(၆၆)**

ဒေါ်အေးအေးသန်း **နှင့်** ၁။ ဒေါ်ဖရီဒါ
၂။ ဦးဘမြင့်

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

ဦးဘမြင့် ထက်ကောင်းဆောက်လုပ်ရေး (အမှတ်-စစ-၈/၈၀) ၅၃ လမ်း၊ ဘုရင့်နောင်လမ်းနှင့် အောင်ဇေယျလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူက ဤရုံးသို့ တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၅၈ အရ ဝရမ်းခွာပေးစေရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၃၀ရက် မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျ ပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့၊ ဇောင်ချမ်းကုန်းကျေးရွာအုပ်စု၊ ဇောင်ချမ်းကုန်းတိုးချဲ့ရပ်၊ ဦးပိုင်အမှတ် (၄၀၉-၄၁၀)၊ မြေကွက်အမှတ် ၁၉/၃၊ ဧရိယာ ၀ ဒသမ ၁၂၇ဧကရှိ မြေကွက်အား သက်ဆိုင်ရာမှ ဗိုလ်မှူးကြီးမီလာအမည်ဖြင့် ၁၉၉၅ခုနှစ်တွင် မြေကွက်နှင့်တကွ မြေပေးမိန့်မူရင်းနှင့် ငွေရပြေစာ မူရင်းတို့ကို ချပေးခဲ့ပါသည်။ မူလရရှိထားသူမှ ဦးအောင်သူရဘာလှ (ဘ) ဦးဘလှအား ကိုယ်စားလှယ်လွှဲအပ်ထားပါသည်။ ၎င်းမြေကွက်၏မြေပေးမိန့်မူရင်းနှင့် ငွေရပြေစာမူရင်းများမှာ ပျောက်ဆုံးနေသောကြောင့် မိတ္ထီလာမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မိတ္တူမှန်ကူးယူခွင့်ပြုပေးပါရန် လျှောက်ထားတင်ပြမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဦးအောင်သူရဘာလှ**
**၉/မထလ(နိုင်)၁၆၇၆၂၄**
**ဇောင်ချမ်းကုန်းတိုးချဲ့ရပ်၊ ဇောင်ချမ်းကုန်းကျေးရွာအုပ်စု၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၂၅၉၀၃၀၁၀၀**


## အမြန်ရောင်းမည်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ငါး၊ ငါးပိ၊ ငါးခြောက် ဇုန်(၄) ရန်ကုန်လမ်း။ ပေ (၈၀×၁၂၀) အကျယ်၊ ရေ မီး ပါဝါမီတာ အပါအဝင် အုတ်တံတိုင်းခတ်ပြီး ဂိုဒေါင်နှင့် အလုပ်သမားတန်းလျားပါရှိပြီး ဈေးနှုန်း သိန်း ၉၀၀။

ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ (လမုဝကျေးရွာ)၊ ၃ ဒသမ ၅၈ ဧက၊ ပုံစံ ၁၀၅ ပြီး ဈေးနှုန်း သိန်း ၁၅၀။

**ဖုန်း-၀၉-၇၃၁၄၈၃၈၃၊ ၀၉-၂၅၀၇၃၇၀၄၅၊ ၀၉-၂၅၇၁၆၆၂၆**



## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

## YOFC - Yadanarbon Fibre Co.,Ltd

No.208, Thihathu Street, 11 - Ward Myathida Housing, South Okkalapa Township
Office-09-259527637, 38 Fax-01-573475 Email -cshtwe@yyfibre.net Website www.YYfibre.net

၁။ **Project Manager (4) ဦး** တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိရမည်။ Management နှင့်ပတ်သက်သော Diploma (or) Certificateရရှိသူကို ဦးစားပေးမည်။ Management နှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။

၂။ **Factory Manager (1) ဦး** တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိရမည်။ Management နှင့်ပတ်သက်သော Diploma (or) Certificate ရရှိထားရမည်။ Management နှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။

၃။ **Secretary (1) ဦး (ကျား/မ)** တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိရမည်။ တရုတ်စကားကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိရမည်။ အင်္ဂလိပ်စကားပြောနိုင်သူ ဦးစားပေးမည်။

၄။ **Procurement (1) ဦး (ကျား/မ)** တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။

၅။ **Sale & Marketing (5) ဦး (ကျား/မ)** Marketing နှင့် ပတ်သက်သော Diploma (or)Certificate ရရှိထားရမည်။ Marketing နှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။ English စကား ကျွမ်းကျင်စွာပြောနိုင်ရမည်။

၆။ **Site Engineer (10) ဦး (ကျား/မ)** AGTI/GTC ဘွဲ့လက်မှတ်ပါရှိရမည်။ လုပ်ငန်းအတွေ့အကြုံမရှိသူများလည်းလျှောက်ထားနိုင်သည်။

၇။ **Supervisor (10) ဦး** တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိရမည်။

Position (3) နှင့် (5) မှလွဲပြီး နယ်တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။ အလုပ်လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်း၊ ပညာအရည်အချင်း၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့် လာရောက်လျှောက်ထားနိုင်ပါသည်။


## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်(၁၇/၂၀)မြေကွက်အမှတ်(၂၀၃၂)မြေကွက်အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ဗိုလ်တေဇပတ်လမ်းတွင် ဒု-တပ်ကြပ်ခင်သောင်း (ဘ) ဦးတင်ရှိန် တို့နေထိုင်သည့်မှာ မှန်ကန်ပြီးငုင်းမြေကွက်နှင့် ပတ်သက်၍ မည်သူ့ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း မရှိပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဒု-တပ်ကြပ်ခင်သောင်း(၉/မမန(နိုင်)၀၁၃၈၉၂

## အများသိစေရန်ကြေညာချက်

ကျွန်မ ဒေါ်ခင်မူမူရွှေ ၁၂/တမန(နိုင်)၀၀၈၄၁၇၊ ဦးစောမင်း ၁၂/တမန(နိုင်)၀၀၈၃၂၃ နှင့် အကြင်လင်မယားအဖြစ် တရားဝင်လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ပြီး သားသမီး ၂ ဦး ထွန်းကားခဲ့ကြပါသည်။ ယခုအခါတွင် ကျွန်မနှင့် သားသမီးများသည် (အမှတ် ၃၄၊ ၁၆၆ လမ်း၊ တာမွေ) ကိုယ်ပိုင်တိုက်ခန်းတွင် အတူတကွနေထိုင်လျက်ရှိကြပါသည်။ သို့ဖြစ်ပါ၍ ကျွန်မနှင့်သားသမီးများ နေထိုင်ပိုင်ဆိုင်သည့် အထက်လိပ်စာပါ နှစ်ဦးပိုင် ကွန်ဒိုတိုက်ခန်းအား ကျွန်မ မသိရှိဘဲ ရောင်းဝယ်ခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း တစ်စုံတစ်ရာပြုလုပ်ခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ပေးကမ်းရောင်းဝယ်ပေါင်နှံခြင်းအား လက်ခံပြုလုပ်ခဲ့ပါလျှင် လူကြီးမင်းတို့၏ တာဝန်ဖြစ်ပြီး တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်မူမူရွှေ**
**ဖုန်း-၀၉-၇၃၂၃၈၅၆၈**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြရည်နန္ဒာအိမ်ရာ(၁)၊ မြေကွက်အမှတ် ၁၀၊ ဧရိယာ ၀ဒသမ၀၈၆၈ဧက နှစ်၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးမောင်မောင်ဦးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အဆောက်အအုံအား အရောင်းအဝယ်စာချုပ် ၅၅၃၀/၂၀၁၅ တင်ပြ၍ ဦးမိုဟာမက်ဖာရွတ်၊ ဦးအဗ္ဗဒူရာမန်အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ မြေကွက်အမှတ် ၂၂၈၊ အလျား ပေ ၆၀ × အနံ ပေ ၈၀၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧက၊ ၄၈၀၀ စတုရန်းပေအကျယ်အဝန်းရှိ ဒေါ်သီရိတင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ ၂/ရပ်ကွက်၊ ပြည်ထောင်စုလမ်းသွယ်၊ အမှတ် ၂၂၈ မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် အမည်ပေါက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီရိတင် ၁၂/လမန(နိုင်)၁၃၅၅၃၄ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။အထက်ဖော်ပြပါမြေကွက်၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်တင်လှ**
**LL.B, LL.M (Civil Law), C.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၉၀)**

**ဒေါ်ရီရီဝင်း**
**LL.B, WIPO (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၃၉၀၅၃)**

**ရုံးခန်းအမှတ်၄၊ သာကေတမြို့နယ်တရားရုံးအနီး၊ သုမနလမ်း၊ ၅/ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ဖုန်း-၀၉-၇၃၁၁၅၉၆၀၊ ၀၉-၄၀၂၇၂၀၈၆၀**

# ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံ အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများအသင်း၏ တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသက်(၈၀)ပြည့် ကန်တော့ခံ သက်ကြီးဝန်ထမ်းဟောင်းများနှင့် ထွေ/အုပ် ဝန်ထမ်းဟောင်းများ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း**

**နေ့ရက်** ။ ။ ၂၀-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့)
**အချိန်** ။ ။ နံနက် ၀၉း၀၀နာရီ
**နေရာ** ။ ။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဓမ္မာရုံ
အမှတ် ၃၁၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပါမည်)

# အထူးကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ပြုသာဓုအနုမောဒနာခေါ် ဆိုခြင်း

ရန်ကုန်၊ သန်လျင်ဖားအောက်တောရ ရိပ်သာခွဲတွင် ရာသက်ပန်ဆွမ်းအစရှိသော ပစ္စည်းလေးပါးတို့အား လှူဒါန်းကြပါကုန်သော သူတော်ကောင်းအပေါင်းတို့နှင့် ၂၀၀၂ခုနှစ်မှစ၍ ယနေ့တိုင် ကျောင်းရှိ သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင် ဆရာလေးများအားလုံးကို ဝတ်စုံများ နှစ်စဉ်မပျက်လှူဒါန်းခြင်း၊ လစဉ်ဆွမ်းဆန်အိတ်(၂၀)နှင့် သင်္ကန်ကာလတရားစခန်းဝင် ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီအမျိုးသား ယောဂီအမျိုးသမီးစုစုပေါင်း(၁၅၆၀)ကျော်တို့အား အာဟာရဒါနအဖြစ် ဆန်အိတ် ၂၀၀ကျော်တို့ကို လှူဒါန်းခဲ့သည် **ဦးအောင်သန်းဦး-ဒေါ်အေးမြင့်(သား)ဒေါက်တာ မျိုးခန့်ကိုကို (ပင်လယ်ကိုးသွယ်ကုမ္ပဏီ)မိသားစုတို့နှင့် ရပ်ဝေးရပ်နီး အလှူရှင်၊ အလှူအမ အပေါင်းတို့အား** ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် ဤမွန်မြတ်သော အလှူဒါနများသည် အသင်သူတော်ကောင်းတို့အား မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အထောက်အပံ့ဖြစ်ပါစေသတည်း။

**နတ်လူသာဓု ခေါ်စေသော်။**

**ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့**
**အပြည်ပြည်ဆိုင်ရာဖားအောက်တောရဗုဒ္ဓသာသနာရိပ်သာ**
**သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး**

# (၁)နှစ်ပြည့် မွေးနေ့ဆုတောင်း

ချစ်သမီးလေး **သဲစုစံ**၏ (၁)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်စွာဖြင့် ပြီးပြည့်စုံသောဘဝကို ပိုင်ဆိုင်နိုင်ပါစေ။ အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်နိုင်သော သမီးကောင်း ရတနာတစ်ယောက် ဖြစ်ပါစေ။

**ဖေဖေ -ဦးသိန်းစိုး**
**မေမေ -ဒေါ်မေယုလှိုင်**
**ကိုကို -ကျော်သူရဟိန်း၊ နေသူရအောင်**
**ရောကမ္ဘာကုမ္ပဏီ (မိသားစု)**

## " ဝန်ထမ်းအလိုရှိသည် "

**Gandamar Office Machines Ltd.**

**( ရန်ကုန်ရုံးချုပ် အတွက် )**

(၁) Marketing Executive (ကျား/မ) (၄)ဦး
(၂) Showroom Sales (မ) (၂)ဦး

- အရောင်းအတွေ့အကြုံ (၂)နှစ်ထက် ပိုသူဖြစ်ရမည်။
- အမှတ်စဉ်(၁)အတွက် Computer ကျွမ်းကျင်ရမည်။
- အသက်(၂၀)နှစ်နှင့် (၃၅)နှစ်ကြားဖြစ်ရမည်။

**( နေပြည်တော်ရုံးခွဲ အတွက် )**

(၁) Service Technician (ကျား) (၂)ဦး

- IT နှင့် စက်ပစ္စည်းများကို စိတ်ဝင်စားသူဖြစ်ရမည်။
- Network အခြေခံရှိသူကို ဦးစားပေးမည်။
- အသက်(၂၀)နှစ်နှင့် (၃၅)နှစ်ကြား ဖြစ်ရမည်။

**ဆက်သွယ်ရန်** - ဖုန်း ၀၁-၂၄၉၃၁၅၊ ၀၁-၃၇၄၂၉၄၊
၀၉-၄၂၁၁၆၂၂၁၁
email : hq@gandamar-mm.com

ရေဘောသင့်
ပြန်လည်ထူထောင်ရေး
ကွန်ကရစ်/ရုံးအုတ်စက်
ဝယ်/လှူရန် (20%OFF)
09 73199410,09 420035882

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၃၊ မြေကွက်အမှတ် ၆၆၈၊ မြေကွက်တည်နေရာအမှတ် ၆၆၈၊ (၁၅၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးလှမင်း ၁၂/ပဇတ(နိုင်)၀၁၇၈၅၈ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှမင်းမှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မြိတ်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(အတွဲ-၁A)မှ မနှင်းနန္ဒာကျော်နှင့် (အတွဲ-၁C)မှ မနှင်းနန္ဒာလွင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်လွင်ဦး ဖြစ်ပါသည်။

**ဦးကျော်လွင်ဦး**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ ဦးဝင်းအောင်၏သား မြို့မ အထက(ခွဲ) ဆဋ္ဌမတန်း(A)မှ မောင်သက်ပိုင်ဦးအား မောင်ဟန်လင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

စိတ်ညစ်ပယ်ချိုး **စိတ်မဆိုး နန္ဒင်း**
ဝမ်းပျက်၊ အစာအိမ်၊ သွေးသန့် ကင်ဆာကြိုတင်ကာကွယ်ရန်
☎ 01-8500355

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် (သကမ-၁၇/၂၀)၊ မြေကွက်အမှတ် ၂၀၄၁၊ မြေကွက်အကျယ်အဝန်း(၄၀×၆၀)ပေ၊ ဗိုလ်တေဇပတ်လမ်းတွင် ဦးသိန်းဇော်ဦး (ဘ)ဦးမြင့်သိန်းတို့ နေထိုင်သည်မှာ မှန်ကန်ပြီး၊ ၎င်းမြေကွက်နှင့်ပတ်သက်၍ မည်သူ့ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းဇော်ဦး ၁၂/လသယ(နိုင်)၀၂၁၁၄၆**

## "အလိုရှိသည်"

၁။ တည်ဆောက်ဆဲအထပ်မြင့်ဆောက်လုပ်ရေးလုပ်ငန်းတွင် အောက်ဖော်ပြပါ M&E လုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် အထပ်မြင့်ဆောက်လုပ်ရေးအတွေ့အကြုံရှိသော M&E Contractors များ အလိုရှိပါသည်-

(1) Plumbing and Sanitary System
(2) Water Supply System
(3) Air Condition & Ventilation System
(4) Electrical and Communication System
(5) Fire Fighting and Fire Alam System

၂။ ပါဝင်ဆောင်ရွက်လိုသော M&E Contractors ကုမ္ပဏီများသည် ကုမ္ပဏီမှတ်ပုံတင် (မူရင်း/မိတ္တူ) ကုမ္ပဏီရာဇဝင်(Profile)၊လုပ်ငန်းအတွေ့အကြုံ၊ကုမ္ပဏီ၏ Organization Chat တို့နှင့်အတူ အောက်ဖော်ပြပါရုံးသို့ ကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အထွေထွေမန်နေဂျာ
အမှတ် (၂၃/စီ)၊သုခဝတီလမ်း၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁ ၈၆၀၅၀၀၃၊ ၈၆၀၅၀၀၄၊ ၈၆၀၅၀၄၄၊ ၉၆၀၅၀၄၅

## ၂၆-၈-၂၀၁၅ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၂၈)တွင်ပါရှိသော ဦးဝင်းတင့် ၁၂/ဒဂန(နိုင်)၀၀၅၃၈၄ ၏ ဒေါ်ခင်မျိုးညွန့် ၇/မလန(နိုင်)၀၆၄၄၄၆ နှင့် အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ဒေါ်ခင်မျိုးညွန့် ၇/မလန(နိုင်)၀၆၄၄၄၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးဝင်းတင့်သည် ၂၀၀၂ခုနှစ်မှစ၍ ယခုအချိန်ထိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်၂၈ရပ်ကွက်၊ အောင်ရတနာ ၂လမ်း၊ အိမ်အမှတ် ၁၀ တွင် နေထိုင်ခြင်းမရှိပါ။ ဦးဝင်းတင့်သည် ၎င်း၏ နေရပ်လိပ်စာအား မမှန်မကန်ဖော်ပြ ကြေညာထားခြင်းသာဖြစ်သည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေကွက်အမှတ် (၄၉၉)၊ မြေအကျယ်ပေ (၄၀×၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၈)ရပ်ကွက်၊ အောင်ရတနာ ၂ လမ်း၊ အမှတ် (၁၀)ဟုခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံတစ်လုံး အပါအဝင် အကျိုးခံစားခွင့်များသည် ဦးဝင်းတင့်နှင့် ဒေါ်ခင်မျိုးညွန့်တို့၏အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ခြင်း မဟုတ်ပါ။ လက်ထက်ပွားပစ္စည်းများမဟုတ်ပါ။ ဝယ်ယူနိုင်သည့် အလုပ်အကိုင်၊ စီးပွားရေးလုပ်ငန်းလည်း မရှိခဲ့ပါ။

ဒေါ်ခင်မျိုးညွန့်သည် ၂၀၀၂ခုနှစ်မှစ၍ နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်စဉ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့၍ နှစ်ဦးသဘောတူလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်သည်။ ဦးဝင်းတင့်မှသာ ဒေါ်ခင်မျိုးညွန့်၏ ခွင့်ပြုချက်မရှိဘဲ ၂၀၀၇ခုနှစ်တွင် ထပ်မံ၍ နောက်အိမ်ထောင်ပြုခဲ့ပြီး ယခုလက်ရှိ ဘားအံမြို့တွင် နောက်အိမ်ထောင်နှင့် သားသမီးနှစ်ဦးနှင့်အတူ အခြေတကျ နေထိုင်ခြင်းဖြစ်ပါသည်။

လက်ထက်ပွားပစ္စည်းအဖြစ် အိမ်နှင့်မြေကွက်မရှိပါသဖြင့်လည်းကောင်း၊ ဒေါ်ခင်မျိုးညွန့်၏လက်ဝယ်တွင် မည်သည့်စာချုပ်စာတမ်းမှလည်းမရှိပါသဖြင့်လည်းကောင်း၊ မည်သည့်စာချုပ်စာတမ်းမှ ပေးရန်မရှိပါကြောင်း အသိပေးပြန်ကြားအပ်ပါသည်။

မြေကွက်နှင့်အိမ်မှာ ဦးဝင်းတင့်နှင့်လုံးဝပတ်သက်မှုမရှိပါသဖြင့် ဦးဝင်းတင့်အနေဖြင့် မြေကွက် နှင့်အိမ်နှင့်ပတ်သက်၍ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်းခြင်းတို့အား လုံးဝကန့်ကွက်ခွင့်ရှိသူမဟုတ်ပါကြောင်းနှင့် မြေကွက်နှင့်အိမ်တွင် ၂၀၀၁ ခုနှစ်မှစ၍ ယခုအချိန်အထိ လက်ရှိနေထိုင်သူများသည် ဒေါ်ခင်မျိုးညွန့်၏ မိခင်ဖြစ်သူနှင့် အစ်ကိုမိသားစုသာဖြစ်ပြီး ၎င်းတို့၏ပိုင်ဆိုင်ခွင့်အရ နေထိုင်ခြင်းသာဖြစ်ကြောင်း ဦးဝင်းတင့်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မာလာရီ B.A (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၄၀)**
**အမှတ် (၅)၊ ပေါက်ပင်တန်းလမ်း၊ မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး**




# မြန်မာနှင့်ထိုင်း အမျိုးသမီးအသင်း ယနေ့ယှဉ်ပြိုင်မည်

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပလျက်ရှိသည့် အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန်ဒုတိယအဆင့်ခြေစစ်ပွဲကို စက်တင်ဘာ ၁၆ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းမှာ ထိုင်းအမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဒုတိယနေ့ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် တရုတ်(တိုင်ပေ)အသင်းနှင့် ဂျော်ဒန်အသင်း၊ ညနေ ၆ နာရီခွဲတွင် အိမ်ရှင်မြန်မာအသင်းနှင့်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယနေ့ယှဉ်ပြိုင်မည့်ပွဲစဉ်မှာ မြန်မာအသင်းအတွက် တတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ခွင့် အဆုံးအဖြတ်ပွဲစဉ်မဟုတ်သော်လည်း အရေးပါသည့်ပွဲစဉ်ဖြစ်နေသည်။ တတိယအဆင့် ခြေစစ်ပွဲသို့ ယခုဒုတိယအဆင့်မှ အမှတ်အများဆုံး တစ်သင်းသာ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး ပွဲစဉ်တိုင်းမှာ အရေးပါလျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ပထမပွဲတွင် ဂျော်ဒန်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိထားပြီး *စာမျက်နှာ ၃ ကော်လံ ၁* ◆

# ချင်းတွင်းမြစ်ရေ ပြန်လည်ကျဆင်းသဖြင့် အထက်ချင်းတွင်းလိုင်း အမြန်ရေယာဉ်ခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲ

**မုံရွာ စက်တင်ဘာ ၁၅**

ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့ရွာများ၏စိုးရိမ်ရေမှတ်သို့ ဒုတိယအကြိမ်မြောက် ရောက်ခဲ့ရှိရာ ခရီးသွားပြည်သူများ၊ ကုန်စည်များသွားလာစီးဆင်းမှုတွင် မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် မုံရွာမြို့နယ် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီက စက်တင်ဘာ ၅ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ကုန်တင်ရေယာဉ်များ၊ လူစီးအမြန်ရေယာဉ်များ ခရီးစဉ် ပြေးဆွဲခြင်းကို ယာယီရပ်နားထားခဲ့ရာ ချင်းတွင်းမြစ်ရေသည် စက်တင်ဘာ ၁၅ ရက် ညနေ ၆ နာရီ တိုင်းထွာချက်အရ မုံရွာမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာအောက်ဖြစ်သည့် ၉၉၇ စင်တီမီတာသို့ ကျဆင်းလာသည့်အတွက် စက်တင်ဘာ ၁၆ ရက် *စာမျက်နှာ ၇ ကော်လံ ၅* ●



# တာမွေလမ်းဆုံ ခုံးကျော်တံတားသစ်စီမံကိန်း စတင်အကောင်အထည်ဖော်

သတင်း(စိုးဝင်း-SP)

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့စေရေးအတွက်တာမွေမြို့နယ်ရှိ တာမွေလမ်းဆုံတွင် Y-ပုံသဏ္ဌာန်ရှိ တာမွေလမ်းဆုံ ခုံးကျော်တံတားသစ်စီမံကိန်းကို စတင်အကောင်အထည်ဖော် တည်ဆောက်နေပြီဖြစ်သည်။

အဆိုပါ တာမွေခုံးကျော်တံတားသစ်စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး တံတားအမျိုးအစားမှာ ကွန်ကရစ်ကြမ်းခင်း၊ သံမဏိသံရက်မတံတားအမျိုးအစားဖြစ်ကာ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ဗညားဒလလမ်းနှင့် ဦးချစ်မောင်လမ်းတို့ကို ဖြတ်သန်းတည်ဆောက်မည်ဖြစ်သည်။ တံတားတည်ဆောက်မည့်ပုံစံမှာ အရှေ့မြင်းပြိုင်ကွင်းလမ်းမှ ဗညားဒလလမ်းသို့ တစ်လမ်းမောင်း၊ နှစ်လမ်းသွားနှင့် ဗညားဒလလမ်းမှ ဦးချစ်မောင်လမ်းသို့ နှစ်လမ်းမောင်း၊ လေးလမ်းသွားစနစ်ဖြင့် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။

တာမွေလမ်းဆုံ ခုံးကျော်တံတားသစ်၏ အရှည်ဖြစ်သော ဗညားဒလလမ်းနှင့် ဦးချစ်မောင်လမ်း၏ လေးလမ်းသွား (နှစ်လမ်းမောင်း) အရှည်မှာ ၈၇၆ ဒသမ ၂၈ မီတာရှိပြီး အရှေ့မြင်းပြိုင်ကွင်းလမ်း၏ နှစ်လမ်းသွား (တစ်လမ်းမောင်း) အရှည်မှာ ၆၀၀ ဒသမ ၈၉ မီတာရှိသည်။ တံတားအကျယ် *စာမျက်နှာ ၃ ကော်လံ ၁* ✻






မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

* ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၁၄ ရက်တွင် တစ်နိုင်ငံလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကပ်ပြီး ကြေညာမည်။
* မဲဆန္ဒရှင်ပြည်သူများသွားရောက်ကြည့်ရှုပြီး အမည်မပါလျှင် ပုံစံ(၃)ဖြင့် ဖြည့်ပေးရန်၊ မပါသင့်သူပါနေလျှင် ပုံစံ(၄)ဖြင့် ပယ်ဖျက်ပေးရန်၊ အချက်အလက်များနေလျှင် ပုံစံ (၄-က)ဖြင့် ပြင်ဆင်ပေးရန်၊ သို့မှသာ မှန်ကန်သည့်မဲစာရင်းဖြစ်ပြီး မဲပေးနိုင်ကြမည်။
* မဲပေးခွင့်မဆုံးရှုံးစေရန် မဲစာရင်းသွားကြည့်ပြီး ဖြည့်စွက်/ပြင်ဆင်/ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားကြရန်။

**ရွေးကောက်ပွဲကျင်းပရန်**
**၅၃**
**ရက်သာလိုတော့သည်။**

## ဖန်းမော်မြို့၌ လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင် စာရင်းကြေညာ

**ဖန်းမော် စက်တင်ဘာ ၁၅**

ကချင်ပြည်နယ် ဖန်းမော်မြို့၌ ၂၀၁၅ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၁၄ ရက်က ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြေညာခဲ့ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အတွင်းရေးမှူး ဦးကျော်ထူးနှင့်အဖွဲ့ဝင်များသည် ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ ဖန်းမော်မြို့နယ် ရပ်ကွက်/ကျေးရွာများတွင် မဲရုံ ၆၃ ရုံရှိပြီး မဲဆန္ဒရှင် ၈၀၀၃၈ ဦးရှိကြောင်း သိရသည်။ **ဝါဝါ(ဖန်းမော်)**

## ရမည်းသင်းမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအေးနှင့် ဦးတင်လှ၊ ဥပဒေအရာရှိ ဦးဇော်ဇော်အောင်တို့က ရွေးကောက်ပွဲဆိုင်ရာဥပဒေများကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးမှုများကို မြို့နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက ပြန်လည်ဖြေကြားဆွေးနွေးကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**



# ပြည်ထောင်စုဒီမိုကရေစီပါတီက ၄င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၅

**ပြည်ထောင်စုဒီမိုကရေစီပါတီ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်းက ၄င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၅ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



မြန်မာနိုင်ငံသူ/နိုင်ငံသားအပေါင်း မင်္ဂလာရှိသောနေ့ရက်များကို ရရှိခံစားကြရပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

ကျွန်တော်ကတော့ ပြည်ထောင်စုဒီမိုကရေစီပါတီမှ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ပါတီကို ကိုယ်စားပြုပြီး အခုလို မြန်မာနိုင်ငံသူ/နိုင်ငံသားအပေါင်းကို စကားပြောခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း ဦးစွာပြောကြားခွင့်ပြုပါခင်ဗျား။

၂၀၁၀ ခုနှစ်တွင် ကျွန်တော်တို့ပါတီတည်ထောင်ဖွဲ့စည်း၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှုမရရှိခဲ့ပါ။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိခဲ့သော်လည်း ထောက်ခံအားပေးခဲ့ပါတယ်။

ကျွန်တော့်ရဲ့အတွေ့အကြုံ၊ ကျွန်တော့်ပါတီမိတ်ဆွေအပေါင်းအသင်းများရဲ့ အတွေ့အကြုံများပေါင်းစပ်၍ ယခု ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအား ပဲခူးတိုင်းဒေသကြီးမှ အထူးကြိုးစား၍ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

ယနေ့အချိန်အခါသည် နိုင်ငံတော်ကြီးတစ်ခုလုံး အစစအရာရာ ပြုပြင်ပြောင်းလဲနေပြီဖြစ်သည့်အတွက် ကျွန်တော်နဲ့ ကျွန်တော့်ပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်းများသာလျှင် အရွေးချယ်ခံရပါက ကိုယ်ကျိုးမဖက်ဘဲ တိုင်းပြည်အတွက် စွမ်းစွမ်းတမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစွာ ပြောကြားလိုပါတယ်။

ကျွန်တော်ဟာ အသက် ၆၄ နှစ် ရှိပြီဖြစ်တဲ့အတွက် နိုင်ငံတော်မှာ ပြောင်းလဲခဲ့သော နိုင်ငံရေးဇာတ်ခုံအကြောင်း တော်တော်များများသိရှိခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်ဟာ တောရွာမှာ မွေးဖွားကြီးပြင်းခဲ့သောသူ တစ်ယောက်ဖြစ်ခဲ့တဲ့အတွက်ကြောင့် တောရွာနေလူတန်းစားတွေရဲ့ ဒုက္ခမျိုးစုံကို ငယ်စဉ်ကပင် မျက်မြင်ကိုယ်တွေ့ခံစားခဲ့ရတဲ့သူ တစ်ယောက်ဖြစ်ပါတယ်။ တောရွာနေလူထုရဲ့ ပညာရေး၊ ကျန်းမာရေးကအစ စားဝတ်နေရေးပါမကျန်နိမ့်ကျနေတာတွေဟာ ယနေ့အချိန်ထိဖြစ်ပါတယ်။ ကလေးတွေရဲ့ ကျန်းမာရေးနှင့်ပညာရေးကို ဦးစွာပထမ ဦးစားပေးရလိမ့်မယ်လို့လည်း ထင်မိပါတယ်။

ကျွန်တော်တို့ပါတီဟာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို မည်သည့်အကြောင်းကြောင့်နဲ့မျှ နောက်ပြန်လှည့်သွားနိုင်စရာမရှိဟု ယုံကြည်ပါတယ်။ အစိုးရလွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများနဲ့ တိုင်းရင်းသားလက်နက်ကိုင်အသီးသီးတို့ဖြင့်ပူးပေါင်း၍ ပြည်ထောင်စုဒီမိုကရေစီနိုင်ငံတော်တစ်ခုကို ထူထောင်သွားမည်ဖြစ်ပါတယ်။

နိုင်ငံတော်၌ ကြုံတွေ့နေရသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအခက်အခဲများအား ရွေးကောက်ခံရသော ကိုယ်စားလှယ်များနဲ့လက်တွဲ၍ ယခုထက်ပိုမိုမြန်ဆန်စနစ်ကျအောင် ဆောင်ရွက်သွားပါမယ်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးဟာ လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပနိုင်မည်ဟု ယုံကြည်တဲ့အတွက် ကျွန်တော်တို့ပါတီဟာ ရွေးကောက်ပွဲတွင် နိုင်သည်ဖြစ်စေ၊ မနိုင်သည်ဖြစ်စေ နိုင်ငံရေးအင်အားစုများနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အထူးလက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားပါမယ်။

ကျွန်ုပ်တို့ ပြည်ထောင်စုဒီမိုကရေစီပါတီအနေနဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအေဂျင်စီများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအပါအဝင် ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲ၍ ပြည်ထောင်စုဒီမိုကရေစီပန်းတိုင်ကို အရောက်ချီတက်မည်ဟု အလေးအနက်အခိုင်အမာ ပြုပါတယ်။

လူမှုရေး၊ စီးပွားရေး၊ ပြည်ထောင်စုအရေး၊ ဒီမိုကရေစီအရေးနဲ့ အခြေခံလူ့အခွင့်အရေးများအတွက် ပြည်သူလူထုတစ်ရပ်လုံး၏ တရားမျှတသော တောင်းဆိုလှုပ်ရှားမှုအသီးသီးကို ကျွန်ုပ်တို့ပါတီမှ အပြည့်အဝ ထောက်ခံပူးပေါင်းဆောင်ရွက်သွားပါမယ်။

ကျွန်ုပ်တို့ပါတီ၏အလံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် ပြည်ထောင်စုစနစ်၏ အဓိပ္ပာယ်ကိုဖော်ဆောင်ပြီး ပင်လုံကျောက်တိုင်မှာ ပြည်ထောင်စုကြီးကိုဖြစ်ပေါ်စေခဲ့သော အခြေခံအုတ်မြစ် ပင်လုံစာချုပ်ကြီးကို ဂုဏ်ပြုဖော်ပြခြင်းဖြစ်ပါတယ်။ ပါတီ၏အမှတ်တံဆိပ်ဖြစ်သော မြန်မာပြည်မြေပုံဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်ပြီး ပင်လုံကျောက်တိုင်ဟာ တိုင်းရင်းသားလူမျိုးအားလုံး လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ချစ်ကြည်ခြင်းတရားများနှင့် ငြိမ်းချမ်းစွာအတူ လက်တွဲပူးပေါင်းနေထိုင်သွားကြမည်ဟူသော အဓိပ္ပာယ်ဖြစ်ပါတယ်။

ထို့ကြောင့် ကျွန်တော်တို့ပါတီ၏ဆောင်ပုဒ်ကို လွတ်လပ်ညီမျှချစ်ကြည် ပြည်ထောင်စုဒီမိုကရေစီပါတီဟု မှတ်တမ်းတင်ထားပါတယ်။

နိုင်ငံရေးပါတီတစ်ခုတည်ထောင်တဲ့အခါ ပါတီ၏မူဝါဒ၊ သဘောထားရပ်တည်ချက်တို့မှာ အရေးကြီးဆုံးဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ မူဝါဒ၊ သဘောတရားများကို နိုင်ငံသူ/သားအပေါင်း သိရှိနိုင်ကြရန် တင်ပြခွင့်ပြုပါခင်ဗျား။

ကျွန်တော်တို့ပါတီအနေနဲ့ အဖြစ်ချင်ဆုံးသော မူဝါဒမှာ ဖက်ဒရယ်နိုင်ငံတော် တည်ထောင်ရေးပဲဖြစ်ပါတယ်။ နိုင်ငံသူ/သားအပေါင်းအားလုံး မိမိကိုယ်ကိုမိမိတည်ဆောက်၊ မိမိကိုယ်ကို မိမိတာဝန်ယူပြီး တစ်ချိန်တည်းမှာ အခြားတစ်ပါးသူများနှင့် ညီညွတ်၊ ချစ်ကြည်၊ စည်းလုံးပြီးအေးအတူ ပူအမျှခွဲဝေခံစားနိုင်မည်ဆိုလျှင် အောင်မြင်သော ပြည်ထောင်စုနိုင်ငံတော်ကြီး တစ်ခုတည်ထောင်နိုင်မည်မှာ မလွဲဧကန်ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာ ထာဝရပြည်တွင်းငြိမ်းချမ်းရေးရရှိနိုင်စေဖို့ ကြီးစွာသောအထောက်အကူပြုမှုကို ဖက်ဒရယ်စနစ်ကသာ ပြုမူနိုင်မှာဖြစ်တယ်လို့ ခိုင်မာစွာယုံကြည်ပါတယ်ခင်ဗျား။

ပြည်ထောင်စုဒီမိုကရေစီပါတီအနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ဘက်စုံအခြေခံအဆောက်အအုံများ ပြည့်စုံကုံလုံစွာ ပေါ်ပေါက်လာစေနိုင်ရေးအတွက် အဓိကထားကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

စီးပွားရေးအခြေခံအဆောက်အအုံများ ပြည့်စုံလာပါက ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအတွက်သော်လည်းကောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက်သော်လည်းကောင်း အလုံးစုံကူညီပံ့ပိုးရာရောက်သဖြင့် နိုင်ငံတော်အတွက် အပေါင်းလက္ခဏာဆောင်လာမှာ ဖြစ်ပါတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်အဖြစ် နိုင်ငံသားများအလုပ်အကိုင်ရရှိလာခြင်း၊ တိုင်းပြည်ဘဏ္ဍာတိုးတက်များပြားလာခြင်း အစရှိသောကောင်းကျိုးများကို ရရှိမှာဖြစ်ပါတယ်။

နိုင်ငံတော်ဘဏ္ဍာတောင့်တင်းလာမှ နိုင်ငံတွင်းရှိ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မှာဖြစ်သလို ပြည်ပချေးငွေအပေါ် မှီခိုနေရခြင်းမှလည်း လျော့ကျမှာဖြစ်ပါတယ်။



စနစ်တိုင်းမှာ အားသာချက်၊ အားနည်းချက်ရှိနေမှာ ဖြစ်သော်လည်း အားနည်းချက်တွေကို ဒီမိုကရေစီနည်းအရ တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာကြရမှာ နိုင်ငံတော်ရဲ့တာဝန်ပဲ ဖြစ်ပါတယ်။ မည်သည့်တာဝန်ကိုမဆို မရှောင်မလွှဲ တာဝန်ယူဖြေရှင်းရမှာ နိုင်ငံတော်တစ်ခုရဲ့ အာဏာပိုင်အဖွဲ့ အစည်းပဲဖြစ်ပါတယ်။ အဲဒီတာဝန်ကို ယူရမယ့် အခြေအနေကို ကျွန်တော်တို့ ပါတီမှရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များကို မျှဝေပေးစေလိုပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးမှာ အမှန်တကယ်လိုအပ်နေတဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာရေးတို့ကို ဆောင်ရွက်နိုင်သော အစိုးရအဖွဲ့အစည်းတစ်ရပ် အမှန်တကယ်လိုအပ်ပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံသူ/နိုင်ငံသားအပေါင်းတို့ခင်ဗျား- ထိုသို့လိုအပ်သော အစိုးရအဖွဲ့အစည်းတွင် ကျွန်တော်တို့ ပြည်ထောင်စုဒီမိုကရေစီပါတီမှ ကိုယ်စားလှယ်လောင်း များကို ရွေးချယ်ပေးခြင်းဖြင့် **တစ်တပ်တစ်အား ပါဝင်တာဝန်ထမ်းဆောင်နိုင်ရန်** ကူညီကြပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်။

နိုင်ငံ့တာဝန်ထမ်းဆောင်ခွင့်ကို မိမိတို့ပါတီများမှ အောင်နိုင်သူများနှင့် အတူတကွ နားလည်မှုကြီးစွာ ပေါင်းစပ်ဖွဲ့စည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မြန်မာနိုင်ငံသူ/ နိုင်ငံသားအပေါင်းတို့ ခင်ဗျား-**

အထက်ပါ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ဖြေရှင်းရန် ပြည်ထောင်စုဒီမိုကရေစီပါတီအနေဖြင့် မည်သည့် ပါတီအဖွဲ့အစည်းနှင့်မဆို လက်တွဲ၍ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဤနေရာမှနေ၍ ကတိသစ္စာပြုအပ်ပါတယ်။

ကျွန်တော်တို့ပါတီအနေဖြင့် နံပါတ်(၁) မိမိရပ်ရွာ၊ (၂) မိမိမြို့နယ်၊ (၃) မိမိတိုင်းပြည် ကောင်းရာကောင်းကျိုးများကိုရည်ရွယ်ပြီး အုပ်ချုပ်ရေးယန္တရားကြီး ချောမွေ့မှန်ကန်စွာ၊ တည်ငြိမ်အေးချမ်းစွာ၊ သာယာဖြောင့်ဖြူးစွာလည်ပတ်နိုင်စေရန် စွမ်းစွမ်းတမံအထောက်အကူပြုပြီး နိုင်ငံတော်မျက်နှာကို အစဉ်ရှေးရှု၍ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မိဘပြည်သူအပေါင်းကို ဤနေရာမှလေးနက်ခိုင်မာစွာ ကတိသစ္စာပြုအပ်ပါသည်ခင်ဗျား။

ထို့ပြင် မြန်မာနိုင်ငံတစ်ဝန်းတွင် လက်ရှိဖြစ်ပေါ်ကြုံတွေ့နေကြရသော လယ်ယာမြေအမှုအခင်းများအပါအဝင် အခြားသော တရားဥပဒေ၏ လက်ငင်းလိုအပ်ချက်များစွာအတွက် ပြည်ထောင်စုဒီမိုကရေစီပါတီမှ အလေးထား ဆောင်ရွက်သွားပါမည်ဟု ထပ်လောင်းကတိပြုအပ်ပါတယ်။

**မြန်မာနိုင်ငံသူ/နိုင်ငံသားအသီးသီးတို့ခင်ဗျား-**

မိမိတို့၏ တိုင်းနှင့် ပြည်နယ်အသီးသီးတွင် အောင်မြင်ရာ အောင်မြင်ကြောင်းရရှိရန် ကိုယ်တိုင်ကိုယ်ကျကြိုးစားဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံတော်ကြီးသည် သာယာဝပြောသော ပြည်ထောင်စုဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာမည်ဟု ကျွန်ုပ်တို့ ပြည်ထောင်စုဒီမိုကရေစီပါတီမှ အပြည့်အဝယုံကြည်ကြောင်း ပြောကြားလိုပါတယ်။

မိဘပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

## လွှတ်တော်ကိုယ်စားလှယ်လောင်းများ တွေ့ဆုံပွဲကျင်းပ

**ရွှေတောင် စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးကျင်းပသော မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးတို့က လွှတ်တော်ကိုယ်စားလှယ်လောင်းများကျင့်ဝတ်၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာ ညွှန်ကြားချက် (၁/၂၀၁၄) အား ရှင်းလင်းကာ မြို့နယ်ရဲတပ်ဖွဲ့မှူးက ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ လုံခြုံရေးကိစ္စရပ်များ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွေးကောက်ပွဲဆိုင်ရာ ညှိနှိုင်းဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၃ ရက်က ၂၀၁၅ ခုနှစ် အရှေ့ပိုင်းခရိုင် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက ရွေးကောက်ပွဲလုံခြုံရေး ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေးက လုံခြုံရေးအတွက် တွေ့ကြုံနိုင်သည့်အခက်အခဲများနှင့် လုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက ဆွေးနွေးပြောကြားရာ တာဝန်ရှိသူများက ပြန်လည်ပြောကြားကြောင်း သိရသည်။



**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာရှင်းလင်း

**ပွင့်ဖြူ စက်တင်ဘာ ၁၅**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်၌ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှု တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၂ ရက်က ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဆန်းမြင့်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ မဲရုံအလိုက် လုံခြုံရေးဆောင်ရွက်ရန် အထူးရဲ(၁၅၉)ဦးကို ဝတ်စုံပြည့်ဖြင့် ဆောင်ရွက်ထားရှိမှု၊ အထူးရဲများအား သင်တန်းပို့ချရန် စီစဉ်ဆောင်ရွက်ထားရှိမှု စသည်ဖြင့် ရှင်းလင်းပြောကြားသည်။ **သန်းနိုင်ဦး(ငဖဲ)**

# မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

**မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ ဒုတိယဥက္ကဋ္ဌ-၁ ဒေါ်စန္ဒာဦးက ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၅ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**




ကျွန်မတို့ပါတီရဲ့မူဝါဒကတော့ လူသားဆန်သော ဒီမိုကရက်တစ်နိုင်ငံသားဝါဒ ဖြစ်ပါတယ်။

မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးဆိုတဲ့ပါတီရဲ့ အမည်နာမမှာကိုပဲ အဓိပ္ပာယ်ပြည့်ဝနေပါတယ်။ မတူကွဲပြားခွင့်ရှိခြင်း ဒိုင်ဗားစတီးဆိုတာကိုက လူ့ဘောင်လူ့လောကမှာ လူအမျိုးမျိုးဟာ မိမိတို့ရဲ့လွတ်လပ်ခွင့်နှင့်အညီ အခြားသူများနှင့်မတူသော ခံယူချက်၊ ရပ်တည်ချက်၊ စဉ်းစားချက်၊ တုံ့ပြန်ချက်အမျိုးမျိုးကို လုပ်ခွင့်ရှိကြရပါမယ်။

လွတ်လပ်သောဘာသာအယူဝါဒ အမျိုးမျိုးကိုးကွယ်ယုံကြည်မှု အမျိုးမျိုးကိုးကွယ်ခွင့်လွတ်လပ်သော ထင်မြင်ယူဆချက် အမျိုးမျိုးထင်မြင်ယူဆခွင့် ရှိနေရပါလိမ့်မယ်။

ဒီနေရာမှ အချို့သော ဘာသာတရားကျမ်းစာတွေက လွတ်လပ်သော ထင်မြင်ယူဆခွင့်ကို မပေးဘူးဆိုရင် ကျွန်မတို့ရဲ့ ဒိုင်ဗားစတီးအယူအဆကို ဆန့်ကျင်နေပါပြီ။

အချို့သောဘာသာအယူဝါဒ ကျမ်းစာတစ်ရပ်ရပ်ဟာ မိမိတို့ ဘာသာကနေ နုတ်ထွက်ရင် သေဒဏ်သတ်မှတ်လာပြီဆိုရင် လူ့လောကက နေသူတို့ကို ဆန့်ကျင်ရှုတ်ချပေးနေဖို့ လိုအပ်လာပါပြီ။

ကျွန်မတို့ရဲ့ ဒိုင်ဗားစတီးမတူကွဲပြားခွင့်ကို တန်ဖိုးထားလေ ဘာသာတရားတစ်ခုခုကနေ ကျန်ဘာသာသာသနာတွေကို တိုက်ခိုက်သတ်ဖြတ်ချေမှုန်းဖို့ ရေးသားဟောပြောနေမယ်ဆိုရင် ပိတ်ပင်ဖို့လုပ်ဆောင်ရပါလိမ့်မယ်။

ဒါဟာ မတူကွဲပြားခွင့်ကို အခွန့်ရှည်ဖို့အတွက် အာဏာရှင်ဆန်တဲ့ ဘာသာတရားမျိုးကိုဆန့်ကျင်ရတာဖြစ်ပါတယ်။

ဒီသဘောတရားဟာ ပါတီရဲ့ အမည်နာမဖြစ်တဲ့ ဒိုင်ဗားစတီးမတူကွဲပြားခွင့်ကို တန်ဖိုးထားကြောင်း ဖော်ပြချက်ပဲဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဆိုတဲ့ ပါတီရဲ့နောက်ဆက်တွဲကို ဆက်လက်ရှင်းလင်းပါမယ်။ မတူကွဲပြားခွင့်တွေကို တန်ဖိုးထားမယ်ဆိုရင် ငြိမ်းချမ်းရေး မလွဲမသွေရရှိလာမယ်လို့ ယုံကြည်တာဖြစ်ပါတယ်။

ဒါကြောင့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ မတူကွဲပြားခွင့် မပေးတဲ့အယူအဆ၊ မတူကွဲပြားခွင့်မပေးတဲ့ အတွေးအခေါ်တွေကို ဆန့်ကျင်ရှုတ်ချနေခြင်းဟာ ငြိမ်းချမ်းရေးရမယ်လို့ ယုံကြည်ကြတာဖြစ်ပါတယ်။

**မိဘပြည်သူများရှင့်-**

နိုင်ငံတစ်ခုမှာ နိုင်ငံရေးလုပ်ကြပြီဆိုရင် အမျိုးသားနိုင်ငံရေးနဲ့ စပိုင်နိုင်ငံရေးနှစ်မျိုးရှိပါတယ်။ ဥပမာပေးရမယ်ဆိုရင် မြန်မာနိုင်ငံမှာ ပါတီထောင်ပြီး မြန်မာနိုင်ငံရှိတိုင်းရင်းသား ၁၃၅ မျိုး အကျိုးစီးပွားကို ရှေးရှု လုပ်ဆောင်ရပါမယ်။ ဒီလိုလုပ်ရင် အမျိုးသားနိုင်ငံရေးလို့ ခေါ်ရပါတယ်။

မြန်မာနိုင်ငံမှာနိုင်ငံရေးပါတီထောင်ပြီး နိုင်ငံခြားတိုင်းပြည်တစ်ခုခု(သို့) နိုင်ငံခြားသားတွေရဲ့ အကျိုးစီးပွားကိုလုပ်မယ်ဆိုရင် ဒါမျိုးဟာ စပိုင်နိုင်ငံရေးပါပဲ။

အဲ့ဒါကြောင့် မြန်မာနိုင်ငံမှာ နိုင်ငံရေးလုပ်မယ်ဆိုရင် မြန်မာတိုင်းရင်းသား ၁၃၅ မျိုးအတွက် ရှေးရှုလုပ်ကြရမယ်။ နိုင်ငံခြားသားအတွက်/နိုင်ငံခြားတိုင်းပြည်တစ်ခုခုအတွက် နိုင်ငံရေးလာလုပ်ရင် စပိုင်ဖြစ်တဲ့အတွက် ချေမှုန်းရပါလိမ့်မယ်။

ကျွန်မတို့ရဲ့ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဝင်တိုင်းဟာ အမျိုးသားနိုင်ငံရေးကိုသာ ဦးတည်ရှေးရှုပြီး လုပ်ကြမှာဖြစ်သလို စပိုင်နိုင်ငံရေးသမားတွေကိုလည်း ဖော်ထုတ်ဖမ်းဆီး ချေမှုန်းသွားကြပါမယ်။

နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးကိုတော့ ဈေးကွက်စီးပွားရေးစနစ်နဲ့သွားမှသာလျှင် အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။

ကွန်မြူနစ်ဆိုရှယ်လစ်စတဲ့ နိုင်ငံတော်စနစ်တွေမှန်သမျှဟာ အုပ်ချုပ်ရေး အက်ဒမင်ပိုင်းရော အော်ပရေးရှင်းပိုင်းကိုပါ ဝန်ထမ်းဆန်တဲ့ စီမံခန့်ခွဲမှုရှိကြတဲ့အတွက် ဘယ်နေရာမှာမှ မအောင်မြင်ကြပါဘူး။

အရင်းရှင်စနစ်ကတော့ မက်လုံးကိုအခြေစိုက်ထားတာ ဖြစ်တယ်။ အက်ဒမင်ပိုင်းမှာ မက်လုံးကိုအခြေစိုက်ထားလေတော့ အောင်မြင်လာတယ်။ ပုဂ္ဂလိက လုပ်ငန်းရှင်တွေကသာ မိမိတို့အကျိုးအမြတ် အများဆုံးရဖို့အတွက် အာရုံစူးစိုက်ကြလေတော့ လုပ်ငန်းတွေအောင်မြင်လာကြတယ်။

နိုင်ငံတော်အစိုးရဟာ ပြည်သူတွေဖြစ်တဲ့ ထုတ်လုပ်ရောင်းချသူတွေနဲ့ စားသုံးသူတွေကြားမှာ မှန်ကန်တဲ့ ဒိုင်လူကြီးအဖြစ် ရပ်တည်ဖို့လိုတယ်။ အဲ့သလိုရပ်တည်နိုင်တဲ့အချိန်မှာ နိုင်ငံတစ်ဟုန်တိုးဖွံ့ဖြိုးမယ်။

ဒိုင်လူကြီးဟာ ပြည်သူအချင်းချင်းအပေါ်မမျှတဘဲ ဘက်လိုက်ရင် ခရိုနီအရင်းရှင်စနစ်ဖြစ်လာတယ်။ ခရိုနီအရင်းရှင်စနစ်ကြောင့် အရင်းရှင်စနစ်နာမည်ပျက်ရတယ်။ အာဏာကိုအလွဲသုံး ဘက်လိုက်တဲ့ ခရိုနီကို ပပျောက်အောင်လုပ်ဖို့လိုပါတယ်။

ဆင်းရဲချမ်းသာမရွေး တန်းတူယှဉ်ပြိုင်ခွင့်ရှိနေရမယ်။ တန်းတူယှဉ်ပြိုင်ခွင့်ကို နမူနာပေးမယ်ဆိုရင် ရွှေတွင်းလုပ်ကွက် တစ်ယူနစ်ဈေ တစ်ထောင်ချပေးမယ် မည်သူမဆို လေလံဆွဲခွင့်ရှိတယ်၊ ဆင်းရဲချမ်းသာမရွေး လေလံဆွဲခွင့်ပေးမယ်၊ လေလံဆွဲသူတိုင်း ဒပိုဇစ် သိန်းတစ်ထောင် ဘဏ်အကောင့်ပြရမယ်ဆိုရင် ဒါဟာ တန်းတူယှဉ်ပြိုင်ခွင့်မဟုတ်ဘူး။ တစ်ယူနစ်ဈေ ၁၀၀၀ ဆိုတော့ အများကြီး ဆင်းရဲသူက ဘယ်လိုမှ လေလံဝင်မပြိုင်နိုင်တော့ဘူး။

အဲ့ဒါကြောင့် တန်းတူယှဉ်ပြိုင်ခွင့်ဆိုတာ (မည်သူမဆို)လို့ စကားလုံးထည့်တိုင်းမဟုတ်ဘူး၊ မမှန်ဘူး။ သာမန်လုပ်ငန်း အသေးစားအဆင့်က လူတွေပါ လေလံဆွဲနိုင်တဲ့ ယှဉ်ပြိုင်နိုင်တဲ့ လုပ်ကွက်အသေးစားတွေ ဖြန့်ခွဲနိုင်ရမယ်။ ဒီလို စီမံခန့်ခွဲတာမျိုးကို ဝင်ငွေခွဲဝေဖြန့်ဖြူးမှု ညီမျှအောင်လုပ်တယ်လို့ခေါ်တယ်။

ဝင်ငွေခွဲဝေဖြန့်ဖြူးတယ်ဆိုတာ နိုင်ငံတော်ဘတ်ဂျက်ကို နိုင်ငံတော်မှာရှိတဲ့ လူဦးရေနဲ့စားပြီး တစ်ဦးချင်းလိုက်ပေးတဲ့ ကိစ္စမဟုတ်ပါဘူး။ အထက်ဖော်ပြပါ စီမံခန့်ခွဲမှုမျိုးကို ခေါ်ပါတယ်။

ဒီနေရာမှာ လေကြောင်းလိုင်း ထောင်ခွင့်ဆိုင်ရာ တန်းတူယှဉ်ပြိုင်ခွင့်ကို ဆင်ခြင်ပြပါမယ်။ ဘယ်ဆင်းရဲသားကမှ လေကြောင်းလိုင်း မထောင်နိုင်ဘူးဆိုတာ တွေ့ရလိမ့်မယ်။ ဘယ်လောက်အသေးငယ်ဆုံး ယူနစ်အဖြစ် လုပ်ပိုင်ခွင့်ပေးပါစေ ဆင်းရဲသား အနေနဲ့ လုပ်ပိုင်ခွင့်မယှဉ်နိုင်ပါဘူး။

အဲ့ဒါကြောင့် လုပ်ငန်းပုံစံမျိုးစုံအလိုက် အနည်းဆုံးပမာဏ ယူနစ်လုပ်ကွက်တွေ လုပ်ကိုင်ခွင့်ကို အစိုးရက လုပ်ပေးနေရမယ်။ ဒီနေရာမှာ ကွန်မြူနစ်လို စဉ်းစားရင်တော့ မည်သူမျှ လုပ်ကွက်တစ်ကွက်ထက် ပိုမယူရဆိုတာမျိုးပါပါလာတတ်တယ်။ ဒါဆိုရင် လက်ဝဲစွန်းကို ရောက်လာပြီလို့ ခေါ်ရပါမယ်။

အသေးဆုံးက ဝင်ပြိုင်နိုင်သလို အကြီးဆုံးက အဆမတန်ကြီးထွားခွင့်ကို ခွင့်ပြုနိုင်မှ ခွင့်ပြုတတ်မှသာလျှင် ပုဂ္ဂလိကလုပ်ငန်းတွေ ဖွံ့ဖြိုးလာပြီး နိုင်ငံဖွံ့ဖြိုးလာပါလိမ့်မယ်။

ယခုတင်ပြတဲ့ကိစ္စဟာ ပညာရေး ကျန်းမာရေးနယ်ပယ်တွေအတွက်ပါ ကျင့်သုံးရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

**မိဘပြည်သူများရှင့်-**

ကျွန်မတို့ပါတီရဲ့ လုပ်ငန်းစဉ်လေးကိုတော့ တင်ပြချင်ပါသေးတယ်။ အဲ့ဒါကတော့ ရွေးကောက်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်တာဟာ ပါတီရဲ့လုပ်ငန်းစဉ်တစ်ခုအနေနဲ့ ပါဝင်ပေမယ့် အဓိကလုပ်ငန်းစဉ်မဟုတ်ပါဘူး။ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီရဲ့ အဓိကလုပ်ငန်းစဉ်အစစ်ကတော့ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးကို အကျိုးပြုနိုင်မယ့်၊ နိုင်ငံအတွက် အကျိုးပြုနိုင်မယ့် ဒေတာ (အချက်အလက်)တွေ ရှာဖွေစုဆောင်းပြီး နိုင်ငံရေး ရာ တာဝန်ရှိသူမည်သူမဆို ပါတီမရွေး အဖွဲ့အစည်းမရွေး ပုဂ္ဂိုလ်မရွေး အခမဲ့ဖြန့်ဝေဖို့ပါပဲ။ အဲ့ဒါ အဓိကလုပ်ငန်းစဉ်ဖြစ်ပါတယ်။ ပါတီရဲ့ အထိမ်းအမှတ်တံဆိပ်မှာ ခေတ်မီဆက်သွယ်ရေးကိရိယာများနှင့် မိမိတို့လုပ်ဆောင်ချက်များ ပျံ့နှံ့စေရမည်ဟူသော ရည်ရွယ်ချက်ဖြစ်ပါတယ်။

**မိဘပြည်သူများရှင့်-**

အမျိုးသားနိုင်ငံရေးနဲ့ စပိုင်နိုင်ငံရေးကို ခွဲခြားသိမြင်နိုင်တဲ့ ပြည်သူများဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းသည့်အပြင် ပြည်သူသည်သာ အခရာဖြစ်တဲ့အတွက် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရဲ့ အကျိုးကိုရှေးရှုသည့် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်ပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်။

## ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ပညာပေးသင်တန်းဖွင့်

**ဆိပ်ဖြူ စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ပညာပေးသင်တန်းများကို ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် မဲရုံတွင်ပါဝင်ဆောင်ရွက်မည့် မဲရုံမှူးများနှင့် အဖွဲ့ဝင်များကို မြို့မအုပ်စု၊ လက်ဆည်တိုက်နယ်၊ ကဇွန်းမတိုက်နယ်တို့တွင် ဒုတိယအကြိမ်ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းဖွင့်လှစ်ခြင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

ကဇွန်းမတိုက်ကျေးရွာတွင် အဆိုပါသင်တန်းကို စက်တင်ဘာ ၁၂ ရက် ကဇွန်းမ(အထက)ကျောင်းတွင် ကျင်းပခဲ့သည်။ ဆိပ်ဖြူမြို့နယ်တွင် ရပ်ကွက်/ကျေးရွာ ၁၃၈ ရွာရှိပြီး မဲရုံ ၉၉ ရုံ၊ ချင်းတိုင်းရင်းသား မဲရုံလေးရုံ ရှိကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

## ရွေးကောက်ပွဲလုံခြုံရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေး

**ကြာအင်းဆိပ်ကြီး စက်တင်ဘာ ၁၅**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၁ ရက်က ကြာအင်းဆိပ်ကြီးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲလုံခြုံရေးနှင့် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အမှာစကား ပြောကြားပြီး အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သာက လုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းများကြေညာ

**ရေစကြို စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၁၄ ရက်မှစ၍ မဲဆန္ဒရှင် ပြည်သူများသိရှိစေရန် ကပ်ထားပေးလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ အမှတ်(၈)ရပ်ကွက်မှာ သုခဝတီရပ်ကွက်၊ စိတ္တသုခရပ်ကွက်၊ လေးရာပြည့်ရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်တို့ပါဝင်ပြီး မဲပေးပိုင်ခွင့်ရှိသူ ၃၄၂၁ ဦးရှိပါတယ်။ စာရင်းကတော့ကွာဟတာမရှိပါဘူး။ မဲဆန္ဒရှင်တွေ လာကြည့်ကြပါတယ်။ အရင်တုန်းကတော့ အိမ်ထောင်စုအလိုက် စာရင်းပြုစုတာဆိုတော့ အိမ်ထောင်ဦးစီးနာမည်ရှာတွေ့ရင် မိသားစုဝင်တွေကိုပါ တွေ့ရပါတယ်။ အခုမဲစာရင်းကတော့ အက္ခရာစဉ်နဲ့ ပြုစုကြေညာတာဆိုတော့ဟိုရှာဒီရှာရတာပေါ့”ဟု အမှတ်(၈) ရပ်ကွက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

## မဲဆန္ဒရှင်စာရင်းများ ကြေညာ

**ချောက် စက်တင်ဘာ ၁၅**

ချောက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၁၄ ရက်တွင် စတင်ကြေညာထားကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးမှ ထုတ်ပြန်ကြေညာချက်အရသိရသည်။

မဲဆန္ဒရှင် စာရင်းတွင် မိမိ၏ အမည်မပါလျှင် ပုံစံ(၃)ဖြင့် လျှောက်ထားရမည်ဖြစ်ပြီး အမည်ပါသော်လည်း အချက်အလက်များမှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားရမည်ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းတွင် မပါဝင်သင့်သူများ၊ ကွယ်လွန်ပြီးသူများ၊ ထောင်ကျနေသူများစသည်ဖြင့် ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်လွှာ လျှောက်ထားရမည် ဖြစ်ကြောင်း သိရသည်။

မဲပေးခွင့်မဆုံးရှုံးစေရန်အတွက် ဒုတိယအကြိမ် ထပ်မံကြေညာထားခြင်းဖြစ်ကြောင်း၊ စက်တင်ဘာ ၁၄ ရက်မှ ၂၇ ရက်ထိ နှစ်ပတ်တိုင်တိုင် ကြေညာထားမည်ဖြစ်ကြောင်း မြို့နယ်အမှတ် (၁) ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **ကျော်မိုး(ပြန်/ဆက်)**

# ချင်းတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၅

**ချင်းတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးနိုထန်ကပ်က ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၅ ရက်ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်ကတော့ ချင်းတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးနိုထန်ကပ်ဖြစ်ပါတယ်။

ချင်းတိုးတက်ရေးပါတီသည် ၂၀၁၀ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါတယ်။ မှတ်ပုံတင်နံပါတ် (၂၆)ဖြစ်ပြီး ပြည်ထောင်စုအဆင့် သို့မဟုတ် ပြည်ထောင်စုတစ်ဝန်းလုံး ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လို့ရတဲ့ပါတီဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ပါတီ၏ရည်ရွယ်ချက်နှင့် ပတ်သက်ပြီး ပထမဆုံး တင်ပြလိုပါတယ်။

ပါတီနာမည်တွင်ဖော်ပြထားသည့်အတိုင်း ချင်းတိုင်းရင်းသားများ၏ တိုးတက်ရေးကို ပါတီအနေဖြင့် ဦးစားပေးဆောင်ရွက်ပါတယ်။

တိုးတက်ရေးကို ရုပ်ပိုင်းဆိုင်ရာနှင့် အသိပညာပိုင်းဆိုင်ရာဆိုပြီး နှစ်မျိုးခွဲခြားထားပါတယ်။ ရုပ်ပိုင်းဆိုင်ရာတွင် မြင်တွေ့လို့ရသည့် လမ်း၊ တံတား၊ ကျောင်းနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ၊ ရေ၊ မီး စသည်တို့တွင် တိုးတက်ရေးဖြစ်ပါသည်။

ရုပ်ပိုင်းဆိုင်ရာတွင် ချင်းတိုးတက်ရေးပါတီအနေဖြင့် ပါတီထူထောင်စကတည်းကဆောင်ရွက်ရန် စီစဉ်ထားတဲ့အထဲမှာ မယုံနိုင်လောက်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ဥပမာ ပြောရမည်ဆိုလျှင် ချင်းတိုးတက်ရေးပါတီက တစ်ရာမှာတစ်ရာ အနိုင်ရခဲ့တဲ့ ဖလမ်းမြို့နယ်မှာ ပါတီနှင့် လွှတ်တော်အမတ်များ၏ ကြိုးပမ်းအားထုတ်တင်ပြမှုအပေါ် နိုင်ငံတော်အစိုးရကလည်း အသိအမှတ်ပြုဆောင်ရွက်ခြင်းကြောင့် သမိုင်းတွင် မရှိဖူးသေးသည့် ဖလမ်းမြို့အနီးတွင် လေယာဉ်ကွင်း၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် နယ်စပ်နှင့်ပြည်မ ကူးသန်းရောင်းဝယ်ရေးတွင် အလွန်အရေးကြီးသည့် ၂၄ ပေကျယ် ရိဒ်-နတ်ချောင်းလမ်းမကြီးများလည်း အကောင်အထည်ဖော်လျက်ရှိနေပါပြီ။ တစ်ဆက်တည်းတွင် ချင်းတိုးတက်ရေးပါတီ အနိုင်ရရှိခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းရေးရာ ကိုယ်စားလှယ် သို့မဟုတ် ဝန်ကြီးကြောင့် ချင်းရွာအသီးသီးတွင် ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုသည် မြင်တွေ့လို့ ရပါတယ်။

ထို့ကြောင့် ပြည်သူများက ချင်းတိုးတက်ရေးပါတီကို အားပေးမဲထည့်ခြင်းကြောင့် အကျိုးအမြတ်ဟာ လက်တွေ့မျက်မြင်ဖြစ်တဲ့အတွက် လာမည့်ရွေးကောက်ပွဲမှာလည်း တစ်ခဲနက်အားပေးကြပါလို့ မေတ္တာရပ်ခံပါတယ်။

နောက်တစ်ခုဖြစ်သည့် အသိပညာပိုင်းဆိုင်ရာတိုးတက်ရေးတွင် စာတတ်မြောက်ရေးနှင့် ဒီဂရီဘွဲ့များ ရရှိရေးသက်သက်ကို ဆိုလိုတာမဟုတ်ပါ။ ဘာကြောင့်လဲဆိုရင် ပညာတတ်တိုင်း ပညာရှိမဟုတ်သလို၊ ဘွဲ့ရတိုင်းလည်း သိသင့်တာမသိတဲ့သူ အများကြီးရှိနေလို့ပါ။ အင်္ဂလိပ်လို Educated Fool ဆိုတာမျိုးပေါ့။

အထူးသဖြင့် ချင်းတိုင်းရင်းသားအများစုရင်ဆိုင်နေရသည့် အခက်အခဲတစ်ခုမှာ နှစ်ပေါင်းငါးဆယ်ကြာလောက်မှ ကျင့်သုံးသည့် ဒီမိုကရေစီစနစ်ကိုအခြေခံသည့် အုပ်ချုပ်ရေးစနစ်သစ်ကိုမယဉ်ပါး စိမ်းကားနေသေးခြင်းဖြစ်ပါတယ်။ ဤသို့ဖြင့် သိသင့်တာမသိဖြစ်နေခြင်း၏ နောက်ဆက်တွဲများမှာ-

(၁) အုပ်ချုပ်သူများနှင့်ဝန်ထမ်းများကို မလိုလားအပ်သည်အထိ မကြောက်ရွံ့နေခြင်းကြောင့် သူတို့အတွက် ဒီမိုကရေစီစနစ်၏အနှစ်သာရလည်း မခံစားရဖြစ်နေပါတယ်။

(၂) သိသင့်တာမသိဖြစ်နေခြင်းကြောင့် အဖွဲ့ဝင်များတဲ့ ပါတီတချို့ကို ပါတီကြီးဟုသတ်မှတ်ပြီး အထင်ကြီးလွန်းနေပြီးမှ ဒီပါတီကြီးထဲမှာဝင်မှ တို့ရပ်ရွာအတွက် အကျိုးရှိမည်၊ ဟိုပါတီကြီးကသာ တိုင်းပြည်အုပ်ချုပ်ရေးကို အပြောင်းအလဲလုပ်နိုင်မည်။ ဒီပါတီကြီးကသာ အခြေခံဥပဒေကိုပြင်လို့ရမည်၊ ဟိုပါတီကြီးကသာစစ်မှန်တဲ့ ဒီမိုကရေစီရရှိအောင်ဆောင်ရွက်နိုင်မည် စသည် စသည်ဖြင့် လွဲမှားစွာမြင်ကြတယ်။ အမှန်မှာ ဥပဒေရှေ့တွင် တရားဝင်မှတ်ပုံတင်ရရှိသည့် ပါတီအားလုံးဟာ တန်းတူဖြစ်ပါတယ်။ လူအင်အားပိုများတဲ့ ပါတီကသာ လုပ်ပိုင်ခွင့်ထူးရမည်ဆိုလျှင် ပါတီစုံဒီမိုကရေစီဟာ အဓိပ္ပာယ်ရှိတော့မယ်မဟုတ်ပါ။ နောက်ပြီး တရားဝင်နိုင်ငံရေးပါတီတွင် ကြီးသည်၊ ငယ်သည်ဟူ၍ မရှိပါ။ အဖွဲ့ဝင်များသည့် ပါတီနှင့် နည်းသည့်ပါတီသာ ရှိပါတယ်။

(၃) သိသင့်တာမသိ ဖြစ်နေခြင်းကြောင့် ပါတီတိုင်း၊ နိုင်ငံသားတိုင်းနှင့် လူမှုရေးအဖွဲ့အစည်းမှအစ စစ်မှန်သည့် ဒီမိုကရေစီအသွင်ပြောင်းရေးတွင် အားလုံးတာဝန်ရှိသလို ထဲထဲဝင်ဝင် ပါဝင်နိုင်ကြောင်းလည်းမသိ ဖြစ်နေကြပါတယ်။

(၄) သိသင့်တာမသိဖြစ်နေခြင်းကြောင့် ထူးခြားသည့် ချင်းယဉ်ကျေးမှုဓလေ့ထုံးစံ၊ ချင်းစာပေနှင့် ဘာသာစကား၊ အနုပညာနှင့်ကိုးကွယ်သည့် ဘာသာမှအစ စောင့်ထိန်းပြီး ဖွံ့ဖြိုးတိုးတက်စေရန် ကျွန်တော်တို့ချင်းလူမျိုးနှင့် ချင်းပါတီတွင် အဓိက တာဝန်ရှိကြောင်းလည်း မသိနားမလည်ဖြစ်ကြတယ်။

အချုပ်ပြောရလျှင် အသိပညာပိုင်းဆိုင်ရာမှာ အားနည်းခြင်းကြောင့် ဆုံးရှုံးရသည့်အရာများဟာ လျစ်လျူရှုလို့မရ၊ ပေါ့ပေါ့တန်တန်ထားလို့မရသည့် နစ်နာဆုံးရှုံးမှုဖြစ်ပါတယ်။

ထို့ကြောင့် ချင်းတိုးတက်ရေးပါတီအနေဖြင့် ပြည်သူများက ရုပ်ပိုင်းဆိုင်ရာသာမက အသိပညာပိုင်းဆိုင်ရာမှာလည်း တိုးတက်နိုင်ရန် တတ်အားသရွေ့ ကြိုးစားသွားမည်ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ပျောက်ဆုံးလုနီးပါးဖြစ်တဲ့ တို့ချင်းတွေရဲ့မွန်မြတ်လှတဲ့ ရိုးရာဓလေ့တွေ၊ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုစသည်တို့ကို ဘယ်ပါတီ ဘယ်လူမျိုးကမှ ကာယကံရှင်ကျွန်ုပ်တို့ ချင်းလူမျိုးနှင့်ပါတီထက် ထိန်းသိမ်းကာကွယ်ပြီး ဖွံ့ဖြိုးတိုးတက်စေမည်မဟုတ်ပါ။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုချစ်မြတ်နိုးသူတိုင်း ချင်းတိုးတက်ရေးပါတီကို အားပေးကြပါ။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ရေးမက အသိပညာပိုင်းဆိုင်ရာမှာလည်း တိုးတက်ချင်သူတိုင်း ချင်းတိုးတက်ရေးပါတီကို အားပေးကြပါ။

# မဲစာရင်းများ နှစ်ပတ်ကြာကြေညာထားမည်ဖြစ်၍ ပြည်သူများ စိတ်ဝင်စားစွာကြည့်ရှု

**မကွေး စက်တင်ဘာ ၁၅**




၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် တိုင်းရင်းသားအားလုံး မဲပေးနိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြီးကြပ်ပြီး တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်များက အသေးစိတ်စာရင်းပြုစုထားသည့် တိုင်းရင်းသားပြည်သူအားလုံး၏ မဲစာရင်းများကို စက်တင်ဘာ ၁၄ ရက် နံနက်က စတင်ပြီး ရပ်ကွက်/ ကျေးရွာများ၌ ကြေညာထားရှိသည်။

အဆိုပါ မဲစာရင်းများတွင် ပါဝင်သူများသာ မဲပေးပိုင်ခွင့်ရှိသဖြင့် ပြည်သူများအနေဖြင့် မိမိတို့၏ အချက်အလက်များ မှန်ကန်မှု ရှိ/မရှိကို မကွေးမြို့ ဈေးလယ်စိုးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ လာရောက်ကြည့်ရှုလျက်ရှိကြောင်း တွေ့ရှိရသည်။ မဲစာရင်းများ သာမက ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်ပါတီနှင့် ကိုယ်စားလှယ်လောင်းများစာရင်းပါကြေညာထားရှိပါသည်။ မဲစာရင်းတွင် ပါဝင်သည့် အချက်အလက်များ မပါရှိခြင်း၊ မှားယွင်းခြင်း၊ ကန့်ကွက်ခြင်းများရှိနေပါက ချက်ချင်းစာရင်းကောက်ယူပြီး ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်သို့ စက်တင်ဘာ ၂၇ ရက်အထိ ပေးပို့လျှောက်ထားနိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

**ညီညီမောင်(မကွေး)**

# ရွေးကောက်ပွဲကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ငပုတော စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အေးချမ်းတည်ငြိမ်စွာ ကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းပွဲကို ငပုတောမြို့ ရွှေမြင်းတင်စေတီရှိ ဓမ္မာရုံ၌ စက်တင်ဘာ ၁၂ ရက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ငပုတောမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဦးစီးဌာနမှူးများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ဆွေးနွေးတင်ပြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးက ရွေးကောက်ပွဲလုံခြုံရေးစီမံထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ဆောင်ရွက်ထားသောလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးကျော်သူ(ပြန်/ဆက်)**

# မြန်အောင်မြို့နယ်၌ နိုင်ငံရေးပါတီငါးခု ယှဉ်ပြိုင်မည်

**မြန်အောင် စက်တင်ဘာ ၁၅**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် မြန်အောင်မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ် လေးနေရာအတွက် နိုင်ငံရေးပါတီ ငါးခုက ကိုယ်စားလှယ်လောင်း ၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်အောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

# မဲစာရင်းများထုတ်ပြန်ကြေညာ

**ရန်ကုန် စက်တင်ဘာ ၁၅**

၂၀၁၅ အထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ထုတ်ပြန်ကြေညာလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ထောက်ကြန့်(တိုးချဲ့) ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကာယကံရှင် မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းတွင် မိမိတို့အမည်စာရင်း ပါ/မပါ လာရောက်ကြည့်ရှုနေသည်ကို စက်တင်ဘာ ၁၄ ရက်က တွေ့ရသည်။ မိမိနာမည်မပါလျှင် သတ်မှတ်ထားသည့်ပုံစံများနှင့် ပြန်လျှောက်ရမည်ဖြစ်သည့်အတွက် မဲဆန္ဒရှင်များကိုယ်တိုင် လာရောက်ကြည့်ရှုကြရန် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ပြောကြားခဲ့သည်။

**ခင်ဇော်(မင်္ဂလာ)**

